# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


> **ခန္ဓါငါးပါးကို မပြတ်ရှုမြင်**
>
> ခန္ဓါငါးပါးတို့၏ အဖြစ်အပျက်ကို မရှုမမြင်ဘဲ အနှစ်တစ်ရာ ပတ်လုံး အသက်ရှည်ရခြင်းထက် ခန္ဓါငါးပါးတို့၏ အဖြစ်အပျက်ကို မပြတ်ရှုမြင်ရသော ပုဂ္ဂိုလ်၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။
>
> သဟဿဝဂ် (ဓမ္မပဒ – ၁၁၃)


၁၃၈၁ ခုနှစ်၊ တပို့တွဲလပြည့်နေ့ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီ ၈ ရက်၊ စနေနေ့ အတွဲ (၅၉)၊ အမှတ်(၁၃၁)


## နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို (၇၃) နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားသို့ တက်ရောက်



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် (၇၃)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အထိမ်းအမှတ် နှုတ်ခွန်းဆက်အမှာစကား ပြောကြားစဉ်။

သတင်းစဉ်

**တောင်ကြီး ဖေဖော်ဝါရီ ၇**

(၇၃)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် တောင်ကြီးမြို့ရှိ အဝေရာ မီးပုံးပျံကွင်း၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့ တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဒေါက်တာအောင်သူ၊ ဦးအုန်းဝင်း၊ ဦးဝင်းခိုင်၊ ဦးအုန်းမောင်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးကြွယ်ကြွယ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လင်းအောင်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊

*စာမျက်နှာ ၄ ကော်လံ ၁* ❄

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံဆိုင်ရာ ကနေဒါသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံဆိုင်ရာ ကနေဒါသံအမတ်ကြီး မစ္စတာ ဖရန့်ဆွာ လက်ဖရက်နီးရဲခ် အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

သတင်းစဉ်

**နေပြည်တော် ဖေဖော်ဝါရီ ၇**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံဆိုင်ရာ ကနေဒါသံအမတ်ကြီး မစ္စတာ ဖရန့်ဆွာ လက်ဖရက်နီးရဲခ် အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ–ကနေဒါ နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကနေဒါနိုင်ငံမှ ဆက်လက်ကူညီပေးနိုင်မည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**




မြန်မာ့အလင်း

# စွန့်ပစ်ပစ္စည်းကင်းစင်သည့် လူ့ဘောင်ဆီ

မြန်မာနိုင်ငံ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်(၂၀၁၈-၂၀၃၀) မကြာမီက ပေါ်ထွက်လာသည်။ ယင်းမဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ်ကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအပါအဝင် ဝန်ကြီးဌာန ၁၉ ခု၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်သူ/ပုဂ္ဂလိက/ပညာရှင်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ အဓိကပါဝင်ပတ်သက်သူများ၊ ပြည်တွင်းနှင့် နိုင်ငံတကာမှ အကြံပေးပုဂ္ဂိုလ်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများ အားသွန်ခွန်စိုက် ပူးပေါင်းကြိုးပမ်းကာ ရေးဆွဲခဲ့ကြခြင်း ဖြစ်သည်ဟု သိရသည်။

စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုဆိုသော ဝေါဟာရက မိမိတို့ပြည်သူအများစု မရင်းနှီးသေးသည့် ဝေါဟာရ ဖြစ်ကောင်းဖြစ်နိုင်သည်။ အမှိုက်ဟု ဆိုလျှင်တော့ နားလည်လွယ်နိုင်သည်။ သို့ရာတွင် စွန့်ပစ်ပစ္စည်းဟု ဆိုရာတွင် အစိုင်အခဲစွန့်ပစ်ပစ္စည်း၊ စွန့်ပစ်အရည်နှင့် စွန့်ထုတ်ရေထုတ်လွှတ်အခိုးအငွေ့တို့ လွှမ်းခြုံပါဝင်နေသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင် သမားရိုးကျနည်းလမ်းနှင့် ရေရှည်ကောင်းမွန်သော နည်းလမ်းဟူ၍ နှစ်မျိုးရှိသည်။ သမားရိုးကျစွန့်ပစ်ပစ္စည်း စီမံခန့်ခွဲခြင်းတွင် သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် စွန့်ပစ်ခြင်းတို့ပါဝင်ပြီး ရေရှည်ကောင်းမွန်သော စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင် စွန့်ပစ်ပစ္စည်းထွက်ရှိမှု လျှော့ချခြင်း(Reduce)၊ ပြန်လည်အသုံးပြုခြင်း(Reuse)၊ ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်း (Recycle) တို့ ပါဝင်သည်။

မြန်မာနိုင်ငံတွင် လက်ရှိအခြေအနေအရ သမားရိုးကျ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု နည်းလမ်းဖြစ်သည့် စွန့်ပစ်ပစ္စည်း(အမှိုက်)များကို သိမ်းဆည်းခြင်း၊ စွန့်ပစ်မည့်နေရာသို့ သယ်ယူပို့ဆောင်ခြင်းနှင့် စွန့်ပစ်ခြင်းတို့ကို ဆောင်ရွက်နေရပြီး လူဦးရေတိုးပွားလာခြင်း၊ စီးပွားရေးတိုးတက်လာခြင်းတို့ကြောင့် စွန့်ပစ်ပစ္စည်းများ များပြားလာသော်လည်း တစ်ဖက်တွင်မူ ထိရောက်သော စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုစနစ်၊ သင့်လျော်သော အခြေခံအဆောက်အအုံ၊ မတည်ရင်းနှီးငွေ၊ ဘဏ္ဍာရေး၊ လူ့စွမ်းအားအရင်းအမြစ်တို့ ချို့တဲ့နေပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ မူဝါဒများနှင့် စည်းမျဉ်းစည်းကမ်းများ အားနည်းနေ ခြင်းကြောင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ စိန်ခေါ်မှုအများအပြား ကြုံတွေ့နေရကြောင်း သိရသည်။ မြန်မာနိုင်ငံ၏ အဓိကမြို့ကြီး သုံးမြို့ဖြစ်သော နေပြည်တော်၊ ရန်ကုန်၊ မန္တလေးတို့တွင် နေ့စဉ် စွန့်ပစ်ပစ္စည်းထွက်ရှိမှု သိသိသာသာ မြင့်တက်နေပြီး ပြည်သူလူထုကျန်းမာရေးကို ထိခိုက်စေမှုနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများ ဖြစ်ပေါ်စေလျက်ရှိကြောင်း၊ မြို့နယ်အများစုတွင် ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းပမာဏ သုံးပုံတစ်ပုံမှ သုံးပုံနှစ်ပုံခန့်ကို စနစ်တကျ သိမ်းဆည်းခြင်းနှင့် စွန့်ပစ်ခြင်းမရှိသည့်အပြင် စွန့်ပစ်ပစ္စည်းများကို အနီးပတ်ဝန်းကျင်ရှိ မြေလွတ်များ၊ လမ်းများနှင့် မြစ်ချောင်းအင်းအိုင်များ၊ ကန်များတွင် မကြာခဏစွန့်ပစ်ခြင်း၊ မီးရှို့ခြင်းများကြောင့် မြေပေါ်နှင့် မြေအောက်ရှိ ရေများကို ညစ်ညမ်းမှုဖြစ်ပေါ်စေလျက်ရှိကြောင်း၊ စက်မှုစွန့်ပစ်ပစ္စည်းများနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများလည်း များပြားလာကြောင်း မဟာဗျူဟာ ရှင်းလင်းချက်တွင် ဖော်ပြထားသည်။

အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်သည် စွန့်ပစ်ပစ္စည်းလုံးဝကင်းစင်သော လူ့ဘောင်အဖွဲ့အစည်းတစ်ခု ဖြစ်ပေါ်လာရေးအတွက် ဦးတည်ပြီး ကာလတိုရည်မှန်းချက်များကို (၂၀၁၈ မှ ၂၀၂၀ ထိ)၊ ကာလလတ်ရည်မှန်းချက်များကို (၂၀၂၁ မှ ၂၀၂၅ ထိ)၊ ကာလရှည်ရည်မှန်းချက်များကို (၂၀၂၅ မှ ၂၀၃၀ ထိ) ဟူ၍ သတ်မှတ်ထားသည်။ လက်ရှိအသုံးပြုနေသည့် သမားရိုးကျစွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု စနစ်ကို ရေရှည်တည်တံ့ခိုင်မြဲပြီး အကျိုးဖြစ်ထွန်းသည့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုစနစ်သို့ ပြောင်းလဲကျင့်သုံးသွားခြင်းအားဖြင့် ၂၀၃၀ ပြည့်နှစ်တွင် စွန့်ပစ်ပစ္စည်းကင်းစင်ခြင်း၊ အရင်းအမြစ်များကို အကျိုးရှိစွာအသုံးချနိုင်ခြင်း၊ ရေရှည်တည်တံ့သည့် လူ့ဘောင်အဖွဲ့အစည်းကိုရရှိခြင်း စသည့်ရလဒ်များကို ရရှိရန် ရည်မှန်းထားသည်။

စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု ပြည့်စုံကောင်းမွန်သည်နှင့်အမျှ သန့်ရှင်း၍ ဘေးအန္တရာယ်ကင်းသည့် ဝန်းကျင်များကို ဖန်တီးပေါ်ထွန်းလာစေပြီး ပြည်သူများ ကျန်းမာရေးအတွက်၊ ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်ရေးအတွက်၊ စီးပွားရေးလုပ်ကိုင်ရန်နှင့် ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာရန်အတွက် စသည့် ရလဒ်ကောင်းများ ရရှိလာနိုင်မည်ဖြစ်သည်။ အမျိုးသားအဆင့် မဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ်ဖြစ်သည့်အလျောက် တစ်မျိုးသားလုံးက အမျိုးသားရေးအသွင် ပါဝင်ဆောင်ရွက်ခြင်းအားဖြင့် မျှော်မှန်းထားသည့် ၂၀၃၀ ပြည့်နှစ်တွင် စွန့်ပစ်ပစ္စည်းကင်းစင်သည့် လူ့အဖွဲ့အစည်းနှင့် သန့်ရှင်းလှပသည့် ပတ်ဝန်းကျင်တို့ ပေါ်ထွန်းလာမည်ဟု ယုံကြည်မိပါကြောင်း။ ။




## ၂၀၂၀ ပြည့်နှစ်၊ (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပြည်ထောင်စုစိတ်ဓာတ်အရင်းခံ၍ အောင်မြင်သည်အထိ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(၃) တရားဥပဒေစိုးမိုးရေး၊ မှန်ကန်သည့်တရားစီရင်ရေးနှင့် နိုင်ငံသားများဘေးကင်းလုံခြုံရေးတို့အတွက် တိုင်းရင်းသားအားလုံး၏ စုပေါင်းအင်အားဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၄) မူးယစ်ဆေးဝါးအန္တရာယ်ကို အမျိုးသားရေးတာဝန်အဖြစ် ကြိုတင်တားဆီးကာကွယ်ခြင်းဖြင့် ပြည်သူများ၏ လူမှုအဆင့်အတန်း တိုးတက်မြင့်မားစေရေး။

(၅) စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့်ကိုက်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေး။



# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် မြန်မာနိုင်ငံဆိုင်ရာ ကနေဒါနိုင်ငံသံအမတ်ကြီး မစ္စတာဖရန့်ဆွာ လက်ဖရက်နီးရဲခ် အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် မြန်မာနိုင်ငံဆိုင်ရာ ကနေဒါနိုင်ငံ သံအမတ်ကြီး မစ္စတာဖရန့်ဆွာ လက်ဖရက်နီးရဲခ်အား ယနေ့ မွန်းလွဲ ၃ နာရီက နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**


တွေ့ဆုံစဉ် နှစ်နိုင်ငံလွှတ်တော်အချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုပိုမိုမြှင့်တင်ရေး၊ လွှတ်တော်တွင်း အမျိုးသမီးများ၏ အခန်းကဏ္ဍ မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေး၊ လွှတ်တော်ကိုယ်စားလှယ်များ အရည်အသွေးမြှင့်တင်ရေးနှင့် ဒီမိုကရေစီဖက်ဒရယ်စနစ်ဆိုင်ရာ အတွေ့အကြုံများအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

သတင်းစဉ်

## အားလုံးနဲ့ သက်ဆိုင်တဲ့အလုပ်

အချင်းချင်း သဘောကွဲလွဲမှုမျိုးဆိုတာကတော့ နည်းနည်းပါးပါးတော့ရှိမှာပဲ။ ဒါပေမယ့် သူတစ်ပါးနိုင်ငံက ကိုယ့်နိုင်ငံကို လာရောက်စော်ကားလို့ အသက်ကိုစွန့်ပြီး မလျှော့တမ်း ကာကွယ်တိုက်ခိုက်ကြတာမျိုး ကတော့ အားလုံးနဲ့သက်ဆိုင်တဲ့ အလုပ်မျိုးဖြစ်တာပဲ။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၁-၂-၁၉၄၇ ရက်နေ့ည ပင်လုံမြို့၌ စော်ဘွားများ တည်ခင်းကျွေးမွေးသော ထမင်းစားပွဲ တွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံအမတ်ကြီး မစ္စတာ လီကွတ်ဝ်သွမ်အား လက်ခံတွေ့ဆုံ

### နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၇**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ် သံအမတ်ကြီး မစ္စတာ လီကွတ်ဝ်သွမ်အား ယနေ့ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် အထူးသဖြင့် အာဆီယံနှင့် ကုလသမဂ္ဂတို့တွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံအမတ်ကြီး မစ္စတာ လီကွတ်ဝ်သွမ်အား လက်ခံတွေ့ဆုံစဉ်။

သတင်းစဉ်

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း မြန်မာနိုင်ငံဆိုင်ရာ ကနေဒါနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဖေဖော်ဝါရီ ၇**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် မြန်မာနိုင်ငံဆိုင်ရာ ကနေဒါနိုင်ငံ သံအမတ်ကြီး မစ္စတာ ဖရန့်ဆွာ လက်ဖရက်နီးရဲခ် အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် မြန်မာ-ကနေဒါ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ လွှတ်တော်၏ ဥပဒေပြုရေးဆိုင်ရာ လုပ်ငန်းစဉ်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကိစ္စရပ်များ၊ ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ ဒီမိုကရေစီဖက်ဒရယ်စနစ်ထွန်းကားရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

❍ *ကျောဖုံးမှ*

UPF ၏ အာရှပစိဖိတ်ဒေသဆိုင်ရာဥက္ကဋ္ဌ Mr. Ek Nath Dhakal ၊ သံရုံးဝန်ထမ်းများနှင့် မိသားစုဝင်များက ပို့ဆောင်နှုတ်ဆက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့သည် နံနက် ၅ နာရီ မိနစ် ၅၀ တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

သတင်းစဉ်

## အမျိုးသားလွှတ်တော်သို့ လာရောက်ကြည့်ရှုလေ့လာ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ သင်တန်းကျောင်းတွင် သင်တန်းတက်ရောက်လျက်ရှိသည့် စာရင်းစစ်-၃ များ လုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းအမှတ်စဉ်-၅၀ မှ သင်တန်းအုပ်ချုပ်သူနှင့် သင်တန်းသားသင်တန်းသူများ စုစုပေါင်း ၁၂၅ ဦးတို့သည် အမျိုးသားလွှတ်တော်သို့ လာရောက်လေ့လာကြသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အစည်းအဝေးစတင်ကျင်းပသည့်ရက်မှ ယနေ့အထိ အမျိုးသားလွှတ်တော်သို့ လာရောက်သည့် ဧည့်သည်စုစုပေါင်းမှာ ပြည်တွင်းဧည့်သည် ၂၂၃၁ ဦးနှင့် ပြည်ပဧည့်သည် ၂၃၀၃ ဦး ရှိကြောင်း၊ လွှတ်တော်သို့ လာရောက်လေ့လာလိုပါက ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့် အမျိုးသားလွှတ်တော်ရုံးတို့မှ သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များထံ လိပ်မူ၍ သုံးရက်ကြိုတင်ပေးပို့နိုင်ပါကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် (၇၃)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အထိမ်းအမှတ် အခမ်းအနားတွင် တက်ရောက်လာကြသည့် ဒေသခံတိုင်းရင်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။ သတင်းစဉ်

❄ *ရှေ့ဖုံးမှ*

လွှတ်တော် ကိုယ်စားလှယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသ ဦးစီးဥက္ကဋ္ဌများ၊ တိုင်းရင်းသား ခေါင်းဆောင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသား မျိုးနွယ်စုများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များလည်း တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ (၇၃) နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ဖတ်ကြားသည်။

**နှုတ်ခွန်းဆက်အမှာစကားပြောကြား**

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က (၇၃)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အထိမ်းအမှတ် နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။

**(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ပြောကြားသည့် (၇၃) နှစ်မြောက် ရှမ်းပြည်နယ်နေ့ အထိမ်းအမှတ် နှုတ်ခွန်းဆက်အမှာစကား အပြည့်အစုံကို စာမျက်နှာ-၆ တွင် သီးခြားဖော်ပြထားပါသည်။)**

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

အခမ်းအနားအပြီးတွင် နိုင်ငံတော် သမ္မတသည် တက်ရောက်လာကြသည့် ဒေသခံတိုင်းရင်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ကချင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးဇုတ်ဒေါင်၊ လီဆူတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးဂူဆာ၊ အင်းသားတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဒေါက်တာထွန်းလှိုင်၊ အာခါတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးအာဇေလှတို့က (၇၃) နှစ်မြောက် ရှမ်းပြည်နယ်နေ့ အထိမ်းအမှတ် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုပြခန်းများနှင့် ဌာနဆိုင်ရာပြခန်းများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်တို့သည် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များနှင့် လည်းကောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များနှင့် လည်းကောင်း စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့် အဖွဲ့သည် တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၏ ကပြဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြပြီး (၇၃)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အထိမ်းအမှတ် တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ပြခန်းများနှင့် ဌာနဆိုင်ရာပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

**ဖူးမြော်ကြည်ညို**

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့် အဖွဲ့သည် တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ်သို့ ရောက်ရှိပြီး လွိုင်လင်မြို့ ဓာတ်တော်ကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တ ပညာနန္ဒနှင့် ကမ္ဘာ့ဗုဒ္ဓသာသနာပြုအောက်စဖို့ဒ်ဆရာတော် ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ် ဦးစီးတည်ထောင်သူ ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တ ဓမ္မသာမိ အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ်အတွက် အလှူငွေကျပ် ဆယ်သိန်း လှူဒါန်းသည်။

**နေ့ဆွမ်းဆက်ကပ်**

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးသည် ရှမ်းပြည်နယ်ဗုဒ္ဓတက္ကသိုလ် တည်ထောင်ဖွင့်လှစ်ခြင်း ၄ နှစ်ပြည့် အထိမ်းအမှတ် ကံ့ကော်ပင်ကို စိုက်ပျိုးပေးကြပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့် အဖွဲ့သည် တောင်ကြီးမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာရာ ညောင်ရွှေမြို့သို့ ရောက်ရှိကြသည်။

**ရှင်းလင်းတင်ပြ**

နိုင်ငံတော်သမ္မတအား Inle Princess Resort ဟိုတယ်၌ အင်းသားတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာထွန်းလှိုင်၊ သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်လွင်၊ ပြည်နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဦးတို့က အင်းလေးကန် ရေဝေရေလဲဒေသ ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ၊ နုန်းများဆယ်ယူနေမှုနှင့် နုန်းတားဆည်များဖြင့် နုန်းပို့ချမှုနည်းပါးအောင် ဆောင်ရွက်ထားရှိမှုအခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**နိုင်ငံတော်၏ ပြယုဂ်**

နိုင်ငံတော်သမ္မတက တင်ပြချက်များနှင့် စပ်လျဉ်း၍ အင်းလေးကန်သည် ရှမ်းပြည်နယ်နှင့် နိုင်ငံတော်၏ ပြယုဂ်ဖြစ်ပါကြောင်း၊ အင်းလေးကန်၏ ရေဝပ်ဧရိယာနှင့် ရေထိန်းသိမ်းနိုင်မှုသည် တဖြည်းဖြည်း လျော့နည်းလာနေပါကြောင်း၊ ယင်းစိန်ခေါ်မှုကို ပြည်နယ်အစိုးရ၊ ဌာနဆိုင်ရာများနှင့်

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်နှင့် ပြည်နယ်ဝန်ကြီးများက (၇၃)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အထိမ်းအမှတ် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပြခန်းများနှင့် ဌာနဆိုင်ရာပြခန်းများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ သတင်းစဉ်

*စာမျက်နှာ ၄ မှ*
ဒေသခံပြည်သူအားလုံး ဝိုင်းဝန်းပူးပေါင်းဖြေရှင်းမှ အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း၊ အင်းလေးကန်သည် မိုးဖြဲဆည်၊ လောပိတရေအားလျှပ်စစ်ထုတ်လုပ်မှုတို့နှင့် ဆက်စပ်နေပါကြောင်း၊ အင်းလေးကန် ရေဝင်ရောက်မှု၊ ရေထိန်းသိမ်းနိုင်မှု နည်းပါးပါက လောပိတရေအားလျှပ်စစ် ထုတ်လုပ်နိုင်မှုသည်လည်း နည်းပါးသွားမည်ဖြစ်ပါကြောင်း။

**ထိန်းသိမ်းစောင့်ရှောက်**

ပတ်ဝန်းကျင် ကျေးရွာများရှိ စိုက်ပျိုးရေး လုပ်ငန်းများတွင် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ သုံးစွဲမှုကြောင့် အင်းလေးကန်ရေသည် လုံလောက်သည့် သန့်ရှင်းမှု မရှိတော့ပါကြောင်း၊ အင်းလေးကန် ရေရှည်တည်တံ့ရေးအတွက် ပြည်နယ်အစိုးရနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဥပဒေနှင့်အညီ ကြပ်မတ်ဆောင်ရွက်သွားရမည် ဖြစ်ပြီး ဒေသခံများ နားလည်သဘောပေါက်အောင် အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် မိမိဒေသကဲ့သို့ သဘောထားပြီး စေတနာထား၍ အင်းလေးကန် ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းစောင့်ရှောက်သွားရန်လိုကြောင်း မှာကြားသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် နိုင်ငံတော်သမ္မတသည် စက်လှေဖြင့် အင်းလေးကန်အတွင်း အင်းလေးကန် ရေဝေရေလဲဒေသ ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ထားမှု အခြေအနေကို လှည့်လည်ကြည့်ရှုသည်။

**လှူဒါန်း**

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့် အဖွဲ့သည် ဖောင်တော်ဦးမြတ်စွာဘုရား ရတနာစံကျောင်းတော်သို့ ရောက်ရှိကြပြီး ကျောင်းတော်အတွင်း ကိန်းဝပ်စံပယ်တော်မူသည့် အင်းလေးဖောင်တော်ဦး ရုပ်ရှင်တော်မြတ် ၅ ဆူတို့အား ဖူးမြော်ကြည်ညို ရွှေသင်္ကန်းကပ်လှူပြီး အလှူငွေကျပ် ၅ သိန်းကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ညောင်ရွှေမြို့ရှိ သမိုင်းဝင် ဟော်နန်းပြတိုက်သို့ ရောက်ရှိကြပြီး ပြတိုက်အတွင်း လှည့်လည်ကြည့်ရှု လေ့လာကြသည်။

**ဆုငွေများ ပေးအပ်ချီးမြှင့်**

ညပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့် အဖွဲ့သည် ရှမ်းပြည်နယ်အစိုးရအဖွဲ့က တည်ခင်းဧည့်ခံသည့် (၇၃)နှစ်မြောက် ရှမ်းပြည်နယ်နေ့ ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ကြပြီး ရိုးရာယဉ်ကျေးမှုအဖွဲ့များ၏ ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကာ ဆုငွေများ ပေးအပ်ချီးမြှင့်သည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အင်းလေးဖောင်တော်ဦး ရုပ်ရှင်တော်မြတ် ၅ ဆူတို့အား ဖူးမြော်ကြည်ညိုစဉ်။

သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို ညောင်ရွှေမြို့ရှိ သမိုင်းဝင် ဟော်နန်းပြတိုက်အတွင်း ကြည့်ရှုလေ့လာစဉ်။ သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို (၇၃)နှစ်မြောက် ရှမ်းပြည်နယ်နေ့ ဂုဏ်ပြုညစာစားပွဲတွင် ကပြဖျော်ဖြေကြသည့် ရိုးရာယဉ်ကျေးမှုအဖွဲ့များအား ဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။ သတင်းစဉ်

# ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးတို့အတွက် ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံကာ ကျော်လွှားဖြတ်သန်းကြရမှာဖြစ်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် (၇၃) နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားတွင် ပြောကြားသည့် နှုတ်ခွန်းဆက်စကား (၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၇ ရက်)

(၇၃) နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားကို တက်ရောက်လာကြတဲ့ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး **"မိုင်ဆွန်ခ"** ပါ။ မင်္ဂလာ အပေါင်းနဲ့ ခညောင်းကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

(၇၃) နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားကို တက်ရောက်ပေးဖို့ ဖိတ်ကြားတဲ့ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နဲ့ အစိုးရအဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်ကို ရောက်ရှိလာချိန်မှာ လှိုက်လှဲပျူငှာစွာ ကြိုဆိုနှုတ်ဆက်ကြတဲ့ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ အားလုံးကို ကျေးဇူးအထူးတင်ရှိကြောင်း ဦးစွာပဏာမ ပြောကြားလိုပါတယ်။

ရှမ်းပြည်နယ်နေ့ဟာ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုကြီးအတွက် ထူးခြားလေးနက်တဲ့ နိုင်ငံရေးအဓိပ္ပာယ်တွေ၊ နိုင်ငံရေးအနှစ်သာရတွေ ပြည့်စုံနေတဲ့ နေ့တစ်နေ့ပဲဖြစ်ပါတယ်။ လွန်ခဲ့တဲ့ (၇၃) နှစ်က ဒီနေ့လို ဖေဖော်ဝါရီလ ၇ ရက်နေ့မှာ ရှမ်းတိုင်းရင်းသား ခေါင်းဆောင်ကြီးတွေဟာ အခြားသော တောင်တန်းဒေသနေ ချင်း၊ ကချင်တိုင်းရင်းသားခေါင်းဆောင်ကြီးတွေနဲ့ ညှိနှိုင်းတိုင်ပင်ပြီးတော့ ပြည်မနဲ့အတူတကွ လွတ်လပ်ရေး ရယူကြမယ်ဆိုတဲ့ ပြည်ထောင်စုထူထောင်ရေးအတွက် အရေးကြီးလှတဲ့ သမိုင်းဝင်ဆုံးဖြတ်ချက်ကို စိတ်တူကိုယ်တူ ဆန္ဒတူနဲ့ ချမှတ်ခဲ့တဲ့နေ့ ဖြစ်ပါတယ်။ ဒီလိုမျိုး ပြည်ထောင်စုတစ်ခုတည်းမှာ ပါဝင်ပူးပေါင်းကြမယ်လို့ ပြည်ထောင်စုစိတ်ဓာတ်နဲ့ ဆုံးဖြတ်ခဲ့တဲ့နေ့ကို ဂုဏ်ပြုပြီး ဖေဖော်ဝါရီလ (၇) ရက်ကို ရှမ်းပြည်နယ်နေ့အဖြစ် သတ်မှတ်ကာ အထိမ်းအမှတ် အခမ်းအနားတွေ ကျင်းပပြုလုပ်လာခဲ့တာ အခုဆိုရင် (၇၃) နှစ် ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါတယ်။

ဒါပေမယ့် ကျွန်တော်တို့ရဲ့ တိုင်းရင်းသားခေါင်းဆောင်ကြီးတွေရဲ့ အိပ်မက်ဖြစ်တဲ့ စည်းလုံးညီညွတ်မှု၊ တန်းတူညီမျှမှု၊ ဒီမိုကရေစီအခွင့်အရေးနဲ့

> **"တိုင်းရင်းသား ညီအစ်ကိုမောင်နှမတွေအားလုံး နှစ်ပေါင်းများစွာ လိုလားတောင့်တနေတဲ့ ဒီမိုကရေစီအခွင့်အရေး၊ အခြေခံလူ့အခွင့်အရေး၊ တန်းတူညီမျှရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေး အတွက် အားလုံးသဘောတူ လက်ခံနိုင်တဲ့ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီး ဖြစ်ထွန်း ပေါ်ပေါက်လာဖို့အတွက် နိုင်ငံတစ်ဝန်းလုံးက တိုင်းရင်းသားများက ပူးပေါင်းပါဝင်ကြဖို့ အထူးလိုအပ်"**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် (၇၃) နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားတွင် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။

ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ကို အခြေခံတဲ့ ပြည်ထောင်စုကြီးကို ဒီကနေ့ ဒီအချိန်ထိ တည်ဆောက်နိုင်ခြင်း မရှိသေးပါဘူး။ လွတ်လပ်ရေးရပြီးကတည်းက တိုင်းရင်းသားအချင်းချင်း သံသယတွေ၊ မယုံကြည်မှုတွေနဲ့ စိတ်ဝမ်းကွဲပြားခဲ့ရာမှ လက်နက်ကိုင်နည်းလမ်းနဲ့ ဖြေရှင်းခဲ့ကြတဲ့အတွက် တစ်နိုင်ငံလုံး ဒုက္ခပင်လယ်ဝေခဲ့ရပါတယ်။ အစိုးရအဆက်ဆက်အနေနဲ့ ငြိမ်းချမ်းရေး အတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပေမယ့် အကြောင်းအမျိုးမျိုးကြောင့် အောင်မြင်မှု မရရှိခဲ့ပါဘူး။

ဒီကနေ့ဒီအချိန်မှာ ကျွန်တော်တို့နိုင်ငံဟာ ဒီမိုကရေစီအသွင်ကူးပြောင်းရေး လမ်းကြောင်းပေါ်မှာ တစ်ဆင့်ပြီးတစ်ဆင့် တက်လှမ်းနေပြီဖြစ်ပါတယ်။ ဒါပေမယ့် ထွန်းသစ်စဒီမိုကရေစီဟာ ရင့်ကျက်ခိုင်မာပြီး ရေရှည်တည်တံ့ဖို့ဆိုရင် ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးဟာ ဒွန်တွဲပြီး အလွန် အရေးကြီးတယ်ဆိုတာကို အားလုံးက လက်ခံနားလည်ထားကြပြီး ဖြစ်ပါတယ်။ ဒါကြောင့်လည်း ကျွန်တော်တို့အစိုးရအနေနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ပြည်ထောင်စု ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဦးစားပေးများအဖြစ် သတ်မှတ်ပြီး ကြိုးပမ်းဆောင်ရွက်နေတာ ဖြစ်ပါတယ်။

ဒီလို ကြိုးပမ်းဆောင်ရွက်ရာမှာလည်း ကျွန်တော်တို့ရဲ့ ပြည်ထောင်စုဖွား တိုင်းရင်းသားတွေအားလုံး ကျေနပ်လက်ခံ၊ ဂုဏ်ယူနိုင်မယ့် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ဖို့အတွက် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ- (၂၁) ရာစုပင်လုံအစည်းအဝေးမှာ အခြေခံမူတွေ ချမှတ်နိုင်ဖို့ ကြိုးပမ်းဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ရှေ့ဆက်မယ့် ခရီးလမ်းမှာလည်း အခက်အခဲတွေ၊ စိန်ခေါ်မှုတွေကတော့ အများကြီး ရှိနေမှာပါ။ ဒါကိုလည်း အပြန်အလှန် နားလည်မှု၊ အပြန်အလှန်လေးစားမှုနဲ့ အပြန်အလှန် ယုံကြည်မှု တွေကို အခြေခံပြီး ဘုံသဘောတူညီချက်တွေရရှိအောင် ညှိနှိုင်းသွားကြရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့အစိုးရအနေနဲ့ ပြည်ထောင်စုအတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားအားလုံး ဥမကွဲသိုက်မပျက် စုစည်းနေထိုင်နိုင်ဖို့ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်တည်ဆောက်ရန် ယခင်ကတည်းကိုက ခံယူချက်ထားရှိပြီးဖြစ်ပါတယ်။ ကျွန်တော်တို့အစိုးရအနေနဲ့ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်နိုင်ဖို့ ခိုင်မာတဲ့ သန္နိဋ္ဌာန်နဲ့ ရှေ့ကို ဆက်ပြီး လျှောက်လှမ်းသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ တိုင်းရင်းသား ညီအစ်ကိုမောင်နှမတွေအားလုံး နှစ်ပေါင်းများစွာ လိုလားတောင့်တနေတဲ့ ဒီမိုကရေစီအခွင့်အရေး၊ အခြေခံလူ့အခွင့်အရေး၊ တန်းတူညီမျှရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးအတွက် အားလုံးသဘောတူ လက်ခံနိုင်တဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ဖြစ်ထွန်းပေါ်ပေါက်လာဖို့အတွက် နိုင်ငံတစ်ဝန်းလုံးက တိုင်းရင်းသားများက ပူးပေါင်းပါဝင်ကြဖို့ အထူးလိုအပ်လှပါတယ်။

ကျွန်တော်တို့အားလုံးဟာ ပြည်ထောင်စုသားတွေ ဖြစ်ကြတဲ့အတွက် တစ်ဦးနဲ့တစ်ဦး နားလည်မှု၊ ယုံကြည်မှု၊ လေးစားမှုတွေကို တိုးမြှင့် တည်ဆောက်ရင်း နိုင်ငံရေး တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုတွေကတစ်ဆင့် ကြိုးပမ်းကြရန် အထူးပဲ အရေးကြီးလှပါတယ်။ တိုင်းရင်းသားလူမျိုးများ အားလုံးအနေနဲ့လည်း ပြည်ထောင်စုကြီးရဲ့ အနာဂတ်အတွက် အရေးကြီးလှတဲ့ (၂၁) ရာစုပင်လုံ နိုင်ငံရေးစားပွဲဝိုင်းတွေမှာ သဘောထားကြီးခြင်း၊ သည်းခံခြင်း၊ စေ့စပ်ညှိနှိုင်းအဖြေရှာခြင်းတို့ဖြင့် ပူးပေါင်းပါဝင်ကြဖို့ အလေးအနက် တိုက်တွန်းပြောကြားလိုပါတယ်။

ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးတို့အတွက် ဘယ်လိုအခက်အခဲတွေပဲ ကြုံလာကြုံလာ၊ ဘယ်လိုအကျပ်အတည်းတွေပဲ တွေ့ရတွေ့ရ ကျွန်တော်တို့အားလုံး ပြင်းထန်သောဆန္ဒ၊ မလျှော့သောဝီရိယ၊ ခိုင်မာသောစိတ်ဓာတ်၊ အမှားအမှန်ခွဲခြား သိမြင်သော ဉာဏ်ပညာအမြော်အမြင်တို့နဲ့ ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံကာ ကျော်လွှားဖြတ်သန်းကြရမှာ ဖြစ်ပါတယ်။

လွန်ခဲ့တဲ့ (၇၃) နှစ်က ရရှိခဲ့တဲ့ ပင်လုံစိတ်ဓာတ်လို စည်းလုံးညီညွတ်မှုမျိုး ကို ပြန်လည်ဖော်ထုတ်နိုင်ကြပါစေ၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ကြီး တည်ဆောက်ရေး ရည်မှန်းချက်ပန်းတိုင်ကို တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးက တက်ညီလက်ညီ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ပေးနိုင်ကြ ပါစေ၊ ရှမ်းပြည်နယ်သူ၊ ပြည်နယ်သားများအပါအဝင် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး ကောင်းကျိုးချမ်းသာ လိုရာဆန္ဒ ပြည့်ဝကြပါစေ၊ ရှမ်းပြည်နယ်နဲ့တကွ ပြည်ထောင်စုကြီးတစ်ခုလုံး ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းနဲ့ နိဂုံးချုပ်လိုက် ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အိန္ဒိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့ တွေ့ဆုံ



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အိန္ဒိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး Bipin Rawat တို့ တွေ့ဆုံဆွေးနွေးစဉ်။

ဓာတ်ပုံ – တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

**နေပြည်တော် ဖေဖော်ဝါရီ ၇**

အိန္ဒိယသမ္မတနိုင်ငံ၌ ရောက်ရှိနေသော ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အိန္ဒိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး Bipin Rawat တို့သည် ယမန်နေ့နံနက်ပိုင်းတွင် (၁၁) ကြိမ်မြောက် ကာကွယ်ရေးပစ္စည်းများပြပွဲ (DefExpo India–2020) ကျင်းပသည့် ဧရိယာရှိ အိန္ဒိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ ယာယီဧည့်ခန်းဆောင်၌ တွေ့ဆုံကြသည်။

တွေ့ဆုံစဉ် တပ်မတော် နှစ်ရပ်အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုများကို ပိုမိုတိုးတက်ခိုင်မာလာစေရေးအတွက် မြှင့်တင်ဆောင်ရွက်ရေး၊ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များအား ပိုမိုတိုးမြှင့်ဆောင်ရွက်သွားကြရန်နှင့် နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် DefExpo India – 2020 ပြပွဲတွင် ဖွင့်လှစ်ပြသထားသည့် အိန္ဒိယနိုင်ငံ ကာကွယ်ရေးဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့အစည်း(DRDO)၏ တီထွင်စမ်းသပ် ထုတ်လုပ်ထားသည့် ကာကွယ်ရေးပစ္စည်းများ၊ အိန္ဒိယနိုင်ငံ ပုဂ္ဂလိက ကာကွယ်ရေးပစ္စည်းထုတ်လုပ်သည့် အဖွဲ့အစည်းများက ခင်းကျင်းပြသသည့် ကာကွယ်ရေးပစ္စည်းများ အပါအဝင် ပြည်ပနိုင်ငံအသီးသီးမှ ပြပွဲတွင် လာရောက်ခင်းကျင်းပြသသည့် ကာကွယ်ရေးပစ္စည်းများကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယကြည်းတပ်၊ အလယ်ပိုင်း တပ်မတော်ကွပ်ကဲမှုဌာနချုပ်၏ သက်သာချောင်ချိရေးအရောင်းဆိုင် Canteen ကို သွားရောက်ကြည့်ရှုလေ့လာရာ Canteen ၏ Chairman Colonel AVS Pawan Kumar က လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုများနှင့် အရောင်းဆိုင်ခန်းများကို လိုက်လံရှင်းလင်းပြသသည်။

အဆိုပါ သက်သာချောင်ချိရေးအရောင်းဆိုင်များတွင် အိန္ဒိယတပ်မတော်၏ တပ်မတော်အရာရှိ/စစ်သည်များ၊ မိသားစုဝင်များနှင့် တပ်မတော်မှ အငြိမ်းစားယူထားသည့် တပ်မတော်သားဟောင်းများအတွက် အိမ်သုံးအီလက်ထရောနစ် ပစ္စည်းများ၊ ကလေးပစ္စည်းများ၊ အဝတ်အထည်များ၊ စားသောက်ကုန်များ၊ အဖျော်ယမကာများ စသည့် အခြေခံလူသုံးကုန်ပစ္စည်းများအား ပြည်တွင်းထုတ်ကုမ္ပဏီများမှ တိုက်ရိုက်ရယူတင်/ရောင်းစနစ်ဖြင့် ရာထူးအဆင့်အလိုက် သတ်မှတ်အရေအတွက်အတိုင်း ရောင်းချပေးသည့်အတွက် ပြင်ပပေါက်ဈေးထက်ပို၍ ဈေးနှုန်းချိုသာစွာ ဝယ်ယူနိုင်ရန် စီစဉ်ပေးထားသည်။ သက်သာချောင်ချိရေးအရောင်းဆိုင်များသည် အိန္ဒိယနိုင်ငံတစ်ဝန်းလုံး တပ်ဌာနချုပ်ကြီးများတွင် ဆိုင်ခွဲပေါင်း ၃၉၀၁ ဆိုင်ရှိပြီး ဝယ်ယူစားသုံးသူ ၁၂ သန်းခန့်အား ကုန်ပစ္စည်းအမျိုးပေါင်း ၅၃၀၀ ခန့် ရောင်းချပေးလျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာသန်းမြင့်



ပြည်ထောင်စုဝန်ကြီး
ဦးသန့်စင်မောင်



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာ မျိုးသိမ်းကြီး

## ❒ ပြည်တွင်းလုပ်ငန်းရှင်များ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် လွယ်ကူမှုရှိစေရန် လိုအပ်သကဲ့သို့ ပြည်ပမှ လာရောက်ရင်းနှီးမြှုပ်နှံသူများအတွက်လည်း စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် လွယ်ကူစေရန် စီစဉ်ပေးမှုသည် အလွန်အရေးကြီး

## ❒ စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရန် လွယ်ကူချောမွေ့ရေးသည် စဉ်ဆက်မပြတ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရန် လွယ်ကူလာပါက ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများလည်း ပိုမိုတိုးတက်လာမည်

❑ *ကျောဖုံးမှ*

ဦးသန့်စင်မောင်နှင့် ဒေါက်တာမျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာ မင်းရဲပိုင်ဟိန်းနှင့် ဦးအောင်ထူး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်း၊ လုပ်ငန်းကော်မတီ (၅) ခုမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန်လွယ်ကူမှုတိုးတက်ရေး လုပ်ငန်းအဖွဲ့များမှ တာဝန်ရှိသူများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်များ ဖွံ့ဖြိုးတိုးတက်ရေးအသင်း ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများ အသင်းဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးရေး

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးမြင့်ဆွေက ယနေ့ကျင်းပပြုလုပ်သည့် အစည်းအဝေးသည် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစည်းအဝေးနှင့် စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရန်လွယ်ကူမှု တိုးတက်ရေးလုပ်ငန်းအဖွဲ့တို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဖြစ်ပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးမူဘောင်ပါကိစ္စရပ်များကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန်အတွက် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို နိုင်ငံတော်သမ္မတရုံးက ၂၀၁၆ ခုနှစ် အောက်တိုဘာ ၂၄ ရက်တွင် လုပ်ငန်းတာဝန် (၅)ရပ် ချမှတ်ကာ အဖွဲ့ဝင် ၂၀ ဖြင့် ဖွဲ့စည်းခဲ့ပြီး ယခုအခါ သက်တမ်းအားဖြင့် သုံးနှစ် သုံးလကျော်ခဲ့ပြီး ဖြစ်ပါကြောင်း၊ "ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ" ၏ လုပ်ငန်းတာဝန် (၅)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းကော်မတီ (၅)ခုကို ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

"ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ"၏ ပထမအကြိမ်အစည်းအဝေးကို ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၂၈ ရက်တွင် ကျင်းပခဲ့ပြီး ပထမအကြိမ်မှ (၁၁)ကြိမ်မြောက်အစည်းအဝေးအထိ ချမှတ်ခဲ့သည့် အစည်းအဝေး ဆုံးဖြတ်ချက်ပေါင်း ၉၆ ချက်တွင် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု ၇၉ ချက်နှင့် ဆောင်ရွက်ဆဲ ၁၇ ချက်ရှိသည်ကို တွေ့ရှိရပါကြောင်း၊ ဆောင်ရွက်ဆဲ ၁၇ ချက်ကိုလည်း အမြန်ပြီးပြတ်အောင် အချိန်ကာလသတ်မှတ်ပြီး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

ထို့ပြင် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရေးအတွက် စီးပွားရေးလုပ်ငန်းရှင်များနှင့် ပုံမှန်တွေ့ဆုံပြီး လုပ်ငန်းရှင်များ၏ အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအထိ တွေ့ဆုံပွဲ ၃၁ ကြိမ် ဆောင်ရွက်ခဲ့ရာ စီးပွားရေးလုပ်ငန်းရှင်များ၏ အခက်အခဲ အကြံပြုတင်ပြချက် စုစုပေါင်း ၃၆၉ ချက်ရှိခဲ့ပါကြောင်း၊ အဆိုပါ တင်ပြချက်အားလုံးကို သက်ဆိုင်ရာ စီးပွားရေး လုပ်ငန်းရှင်များထံသို့ "ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်" မှတစ်ဆင့် အကြောင်းပြန်ကြားပေးခဲ့ပြီးဖြစ်ပါကြောင်း။

### ပိုမိုတိုးတက်လာမည်

မြန်မာနိုင်ငံအနေဖြင့် ခိုင်မာသည့် စီးပွားရေးအခြေခံကို တည်ဆောက်နိုင်ရန်အတွက် အရှေ့တောင်အာရှ၊ တောင်အာရှနိုင်ငံများနှင့် ဒေသတွင်းစီးပွားရေးများကို တိုးမြှင့်ဆောင်ရွက်နိုင်ရန် လိုအပ်သကဲ့သို့ ကမ္ဘာ့စီးပွားရေးများကိုလည်း ချိတ်ဆက်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် ပြည်တွင်းလုပ်ငန်းရှင်များ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် လွယ်ကူမှုရှိစေရန် လိုအပ်သကဲ့သို့ ပြည်ပမှ လာရောက်ရင်းနှီးမြှုပ်နှံသူများအတွက်လည်း စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် လွယ်ကူစေရန် စီစဉ်ပေးမှုသည် အလွန်အရေးကြီးပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရန် လွယ်ကူချောမွေ့ရေးသည် စဉ်ဆက်မပြတ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန် လွယ်ကူလာပါက ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများလည်း ပိုမိုတိုးတက်လာမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် မိမိတို့ကော်မတီအနေဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန် လွယ်ကူမှုအဆင့်များ တိုးတက်လာစေရေးအတွက် ဝန်ကြီးဌာနများ ပေါင်းစပ်ညှိနှိုင်းပြီး လိုအပ်သည်များ အချိန်နှင့်တစ်ပြေးညီ ချိတ်ဆက်ဆောင်ရွက်နိုင်ရန်အတွက် "စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန်လွယ်ကူမှု (Ease of Doing Business) တိုးတက်ရေး လုပ်ငန်းအဖွဲ့" ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး ဦးဆောင်၍ ၁၄ ဦးဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး သတ်မှတ်ထားသည့် လုပ်ငန်းတာဝန်များကို အောင်မြင်အောင် တစိုက်မတ်မတ်ဆောင်ရွက်စေခဲ့ပါကြောင်း၊ အဆိုပါအဖွဲ့၏ လုပ်ငန်းတာဝန်များကို အချိန်နှင့်တစ်ပြေးညီ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ညွှန်းကိန်းများအလိုက် အထောက်အကူပြုအဖွဲ့ ၁၀ ဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပြီး ယခုအခါ လုပ်ငန်းလိုအပ်ချက်အရ အလုပ်သမားခန့်ထားခြင်း စည်းမျဉ်းစည်းကမ်းများ အညွှန်းကိန်းဆိုင်ရာ အထောက်အကူပြု အဖွဲ့ကိုလည်း ထပ်မံဖွဲ့စည်းခဲ့ပြီးဖြစ်ပါကြောင်း။

### အဆင့် ၆ ဆင့် တိုးတက်လာ

ကမ္ဘာ့ဘဏ်က ထုတ်ပြန်ခဲ့သည့် နိုင်ငံများ၏ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန်လွယ်ကူမှု အစီရင်ခံစာ ၂၀၂၀ (Doing Business Report 2020) တွင် မြန်မာနိုင်ငံအနေဖြင့် "စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန် လွယ်ကူအောင် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာ၌ တိုးတက်မှုအကောင်းဆုံးနိုင်ငံ(၂၀)" တွင် ပါဝင်ခဲ့ပြီး နိုင်ငံပေါင်း ၁၉၀ တွင် အဆင့် ၁၆၅ ဆင့်သို့ ရောက်ရှိခဲ့ပါကြောင်း၊ ယခင်နှစ်ရရှိသည့် အဆင့် ၁၇၁ ဆင့်မှ အဆင့် ၆ ဆင့် တိုးတက်လာသည်ကို တွေ့ရမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ၏ ပူးပေါင်းကြိုးပမ်းမှုများသည် အတိုင်းအတာတစ်ခုအထိ တိုးတက်မှုရှိလာပြီဟု ပြော၍ရပါကြောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများအနေဖြင့် တစ်နှစ်ထက်တစ်နှစ် အဆင့်နှင့် ရမှတ်များ တိုးတက်လာအောင် အရှိန်အဟုန်ဖြင့် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်း ပြောကြားလိုပါကြောင်း။

ယခင်နှစ်က ထုတ်ပြန်ခဲ့သည့် "စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန်လွယ်ကူမှု အစီရင်ခံစာ ၂၀၂၀" တွင် မြန်မာနိုင်ငံ၏ ညွှန်းကိန်းများအလိုက် လုပ်ငန်းနယ်ပယ် ၁၀ ခု၏ အဆင့်နှင့် ရမှတ်များကို ပြန်လည်သုံးသပ်ကြည့်ပါက ယခင်နှစ်ထက် အဆင့်နှင့် ရမှတ် တိုးတက်လာသည့် နယ်ပယ် (၅)ခုရှိသည်ကို တွေ့ရပါကြောင်း၊ ၎င်းတို့မှာ "စီးပွားရေးလုပ်ငန်းတစ်ခု စတင်ခြင်း"၊ "ဆောက်လုပ်ခွင့်ရယူခြင်း"၊ "ပိုင်ဆိုင်မှုမှတ်ပုံတင်ခြင်း"၊ "အနည်းစု ရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးခြင်း"နှင့် "ပဋိညာဉ်များ အတည်ပြုဆောင်ရွက်ခြင်း"တို့ဖြစ်ပါကြောင်း၊ ယခင်နှစ်အတိုင်း အဆင့်နှင့် ရမှတ်တူဖြစ်နေသည့် နယ်ပယ်နှစ်ခုရှိသည်ကို တွေ့ရပြီး ၎င်းတို့မှာ "ပြည်ပကုန်သွယ်မှု" နှင့် "အကြွေးမပေးဆပ်နိုင်မှု အခြေအနေကို ဖြေရှင်းပေးနိုင်မှု" တို့ ဖြစ်ပါကြောင်း၊ ယခင်နှစ်ထက် အဆင့်လျော့ကျခဲ့သည့် နယ်ပယ် သုံးခုရှိပြီး ၎င်းတို့မှာ "ချေးငွေရရှိနိုင်မှု"၊ "အခွန်ပေးဆောင်မှု" နှင့် "လျှပ်စစ်ဓာတ်အား ရရှိနိုင်မှု"တို့ဖြစ်ပါကြောင်း။

### ကြိုးပမ်းဆောင်ရွက်

ထို့ကြောင့် "အဆင့်တိုးတက်ခဲ့သည့် နယ်ပယ်(၅)ခု" အနေဖြင့် လာမည့်နှစ်တွင် ယခုထက် ပိုမိုတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်သလို "အဆင့်တိုးတက်မှုမရှိသည့် နယ်ပယ်(၂)ခု" နှင့် "အဆင့်လျော့ကျသွားသည့် နယ်ပယ်(၃)ခု" တို့ အနေဖြင့်လည်း အဆင့်နှင့် ရမှတ်များ ပိုမိုတိုးတက်ရရှိရေးအတွက် ကျန်ရှိသည့် နှစ်လကျော်ကာလအတွင်းမှာ အင်တိုက်အားတိုက်နှင့် တစိုက်မတ်မတ် ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

ကမ္ဘာ့ဘဏ်အုပ်စု (International Finance Corporation – IFC) က "မြန်မာ့စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန်လွယ်ကူမှု လုပ်ငန်းစီမံချက် ၂၀၂၀" ကို "ကာလတို"၊ "ကာလလတ်"၊ "ကာလရှည်" သတ်မှတ်ကာ ရေးဆွဲပေးပို့လာပါကြောင်း၊ အဆိုပါ ရေးဆွဲပေးပို့လာသည့် စီမံချက်များအပေါ် သက်ဆိုင်ရာ ညွှန်းကိန်းနယ်ပယ် အဖွဲ့များက ဆောင်ရွက်နိုင်မည့် အခြေအနေများကို ပြင်ဆင်ဖြည့်စွက်ခဲ့ရာ စုစုပေါင်း ၈၁ ချက်ရရှိခဲ့ပါကြောင်း၊ အဆိုပါ အချက် ၈၁ ချက်ကို ကာလတို၊ ကာလလတ်၊ ကာလရှည်ခွဲ၍ သတ်မှတ်ခဲ့ရာ "ကာလတို" ဆောင်ရွက်ရမည့် အချက် ၁၉ ချက်၊ "ကာလလတ်" ဆောင်ရွက်ရမည့် အချက် ၂၃ ချက်နှင့် "ကာလရှည်" ဆောင်ရွက်ရမည့် အချက် ၃၉ ချက်တို့ ဖြစ်ပါကြောင်း၊ အဆိုပါဆောင်ရွက်ရမည့်အချက် ၈၁ ချက်ကို သတ်မှတ်ကာလအတွင်း အမြန်ပြီးစီးရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများ အချင်းချင်း ပေါင်းစပ်ညှိနှိုင်းကာ အချိန်နှင့်တစ်ပြေးညီ ချိတ်ဆက်ဆောင်ရွက်သွားကြရန် ပြောကြားလိုပါကြောင်း။

### အချိန်ကြာမြင့်မှုကို လျှော့ချနိုင်

မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန် လွယ်ကူချောမွေ့စေရေးအတွက် လုပ်ငန်းစဉ်များ လျှော့ချနေချိန်၌ e-Government စနစ်ကို အမြန်ဆောင်ရွက်နိုင်လျှင် အချိန်ကြာမြင့်မှုကို လျှော့ချနိုင်မည် ဖြစ်သည့်အပြင် လုပ်ငန်းများ လွယ်ကူချောမွေ့လာမည်ဖြစ်၍ အဆင့်များစွာ တိုးတက်လာနိုင်မည်ဖြစ်ပါကြောင်း၊ ထို့အပြင် ဥပဒေ၊ နည်းဥပဒေနှင့် ပတ်သက်၍လည်း Insolvency Law ကို လွှတ်တော်တွင် တင်ပြထားပြီး Secured Transaction Law ကိုလည်း စတင်ပြုစုနေပြီ ဖြစ်ပါကြောင်း၊ ထိုဥပဒေများနှင့် Credit Bureau လုပ်ငန်းစဉ်တို့ကို အမြန်ဆောင်ရွက်နိုင်မည်ဆိုလျှင် ရမှတ်များစွာ တိုးတက်လာမည်ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန် လွယ်ကူမှုအဆင့်တိုးတက်ရေးကို နိုင်ငံပေါင်း ၁၉၀ နှင့် ယှဉ်ပြိုင်ရခြင်းဖြစ်သည့်အတွက် စီးပွားရေးဝန်းကျင် တိုးတက်ကောင်းမွန်ရေး ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်သည့်အခါတွင် လက်ရှိနှုန်းထက် အဆပေါင်းများစွာ ကြိုးစားဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနဆိုင်ရာများအနေဖြင့်လည်း မိမိတို့ဆောင်ရွက်နေသည့် ပြုပြင်ပြောင်းလဲမှုများကို အများပြည်သူ သိရှိအောင် Public Awareness ကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ သို့မှသာ အများပြည်သူသိရှိပြီး မှန်ကန်သည့်အဖြေကို ဖြေဆိုနိုင်ကာ ရမှတ်များစွာ တိုးတက်လာမည်ဖြစ်ပါကြောင်း၊ ကမ္ဘာ့ဘဏ်၏ စစ်တမ်းမေးခွန်းလွှာများကို ဖြေဆိုကြသည့်အခါတွင် ဌာနဆိုင်ရာက ဖြေဆိုမှုထက် ပုဂ္ဂလိကကဏ္ဍက ဖြေဆိုသည့် လက်တွေ့အခြေအနေများကို အစီရင်ခံစာတွင် ထည့်သွင်းတွက်ချက်ခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် ဌာနဆိုင်ရာများက ဆောင်ရွက်နေသည့် ပြုပြင်ပြောင်းလဲမှုများကို သိရှိပြီး စစ်တမ်းမေးခွန်းလွှာများကို မှန်မှန်ကန်ကန် ဖြေဆိုနိုင်ရန်အတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးရန်နှင့် "ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်" ကလည်း လိုအပ်သည့် ပံ့ပိုးချိတ်ဆက်မှုများ၊ ပူးပေါင်းဆောင်ရွက်မှုများကို ကူညီဆောင်ရွက်ပေးသွားရန် မေတ္တာရပ်ခံပြောကြားလိုပါကြောင်း။

စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန် လွယ်ကူမှု အဆင့်တိုးတက်ရေးအတွက် ကမ္ဘာ့ဘဏ်က ထုတ်ပြန်မည့် Doing Business 2021 Report တွင် ၂၀၂၀ ပြည့်နှစ် ဧပြီလကုန်အထိ ဆောင်ရွက်ချက်များကိုသာ ထည့်သွင်းစဉ်းစားပြီး အမှတ်ပေးသွားမည်ဖြစ်သည့်အတွက် ကျန်ရှိသည့် နှစ်လကျော် ကာလအတွင်း သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများအနေဖြင့် ယခင်နှစ်အတွေ့အကြုံများအပေါ် အခြေခံပြီး မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို သတ်မှတ်ချိန်အတွင်း ပြီးစီးရေး ရည်မှန်းချက်ထားကာ အားသွန်ခွန်စိုက် ကြိုးစားဆောင်ရွက်သွားကြစေလိုပါကြောင်း၊ ယနေ့အစည်းအဝေးသို့ တက်ရောက်လာကြသည့် တာဝန်ရှိသူများအနေဖြင့် သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ဆက်လက် ဆောင်ရွက်သွားမည့် အစီအမံများ၊ တွေ့ကြုံနေရသည့် အခက်အခဲများနှင့် လိုအပ်သည့် အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန်လွယ်ကူမှု တိုးတက်ရေးတို့အတွက် ဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန်လွယ်ကူမှုတိုးတက်ရေးလုပ်ငန်းအဖွဲ့ ခေါင်းဆောင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ကမ္ဘာ့ဘဏ်အုပ်စု (International Finance Corporation– IFC) က "မြန်မာ့စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန်လွယ်ကူမှု လုပ်ငန်းစီမံချက် ၂၀၂၀" ကို ရေးဆွဲပေးပို့လာသည့်အပေါ် ဆက်လက်ဆောင်ရွက်နေမှု အခြေအနေများ၊ Ease of Doing Business Ranking တိုးတက်ရေးအတွက် ညွှန်းကိန်းနယ်ပယ်အလိုက် ဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က "စီးပွားရေးလုပ်ငန်းတစ်ခု စတင်ခြင်းဆိုင်ရာ အထောက်အကူပြုအဖွဲ့" နှင့် "အနည်းစုရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးခြင်း အထောက်အကူပြုအဖွဲ့" တို့နှင့် စပ်လျဉ်း၍လည်းကောင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဒေါ်လှိုင်မော်ဦးက "အဆောက်အအုံဆောက်လုပ်ခွင့်ရယူခြင်းဆိုင်ရာ အထောက်အကူပြုအဖွဲ့" နှင့် စပ်လျဉ်း၍လည်းကောင်း၊ *စာမျက်နှာ ၉ သို့*

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်က မကွေးတိုင်းဒေသကြီး အောင်လံမဲဆန္ဒနယ်မှ ဦးအောင်ထူးမြင့် ကွယ်လွန်အနိစ္စရောက်ခဲ့ခြင်းအတွက် ဝမ်းနည်းကြောင်း အဆိုတင်သွင်းရာတွင် ဦးအောင်ထူးမြင့်သည် လွှတ်တော်တာဝန်၊ မဲဆန္ဒနယ်မြေတာဝန်၊ တိုင်းပြည်တာဝန်များကို ထမ်းဆောင်ခြင်းဖြင့် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၆ ရက် ညနေ ၃ နာရီ ၅၂ မိနစ်တွင် ဘဝတစ်ပါးသို့ ပြောင်းသွားကွယ်လွန်ခဲ့ပါကြောင်း၊ ဦးအောင်ထူးမြင့်သည် နိုင်ငံတကာဆက်ဆံရေးကော်မတီ တာဝန်များကိုလည်း ထမ်းဆောင်ခဲ့ပါကြောင်း၊ ထို့ကြောင့် ဘဝတစ်ပါးသို့ ပြောင်းသွားကွယ်လွန်ခဲ့သည့် ဦးအောင်ထူးမြင့်နှင့်တကွ ကျန်ရစ်သူမိသားစုများအတွက် ဝမ်းနည်းကြောင်း အဆိုတင်သွင်းအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် အောင်လံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထူးမြင့် ကွယ်လွန်ခဲ့သည့်အတွက် အစည်းအဝေးခန်းမအတွင်းရှိ ပုဂ္ဂိုလ်များအားလုံးမတ်တတ်ရပ်၍ တစ်မိနစ်ခန့် ငြိမ်သက်၍ ဝမ်းနည်းကြောင်း အထိမ်းအမှတ်ပြုလုပ်ကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဦးအောင်ထူးမြင့် ကွယ်လွန်ခဲ့သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များ၏ တစ်ရက်စာနေ့တွက်စရိတ်ဖြစ်သော ငွေကျပ် ၈၆ သိန်း ၂ သောင်းကို ကျန်ရစ်သူမိသားစုများထံပေးပို့သွားမည်ဖြစ်ကြောင်းနှင့် ဦးအောင်ထူးမြင့် ကွယ်လွန်အနိစ္စရောက်ခြင်းအတွက် ဝမ်းနည်းကြောင်းအဆိုကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် ဇမ္ဗူသီရိ မဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော်(ခ) ဇေယျာသော်၏ **ယာဉ်ပိုင်ရှင် အမည်ပြောင်းလဲရာတွင် အခွန်ရာဖြတ်ဌာနမှ ယာဉ်တန်ဖိုးများကို မည်ကဲ့သို့ သတ်မှတ်ပြီး ကာလပေါက်ဈေးနှင့် ကွာခြားလျက်ရှိသည့် မော်တော်ယာဉ် ဈေးနှုန်းများကို မော်တော်ယာဉ်ရောင်းဝယ်ရေးအသင်းများနှင့် ပေါင်းစပ်ညှိနှိုင်းကာ ပြင်ဆင်သတ်မှတ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် အမည်ပြောင်းဆောင်ရွက်ရာတွင် ပြောင်းလဲခ ငွေကျပ် ၅၀၀၀ သာ ကောက်ခံပြီး ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)၊ သက်သေခံ လက်မှတ်(အဝိုင်း)၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်း၊ အရောင်းအဝယ်စာချုပ်နှင့် ပြည်တွင်းအခွန်ပုံစံ(၁)များ စိစစ်ပြီး ပြည်တွင်းအခွန်များဦးစီးဌာနက ဝယ်ယူခွန် အခွန် ပုံစံ (၁)တွင် ပါရှိသည့် အမည်၊ နေရပ်လိပ်စာအတိုင်း မှတ်တမ်းတင်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်၊ ထော်လာဂျီနှင့် ရေယာဉ်တန်ဖိုး စံနှုန်းများ သတ်မှတ်ရာတွင် မော်တော်ယာဉ်ရောင်းဝယ်ရေးအသင်းများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ပိုမိုနီးစပ်မှုရှိပြီး မျှတမှုလည်း ရှိနိုင်မည့် စံနှုန်းများကို သတ်မှတ်ပေးရန် အစီအစဉ်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

## ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေသည် ဥပဒေနှင့်အညီ ဆောင်ရွက်ရမည့်ကိစ္စဖြစ်

ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင်၏ **ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေကို ကျပ်သိန်း (၁၀၀၀)မှ ကျပ်သိန်း(၂၀၀၀) သို့မဟုတ် အခြားပမာဏတစ်ခုသို့ တိုးမြှင့်သုံးစွဲခွင့်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေ ပုဒ်မ ၄၊ ပုဒ်မ ၅၊ ပုဒ်မ ၇(က)(ခ)(ဃ)တို့တွင် ပြဋ္ဌာန်းချက်များအရ ဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ မူဝါဒချမှတ်မှုများနှင့် ဖွံ့ဖြိုးရေးရန်ပုံငွေကို နှစ်စဉ်လျာထားသတ်မှတ်၍ ပြည်ထောင်စုဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းတွင် ထည့်သွင်းရေးဆွဲနိုင်ရန်နှင့် ဘဏ္ဍာရေးကော်မရှင်နှင့် ညှိနှိုင်းဆောင်ရွက်မှုများကို ဗဟိုကော်မတီက ဆောင်ရွက်နိုင်သည်ကိုလည်း တွေ့ရှိရပါကြောင်း၊ သို့ပါ၍ ကြယ်ပွင့်ပြမေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေသည် ဥပဒေနှင့်အညီ ဆောင်ရွက်ရမည့်ကိစ္စဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

မယ်စဲ့မဲဆန္ဒနယ်မှ ဦးသန်းလင်းလင်း၏ **မယ်စဲ့မြို့နယ်ရှိ ကျေးရွာအသီးသီးတွင် လိုအပ်နေသော ဘောလုံးကွင်း၊ ဘော်လီဘောကွင်း၊ ဖူဆယ်ကွင်းနှင့် ပိုက်ကျော်ခြင်း ကွင်းတို့ကို ဖော်ထုတ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ကယားပြည်နယ်တွင် မယ်စဲ့မြို့အပါအဝင် မြို့နယ်ပေါင်း ခုနစ်မြို့နယ်ရှိပြီး ကျေးရွာအုပ်စု ၇၄ အုပ်စုနှင့် ကျေးရွာပေါင်း ၅၁၇ ရွာရှိပါကြောင်း၊ ၂၀၁၄-၂၀၁၅ ခုနှစ်မှ စ၍ နှစ်စဉ် မြို့နယ် ဘဏ္ဍာရန်ပုံငွေ ခွဲဝေချထားပေးခဲ့ပါကြောင်း၊ ဘဏ္ဍာငွေ ခွဲဝေချထားမှုအရ ၁ ဘီလီယံ ခန့်သာ ရရှိကြသည့်အတွက် မြို့နယ်များအလိုက် မြို့နယ်ဘောလုံးကွင်းများ၊ အားကစားရုံများနှင့် ဝန်ထမ်းနေအိမ်များကို ဦးစားပေးအလိုက် ဘဏ္ဍာငွေများ ခွဲဝေဆောင်ရွက်ပေးနေရသောကြောင့် မယ်စဲ့မြို့နယ်၏ ကျေးရွာများအားလုံးတွင် ဘောလုံးကွင်း၊ ဖူဆယ်ကွင်း၊ ဘော်လီဘောကွင်းနှင့် ပိုက်ကျော်ခြင်းကွင်းများကို ဆောင်ရွက်ပေးရန်အတွက် ဘဏ္ဍာငွေအနေအထားအရ လောလောဆယ်တွင် အစီအစဉ်မရှိသေးပါကြောင်း၊ ကယားပြည်နယ်အစိုးရအဖွဲ့၏ ဖြေကြားချက်ကို ရှင်းလင်းတင်ပြလိုပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်၏ တင်ပြချက်အား လာမည့် ဘဏ္ဍာရေးနှစ်များတွင် ပိုမိုစဉ်းစားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။



ဒုတိယဝန်ကြီး
ဦးမောင်မောင်ဝင်း



ဇမ္ဗူသီရိ မဲဆန္ဒနယ်မှ
ဦးဖြိုးဇေယျာသော်(ခ) ဇေယျာသော်



ဒုတိယဝန်ကြီး
ဒေါက်တာ မြလေးစိန်



မယ်စဲ့မဲဆန္ဒနယ်မှ
ဦးသန်းလင်းလင်း

## သာရဝေါတိုက်နယ်ဆေးရုံတွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ခွဲစိတ်ခန်းပါ တိုးချဲ့ တစ်ထပ် အဆောက်အဦအတွက် ရန်ပုံငွေ ငွေကျပ်သန်း ၉၂ ဒသမ ၉၇ ပါရှိပြီး တင်ဒါခေါ်ယူဆောင်ရွက်လျက်ရှိ

လက်ပံတန်းမဲဆန္ဒနယ်မှ ဦးကျော်မင်း၏ **လက်ပံတန်းမြို့နယ်ရှိ သာရဝေါတိုက်နယ်ဆေးရုံအား စံကိုက်ဆေးရုံအဖြစ် ဆောက်လုပ်ပေးနိုင်ခြင်းရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ကုသရေးဦးစီးဌာနသည် လက်ပံတန်းမြို့နယ် သာရဝေါတိုက်နယ်ဆေးရုံတွင် လေးခန်းတွဲ တစ်ထပ် ဝန်ထမ်းအိမ်ရာ တစ်လုံးဆောက်လုပ်ခြင်းလုပ်ငန်းအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် စတင်ခဲ့ပြီး ယခုအခါ လုပ်ငန်းတစ်ခုလုံး၏ ၂၅ ရာခိုင်နှုန်း ပြီးစီးနေပြီ ဖြစ်ပါကြောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ခွဲစိတ်ခန်းပါ တိုးချဲ့ တစ်ထပ် အဆောက်အဦအတွက် ရန်ပုံငွေ ငွေကျပ် သန်း ၉၂ ဒသမ ၉၇ ပါရှိပြီး ယခုအခါ တင်ဒါခေါ်ယူဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ပြည်သူ့ဝန်ဆောင်မှု စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရေးအခြေအနေများအရ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာစံရွှေဝင်း၏ **နိုင်ငံတွင်းမှ ပဋိဇီဝ ဆေးယဉ်ပါးမှု Antimicrobial Resistance (AMR) မဖြစ်အောင် မည်သို့ဆောင်ရွက်ထားရှိကြောင်း သိလိုခြင်း**မေးခွန်း၊ သံတောင်ကြီး မဲဆန္ဒနယ်မှ ဦးစောဗစ်တာခလိုက်၏ **သံတောင်မြို့ ပြည်သူ့ဆေးရုံမှ ဓာတ်မှန်စက်နှင့် အခြားစက်ပစ္စည်းများ အသုံးပြုနိုင်ရန် ၁၁/၀ ဒသမ ၄ ကေဗွီ၊ ၁၀၀ ကေဗွီ X' mer ထရန်စဖော်မာတစ်လုံး တပ်ဆင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော်၏ **မိုင်းရယ်မြို့နယ် မန်မုံတိုက်နယ်ဆေးရုံအသစ် တည်ဆောက်ပြီးဖြစ်သဖြင့် လိုအပ်သော ဆရာဝန်၊ ကျန်းမာရေးဝန်ထမ်းများ၊ ပရိဘောဂများနှင့် ဆေးရုံသုံးပစ္စည်းများအား ဖြည့်ဆည်းပေးကာ မည်သည့်ကာလတွင် စတင်ဖွင့်လှစ်ဆောင်ရွက်သွားမည်ကို သိလိုခြင်း** မေးခွန်းတို့နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ် စီမံခန့်ခွဲမှုဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြပြီး ဥပဒေကြမ်းကော်မတီဝင် ဦးစိုင်းထွန်းအေးက အစီရင်ခံစာ ဖတ်ကြားတင်သွင်းသည်။

## CSR အစီအစဉ်များကြောင့် ရပ်ရွာလူထုများအတွက် ပိုမိုကောင်းမွန်သည့် အခမ်းအနားများကျင်းပခြင်းဖြင့် အဖိုးတန်သည့် ဝန်ထမ်းများနှင့် ရင်းနှီးမြှုပ်နှံသူများကိုလည်း ဆွဲဆောင်နိုင်မည်

ယင်းနောက် ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုးက **စီးပွားရေးလုပ်ငန်းများ၏ လူမှုအကျိုးပြုလုပ်ငန်း (CSR) အကောင်အထည်ဖော်ရာတွင် တိကျသည့် မူဝါဒချမှတ်ပြီး ဒေသခံပြည်သူပါဝင်နိုင်သော နည်းလမ်းများဖြင့် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်ရန်အတွက် စီစဉ်ညွှန်ကြားပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း** အဆိုကို တင်သွင်းရာတွင် CSR စီမံချက်ကြောင့် ဝန်ထမ်းများတွင် အဖွဲ့အစည်းစိတ်ဓာတ်တိုးလာပြီး တစ်ဦးနှင့်တစ်ဦးကြား စည်းနှောင်မှုအားကောင်းလာပြီး ကောင်းမွန်သော ဆက်ဆံရေး ထူထောင်နိုင်မည့်အပြင် ဝန်ထမ်းများ ပိုမိုပေါင်းစပ်လာပြီး စိတ်ကျေနပ်မှုကို ပိုမိုတိုးမြှင့်စေနိုင်မည်ဖြစ်ပါကြောင်း၊ CSR အစီအစဉ်များကြောင့် ရပ်ရွာလူထုများအတွက် ပိုမိုကောင်းမွန်သည့် အခမ်းအနားများကျင်းပခြင်းဖြင့် ပါရမီရှိပြီး အဖိုးတန်သည့် ဝန်ထမ်းများနှင့် ရင်းနှီးမြှုပ်နှံသူများကိုလည်း ဆွဲဆောင်နိုင်မည်ဖြစ်ပါကြောင်း။

CSR လုပ်ငန်းများ အကောင်အထည်ဖော်ရန်အတွက် မူဝါဒများ ချမှတ်ရန် အရေးတကြီး လိုအပ်နေပါကြောင်း၊ နိုင်ငံတော်ပိုင်လုပ်ငန်းများ၊ လွှတ်တော်နှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများတွင် တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှုအား မည်သို့မြှင့်တင်ရန်နှင့် အကျိုးစီးပွားမျှဝေမှုကို မည်သို့ဖော်ဆောင်မည်ဆိုသည်ကို အမျိုးသားအဆင့် ဆွေးနွေးပွဲများနှင့် တိုင်ပင်နှီးနှောဖလှယ်ပွဲများ ပြုလုပ်ပေးသင့်ပါကြောင်း၊ မူဝါဒများ အကောင်အထည်ဖော်ရာတွင် ဒေသခံပြည်သူများ ပါဝင်နိုင်သည့် နည်းလမ်းများဖြင့် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

ထို့ပြင် ကုမ္ပဏီများ၏ CSR မူဝါဒ အသေးစိတ်အချက်အလက်များ ဖော်ပြပါဝင်သည့် နှစ်စဉ် CSR အစီရင်ခံစာပြုစုရန်နှင့် ယင်းအချက်အလက်များကို ကုမ္ပဏီ၏ Website တွင် ဖော်ပြထားရန်လည်း လိုအပ်ပါကြောင်း၊ CSR လုပ်ငန်းများတွင် ကတိကဝတ်ပေးထားသည့် နှုန်းထားများအတိုင်း သုံးစွဲခြင်းရှိ၊ မရှိ စစ်ဆေးကြပ်မတ်ပေးရန်နှင့် ကတိကဝတ်ပေးထားသည့် နှုန်းထားအတိုင်း သုံးစွဲရန် ပျက်ကွက်ပါက အကြောင်းရင်းကိုလည်း ဖော်ပြထားပေးရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် တာဝန်ယူမှုရှိသည့် စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများဖြစ်ပေါ်စေရန်အတွက် မူဝါဒများ ခိုင်ခိုင်မာမာချမှတ်ပေးရန် တင်သွင်းရခြင်းဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် သန်လျင် မဲဆန္ဒနယ်မှ ဦးလွင်ကိုလတ်က အဆိုအား ထောက်ခံဆွေးနွေးသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုအားလက်ခံဆွေးနွေးရန်သင့်၊ မသင့် လွှတ်တော်၏ ဆန္ဒရယူရာ သဘောတူသဖြင့် လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ဖေဖော်ဝါရီ ၁၁ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

---

# နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ ကိုရိုနာဗိုင်းရပ်စ် အသိပညာပေး

**နေပြည်တော် ဖေဖော်ဝါရီ ၇**

နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) ပညာပေးဆောင်၌ ကိုရိုနာဗိုင်းရပ်စ် (အဆုတ်ရောင်ရောဂါ)နှင့် ပတ်သက်၍ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ကျွမ်းကျင်သူ ဒေါက်တာ ပပ၊ ဒုတိယဆေးရုံအုပ်ကြီး/ဆေးရုံအုပ်ကြီး (ပူးတွဲတာဝန်) ဒေါက်တာအောင်လင်းအေး၊ ပါမောက္ခဒေါက်တာ တင့်တင့်ကြည်(ဆေးပညာ)တို့က ကိုရိုနာဗိုင်းရပ်စ် (အဆုတ်ရောင်ရောဂါ)နှင့်ပတ်သက်၍ ရောဂါကူးစက်နိုင်ခြေရှိသည့်နည်းလမ်းများ၊ သံသယဖြစ်ဖွယ်ရောဂါလက္ခဏာများ၊ ကာကွယ်နိုင်မည့်နည်းလမ်းများ၊ ဆေးရုံကြီးသို့ လူနာများ ရောက်ရှိလာပါက ကုသပေးမည့်အစီအစဉ်များ၊ လူနာများအား သီးခြားလူနာခန်းတွင် ထားရှိနိုင်ရန် ပြင်ဆင်ထားရှိမှုအခြေအနေများ၊ ရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းဟောပြောခဲ့ပြီး လက်ဆေးနည်း အဆင့်ဆင့်ကိုလည်း လက်တွေ့သင်ကြားသရုပ်ပြခဲ့ကြသည်။


အခမ်းအနားသို့ နေပြည်တော်ဇမ္ဗူသီရိမြို့နယ်မှ ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဆေးရုံတွင် ဆေးကုသမှုခံယူနေသော လူနာနှင့် လူနာစောင့်များ၊ သူနာပြုဆရာမကြီးများနှင့် သူနာပြုဆရာမများ၊ ကျွမ်းကျင်ဝန်ထမ်းများ၊ ဆေးလူမှုဆက်ဆံရေးဝန်ထမ်းများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ ကျင်းပ



ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း



ချင်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၃) မှ ဦးဘွဲခိန်း



ဒုတိယဝန်ကြီး ဦးသာဦး



မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ ဦးထွန်းထွန်းဦး

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့ နံနက် ၁၀ နာရီက နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘွဲခိန်း၏ **ချင်းပြည်နယ် ထန်တလန်မြို့နယ် မောင်တလန်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း နှစ်ထပ်ဆောင်အား ဖျက်သိမ်းပြီး RC နှစ်ထပ်ဆောင် အဖြစ် ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် အသစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိမေးခွန်း** နှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ထန်တလန်မြို့နယ် မောင်တလန်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းတွင် ပေ(၁၄၀ x ၃၀) RC နှစ်ထပ်ဆောင်အသစ် ဆောက်လုပ်ပေးရန် လိုအပ်သောရန်ပုံငွေကို ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း(တည်ဆောက်ရေး) ရန်ပုံငွေတွင် ဦးစားပေးအစီအစဉ်အရ ထည့်သွင်းလျာထား ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

## အဆင့်တိုးမြှင့်ရန် သတ်မှတ်ထားသည့် ဦးစားပေးကျောင်းစာရင်းတွင် မပါရှိသေး

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့် (ခ) ဦးလှမြင့်သန်း၏ **မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် မလော့ချောင်ကျေးရွာအခြေခံပညာ အလယ်တန်းကျောင်းအား အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဖြစ် မည်သည့်ဘဏ္ဍာရေးနှစ်တွင် အဆင့်တိုးမြှင့်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း** နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက မလော့ချောင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် ယခုနှစ်ပညာသင်နှစ်အတွင်း စုစုပေါင်း အလယ်တန်းအဆင့်သင် ကျောင်းသား ကျောင်းသူ ၃၅၀ ရှိပါကြောင်း၊ အနီးဆုံး အထက်တန်းအဆင့်သင်ကျောင်းဖြစ်သည့် မုက္ခမူအခြေခံပညာအထက်တန်း ကျောင်းနှင့် နှစ်မိုင်ခရီးအတွင်းရှိပါကြောင်း၊ ထို့ပြင် လက်ရှိကျောင်းအဆင့် သက်တမ်းတိုးပေးထားသည်မှာလည်း တစ်နှစ်သာရှိသေးသည့်အတွက် ၂၀၂၀– ၂၀၂၁ ပညာသင်နှစ်တွင် အဆင့်တိုးမြှင့်ရန် သတ်မှတ်ထားသည့် ဦးစားပေး ကျောင်းစာရင်းတွင် မပါရှိသေးပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦး၏ **စစ်ကိုင်း တိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ် ရွာကြပ်ကျေးရွာအခြေခံပညာ အထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက အရာတော်မြို့နယ် ရွာကြပ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၏ သက်တမ်းမှာ လေးနှစ်ခန့်သာရှိပါ ကြောင်း၊ ယခုနှစ်ပညာသင်နှစ်စာရင်းအရ စုစုပေါင်း အထက်တန်းအဆင့်သင် ကျောင်းသား ကျောင်းသူ ၅၈ ဦးသာ ရှိပါကြောင်း၊ လက်ရှိအားဖြင့်လည်း အထက်တန်းပညာရပ်များ သင်ကြားခွင့်ရရှိနေသည့် အခြေအနေရောက်ရှိနေ သည့်အတွက် ၂၀၂၀ – ၂၀၂၁ ပညာသင်နှစ်တွင် အဆင့်မြှင့်တင်ခြင်းအတွက် ဦးစားပေးအဆင့်အနေဖြင့် သတ်မှတ်ထားခြင်းမရှိပါကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်၏ **ကျောက်တော်မြို့နယ် လိပ်မကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)နှင့် သင်္ဂနက်ကျေးရွာ အခြေခံပညာမူလတန်း(လွန်)ကျောင်းတို့တွင် RC တစ်ထပ်ကျောင်းဆောင် တစ်ဆောင်စီနှင့် ရွာမပြင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် RC နှစ်ထပ်ကျောင်းဆောင်တစ်ဆောင်တို့ကို ၂၀၂၀ – ၂၀၂၁ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**တို့နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောက်တော်မြို့နယ် လိပ်မကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် ပေ(၁၂၀ x ၃၀) RC တစ်ထပ်ဆောင်တစ်ဆောင်၊ သင်္ဂနက်ကျေးရွာ အခြေခံပညာမူလတန်း(လွန်) ကျောင်းတွင် ပေ(၆၀ x ၃၀) RC တစ်ထပ်ဆောင်အသစ်တစ်ဆောင်၊ ရွာမပြင် ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် ပေ(၁၀၀ x ၃၀) RC နှစ်ထပ် ဆောင်အသစ် တစ်ဆောင်တို့ကို ဆောက်လုပ်ပေးရန်အတွက် လိုအပ်သော ရန်ပုံငွေကို ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ်၏ ငွေလုံးငွေရင်း ရန်ပုံငွေအောက် တွင် ဦးစားပေးအစီအစဉ်အရ ထည့်သွင်းလျာထားဆောင်ရွက်ပေးမည်ဖြစ်ပါ ကြောင်း ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးထိန်ဝင်း၏ **ဧရာဝတီ တိုင်းဒေသကြီး ဟင်္သာတတက္ကသိုလ်ဝင်းအတွင်း ဆောက်လုပ်နေသော ပေ(၆၀၀ x ၄၀၀) ရှိ မီတာ ၄၀၀ ပြေးလမ်းပါ အားကစားကွင်းအား စံချိန်ကိုက် ဘောလုံးကွင်းနှင့် ပြေးလမ်းများအဖြစ် ပြင်ဆင်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက အဆင့်မြင့် ပညာဦးစီးဌာနအနေဖြင့် တည်ဆောက်လျက်ရှိသော ဘောလုံးကွင်းအား ၂၀၁၈– ၂၀၁၉ဘဏ္ဍာရေးနှစ် (၆)လနှင့် (၁၂)လ ဘတ်ဂျက်၏ ငွေလုံးငွေရင်း (တည်ဆောက်ရေး) ရန်ပုံငွေအောက်မှ ခွင့်ပြုငွေကျပ်သန်းပေါင်း ၈၅၉ ဒသမ ၅၅ ဖြင့် လုပ်ငန်းများဆောင်ရွက်ရန် ဘတ်ဂျက်လျာထား၍ ချထားပေးခဲ့ပါ ကြောင်း၊ အဆိုပါဘောလုံးကွင်းအား ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် Kay Golden Myanmar Co.Ltd မှ တာဝန်ယူဆောက်လုပ် လျက်ရှိပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ် တင်ပြသကဲ့သို့ စံချိန်နှင့်မကိုက် သည့် အချက်အလက်များကို ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဟင်္သာတ တက္ကသိုလ်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေး ကုမ္ပဏီ Kay Golden Myanmar Co.Ltd တို့မှ တာဝန်ယူ၍ စံချိန်ကိုက် ဘောလုံးကွင်းနှင့် ပြေးလမ်းများအဖြစ် ပြင်ဆင်ရန် စီစဉ်ဆောင်ရွက်ပြီးဖြစ်ပါ ကြောင်း ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးထွန်းထွန်းဦး၏ **တယ်လီဖုန်းအော်ပရေတာကုမ္ပဏီများမှ မိုဘိုင်းတယ်လီဖုန်းအသုံးပြုသူများ ၏ ကြိုတင်ပေးသွင်းထားသော ဖုန်းဘေလ်များထဲမှ အခြားသော ဝန်ဆောင်မှု အမျိုးအစားများအတွက်ဟုဆိုကာ ကာယကံရှင်၏ သဘောတူခွင့်ပြုချက် မဟုတ်ဘဲ အခကြေးငွေများ ဖြတ်တောက်ယူငင်မှုများ များပြားလာ၍ သုံးစွဲသူ ပြည်သူများဆုံးရှုံးနစ်နာနေပါသဖြင့် ထိရောက်စွာ တားဆီးဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိမေးခွန်း**နှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသာဦးက ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာနသည် မိုဘိုင်းဆက်သွယ်ရေးလုပ်ငန်းကဏ္ဍနှင့်ပတ်သက်၍ ပိုမို ဖွံ့ဖြိုးတိုးတက်ကောင်းမွန်လာစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ သုံးစွဲသူ ပြည်သူများအတွက် ဈေးနှုန်းသင့်တင့်မျှတစွာဖြင့် ကြိုက်နှစ်သက်ရာ ဝန်ဆောင်မှု အစီအစဉ်များကို ရွေးချယ်အသုံးပြုနိုင်စေရန် စီစဉ်ဆောင်ရွက်ပေး လျက်ရှိသကဲ့သို့ အဆိုပါဝန်ဆောင်မှုအစီအစဉ်များနှင့်ပတ်သက်၍ သုံးစွဲသူ ပြည်သူများ နစ်နာဆုံးရှုံးမှုမရှိစေရေးအတွက် ဆက်သွယ်ရေးအော်ပရေတာ များအား ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် ဆက်သွယ်ရေးအော်ပရေတာများ၏ ဝန်ဆောင်မှု အစီအစဉ်များနှင့်စပ်လျဉ်း၍ သုံးစွဲသူပြည်သူများ ကြုံတွေ့နေရသည့်အခက်အခဲ များကို ဖြေရှင်းပေးနိုင်ရေးအတွက် Facebook Page မှဖြစ်စေ၊ တယ်လီဖုန်း ဖြင့်ဖြစ်စေ တိုင်ကြားလာမှုများကို လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၉ ခုနှစ်အတွင်း ဖုန်းဘေလ်ဖြတ်တောက်ခံရမှုကြောင့် တိုင်ကြားလာမှုများအားလုံး ကို ဖြေရှင်းဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့ပြင် စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနသို့ တိုင်ကြားလာသည့် အမှုများကိုလည်း စားသုံးသူကာကွယ်ရေးဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက် ပေးနိုင်ခဲ့သည်ကိုလည်း သိရှိရပါကြောင်း၊ ထို့ကြောင့် ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများနှင့်ပတ်သက်၍ သုံးစွဲသူပြည်သူများအား ထိခိုက်နစ်နာ အောင် ဆောင်ရွက်မှုများနှင့် ဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ညွှန်ကြား ချက်များကို လိုက်နာဆောင်ရွက်ခြင်းမရှိပါက ဆက်သွယ်ရေးညွှန်ကြားမှုဦးစီး ဌာနသို့လည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာနသို့လည်းကောင်း တိုင်ကြား နိုင်ပါကြောင်း၊ တိုင်ကြားလာမှုများကိုဆက်သွယ်ရေးဥပဒေ၊ နည်းဥပဒေများ၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

## မြန်မာနိုင်ငံ ဆက်သွယ်ရေးကော်မရှင် ဥပဒေကြမ်း လွှတ်တော်သို့ တင်သွင်း

ထို့နောက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသာဦးက **မြန်မာနိုင်ငံ ဆက်သွယ်ရေးကော်မရှင် ဥပဒေကြမ်း**ကို လွှတ်တော် သို့ တင်သွင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးသိန်းလွင် က အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိပါက အမျိုးသားလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ဖေဖော်ဝါရီ ၁၁ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ စိုးဝင်းထွန်း**

*စာမျက်နှာ ၇ မှ*

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲတိုးသွင်က "လျှပ်စစ်ဓာတ်အားရရှိနိုင်မှုဆိုင်ရာ အထောက်အကူပြုအဖွဲ့" နှင့် စပ်လျဉ်း၍ လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးက "ပိုင်ဆိုင်မှု မှတ်ပုံတင်ခြင်းဆိုင်ရာ အထောက်အကူပြုအဖွဲ့" နှင့် စပ်လျဉ်း၍ လည်းကောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲအောင်က "ချေးငွေရရှိနိုင်မှုဆိုင်ရာ အထောက်အကူပြုအဖွဲ့"နှင့် စပ်လျဉ်း၍လည်းကောင်း၊ ပြည်တွင်းအခွန်များဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇေယျာကြည်ညွှန့်က "အခွန်ပေးဆောင်မှုဆိုင်ရာ အထောက်အကူပြုအဖွဲ့" နှင့် စပ်လျဉ်း၍ လည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုလေးက "ပြည်ပကုန်သွယ်မှုဆိုင်ရာ အထောက်အကူပြုအဖွဲ့" နှင့် စပ်လျဉ်း၍ လည်းကောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် ညွှန်ကြားရေးမှူးချုပ် ဒေါ်တင်နွယ်စိုးက "စာချုပ်စာတမ်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ အထောက်အကူပြုအဖွဲ့"နှင့် "အကြွေးပေးချေနိုင်မှုဆိုင်ရာ အထောက်အကူပြုအဖွဲ့" တို့နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ အထောက်အကူပြုအဖွဲ့များအလိုက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ တွေ့ကြုံရသည့် အခက်အခဲများ၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများနှင့် လိုအပ်သည့် အကြံပြုချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမင်းရဲပိုင်ဟိန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်းနှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းထွန်းနိုင်တို့က သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန် လွယ်ကူမှုအဆင့်တိုးတက်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများ၊ သတ်မှတ်ထားသည့်ကာလအလိုက် ဆောင်ရွက်မည့် လုပ်ငန်းများနှင့် လိုအပ်သည့်အကြံပြုချက်များကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် မြန်မာ့ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းရှင်များ ဖွံ့ဖြိုးတိုးတက်ရေး အသင်းဥက္ကဋ္ဌ ဦးခင်မောင်အေး၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) မှ အလုပ်အမှုဆောင် ဦးဇေယျာသူရမွန်တို့က ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန် လွယ်ကူမှု တိုးတက်ရေးတို့အတွက် ဆောင်ရွက်နေမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူး ဦးအောင်စိုးက ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ (၁၂)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များကို တင်ပြပြီး အစည်းအဝေးဆုံးဖြတ်ချက်ပေါင်း ၁၄ ချက်ကို အတည်ပြုချမှတ်ခဲ့သည်။

ယင်းနောက် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးမြင့်ဆွေက ရှင်းလင်းတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

## မချမ်းဘော့မြို့နယ်ရှိ ကောင်းမှုးလုန်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော်တွင် ထမနဲထိုးပြိုင်ပွဲကျင်းပ

**ပူတာအို ဖေဖော်ဝါရီ ၇**

ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘော့မြို့နယ် မလိခမြစ်ကမ်းနံဘေးတွင် တည်ထားကိုးကွယ်လျက်ရှိသော ရှေးဟောင်းသမိုင်းဝင် ကောင်းမှုးလုန် စေတီတော်မြတ်ကြီး၏ နှစ်ပေါင်း ၂၃၂၀ ပြည့်နှစ် ဗုဒ္ဓပူဇနိယပွဲတော်တွင် ထမနဲထိုးပြိုင်ပွဲကို ယနေ့ မွန်းလွဲပိုင်းက ဘုရားပရိဝုဏ်အတွင်း ကျင်းပသည်။

အဆိုပါ ထမနဲထိုးယှဉ်ပြိုင်ပွဲတွင် ဌာနဆိုင်ရာအသင်းများနှင့် ရပ်ကွက် ကျေးရွာအသင်းများ အသင်းပေါင်း ၁၃ သင်း ဝင်ရောက်ယှဉ်ပြိုင်ပြီး ဆုရရှိသည့် အသင်းများအား တာဝန်ရှိသူများက ဆုငွေများချီးမြှင့်ကာ အဆိုပါ ထမနဲများကို ဘုရားဖူးလာဧည့်သည်တော်များအား စတုဒိသာအဖြစ် ပေးဝေခဲ့ကြကြောင်း သိရသည်။

**ဆန်းညွန့်(ပူတာအို)**

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၇**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

**မိုး/ဇလ**

# အတူညီညာလက်တွဲလို့ ကလိုက်ကြစို့လေ

**အန်ကယ်ပညာ**



ပုဂံဈေးသည် ရောင်းဝယ်ဖောက်ကားသူများနှင့် စည်ကားလျက်ရှိသည်။ အသီးအရွက်တို့ သူ့ထက်ငါ လုယက်ရွေးချယ် ဝယ်နေကြသူများ၊ အဝတ်အထည်တို့ကို ကိုယ်တွင်ဟပ်၍ ဈေးဆစ်နေကြသူများ၊ အိုးပုတ်ချိုးရုပ်ကလေးများကို ကိုင်ကြည့် မှုတ်ကြည့်နေကြသူများ အားလုံးတို့သည် ရောင်းသူ ဝယ်သူ အသံတူဟု ဆိုသော်လည်း နှစ်ဦးနှစ်ဖက် နှလုံးကြည်ဖြူစွာ ရောင်းဝယ်နေကြသည်ကို တွေ့ရသည်။ ထိုအထဲတွင် ရောင်းသူလည်းမဟုတ်၊ ဝယ်ရာတွင်လည်း မပါသည့် လူတစ်ယောက်က ဈေးအတွင်း ဟိုမှသည် သည်မှဟို လူးလာလျှောက်နေသည်ကိုလည်း တွေ့ရသေးသည်။ ဈေးကို စနစ်တကျရှိစေရန် ကြီးကြပ်နေသူဖြစ်နိုင်သည်။

**တိုင်းပြည်၏ သာယာဝပြောမှု**

ဤသို့ စည်ကားလျက်ရှိသည်ဆိုသော ပုဂံဈေးတွင် ရောင်းသူအားလုံးတို့သည် ရောင်းကုန်ပစ္စည်းတို့ကို အထမ်းအရွက်၊ အလွယ်အပိုးတို့ဖြင့်သာ လာရောက်ရောင်းချကြကုန်သည်။ ဝယ်သူအားလုံးတို့ကလည်း မိမိဝယ်ယူထားသည့် ဈေးပစ္စည်းတို့ကို ထိုနည်းတူစွာပင် သယ်ဆောင်ကြလေသည်။ မည်သို့ပင်ဆိုစေကာမူ ပုဂံဈေးတွင် ရောင်းဝယ် ဖောက်ကားလျက်ရှိကြကုန်သော တိုင်းသူပြည်သားတို့၏ ပကတိအခြေအနေကို ကြည့်ရသည်မှာ အေးချမ်းလုံခြုံမှု၊ ချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှုတို့ ပေါင်းစည်းထားသည့် တိုင်းပြည်၏ သာယာဝပြောမှုကို စိတ်ကူးတွင် တွေ့မြင်နေရပြန်ပေသည်။

ထိုစဉ်ခဏတွင် ဈေးအသွင် လှုပ်ရှားလျက်ရှိသော ပုဂံဈေးသည် ရုတ်ရုတ်သဲသဲဖြစ်သွားသည်ကို တွေ့ရ၏။ ရောင်းသူ ဝယ်သူအားလုံးတို့သည် မိမိတို့၏ အထမ်းအရွက်တို့ကို မြေတွင်ချကာ တစ်နေရာတွင် စုရုံးလိုက်ကြ၏။ ထိုနေရာတွင် မြေပေါ်သို့ ညီညာစွာ ထိုင်ချလိုက်ကြ၏။ လှုပ်ရှားဆူညံသံတို့သည် တစ်ခဏအတွင်းမှာပင် ငြိမ်သက်တိတ်ဆိတ်ခြင်းဖြင့် အဆုံးသတ်သွားလေ၏။ ထိုလူစုလူဝေးကို ဦးဆောင်သူမှာ ဈေးအတွင်း လူးလာခေါက်ပြန် လျှောက်နေသည့်သူ ဖြစ်နေလေ၏။ ဈေးကို ကြီးကြပ်နေသူဟု ထင်မြင်ခဲ့သည့် မိမိ၏ ထင်မြင်ချက်သည်ပင် အမှန်ဖြစ်၍နေ၏။ ထိုသူဦးဆောင်လျက် တိတ်ဆိတ်ငြိမ်သက်စွာ စုဝေးစောင့်ဆိုင်းနေကြသည်မှာ မည်သည့်အတွက်ကြောင့်ပါနည်း။ မည်သူ့ကို စောင့်ဆိုင်းနေကြပါသနည်း။

မိမိဘေးတွင် ထိုင်နေသည့် သမီးထွေးသည်လည်း ထိုအတွေးနှင့်ပင် ရှိနေလိမ့်မည် ထင်ပါသည်။ သူသည်လည်း စိတ်ဝင်တစားနှင့် ငြိမ်ချက်သားကောင်းနေ၏။ ဤသို့ စိတ်ကိုဖမ်းစားနိုင်သည့် မြင်ကွင်းမျိုးကြည့်ရှုခံစားနိုင်စေရန် အစပြုသူမှာ သမီးထွေးပင်ဖြစ်၏။ သူငယ်စဉ်က ကြည့်ခဲ့ဖူးသည့် ပုဂံနန်းတော်ထဲက အကတွေကို သိပ်မမှတ်မိတော့သဖြင့် ပြန်ကြည့်လိုကြောင်း ဖခင်ဖြစ်သူကို ပူဆာသဖြင့် ဒုတိယအကြိမ် ပို့ဖြစ်ခြင်းဖြစ်၏။ သမီးထွေးပြောသည့် ပုဂံနန်းတော်ထဲက အကဆိုသည်မှာ ပုဂံမြို့ဟောင်းရှိ သိရီဇေယျာဘူမိ ပုဂံရွှေနန်းတော်ကြီးတွင် ပြသဖျော်ဖြေသည့် မြန်မာ့ရိုးရာယဉ်ကျေးမှုပဒေသာ ကပွဲပင်ဖြစ်၏။ ယခင် တစ်ခေါက်ပို့ခဲ့စဉ်က သမီးထွေးမှာ မူလတန်းကျောင်းသူ အရွယ်သာဖြစ်သေးသဖြင့် မပြောဖြစ်ခဲ့သော်လည်း ယခုအခါတွင် အလယ်တန်းကျောင်းသူ ဖြစ်နေပြီဖြစ်၍ ကပွဲမစမီ စကားတစ်ခွန်းကို ပြောဖြစ်ခဲ့၏။

"ဒီည ကပွဲကြည့်တဲ့အခါ ကပွဲနဲ့အတူ စီးမျောလိုက်ပါပြီး ကြည့်တတ်ရမယ်သမီး"

"ဘယ်လို စီးမျောရမှာလဲ ဖေဖေ"

"အနုပညာအားလုံးဟာ သူတို့နဲ့အတူ စီးမျောလိုက်ပါမှ ငြိမ့်ညောင်းတဲ့ အရသာနဲ့ ထိတွေ့နိုင်မှာပါ။ ဘာတွေမှာ ဘယ်လို စီးမျောရမလဲဆိုရင် ဇာတ်လမ်းဇာတ်ကြောင်းတွေမှာ စီးမျောရမယ်။ ဇာတ်ကောင်တွေရဲ့ ဟန်ပန်အမူအရာတွေမှာ စီးမျောရမယ်။ သံစဉ်တီးလုံးတွေမှာ စီးမျောရမယ်။ သုံးနှုန်းတဲ့ စကားလုံးတွေမှာ စီးမျောရမယ်။ သမီးနားလည်လွယ်အောင် ပြောရမယ်ဆိုရင် စင်ပေါ်မှာ ဖျော်ဖြေပေးနေတဲ့သူတွေထဲမှာ သမီးလည်း ပါနေတယ်ဆိုတဲ့ အတွေးမျိုးနဲ့ ကြည့်တတ်ဖို့ပါပဲ။ စင်ပေါ်မှာ ကနေသူတွေနဲ့ သမီးကြားမှာ ဘာအတားအဆီးနဲ့မှ ကန့်သတ်ထားတာ မရှိဘူးဆိုတဲ့ သဘောပေါ့။ အဲဒီလိုစိတ်ထားနဲ့ အနုပညာတစ်ခုကို ခံစားကြည့်ရှုတာဟာ အနုပညာနဲ့အတူ လိုက်ပါစီးမျောတယ်လို့ ဆိုချင်ပါတယ်။ ဒါဆိုရင် အနုပညာရဲ့ နက်နဲတဲ့ လျှို့ဝှက်ချက်ကို သမီးကိုယ်တိုင်တွေ့ရလိမ့်မယ်လို့ ဖေဖေယုံကြည်တယ်"။

ကပွဲ မစတင်မီ ဤသို့ ပြောခဲ့၍လားမသိ။ သမီးထွေးသည် ကပွဲတင်ဆက်မှုကို စိတ်ဝင်တစားကြည့်ရှုနေလေသည်။

ပထမမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်သည့် ပုဂံပြည့်ရှင် မဟာရာဇသိရီ အနိရုဒ္ဓဒေဝ အနော်ရထာမင်းကြီးသည် မှူးကြီးမတ်ရာ သေနာပတိများ ခြံရံလျက် ပုဂံဈေးသို့ရောက်ရှိ လာလေသည်။ ဈေးကိုကြီးကြပ်သူနှင့်ထိုင်လျက် အသင့်စောင့်နေကြသည့် ရောင်းဝယ် ဖောက်ကားသူ အပေါင်းတို့သည် ပြည့်ရှင်မင်းကို လက်အုပ်ချီမိုး၍ ခရီးဦးကြို အရိုအသေပြုလိုက်ကြသည်။ ထိုအခိုက်တွင် ပြည့်ရှင်မင်း၏ နောက်တော်ပါးတွင် ပါလာကြသည့် ရံရွေတော် အပျိုတစ်သိုက်သည် ဈေးကွက်လပ်တွင် နေရာယူလိုက်ကြသည်။ ပြီးလျှင် ပုဂံအကဖြင့် ဖျော်ဖြေကြလေ၏။ ထိုအကကို ပြည့်ရှင်မင်းနှင့်တကွ ရောင်းဝယ် ဖောက်ကားကြသည့် ပြည်သူအပေါင်းက ရှုစားကြလေသည်။

လှပျိုဖြူတို့၏ ပုဂံအကအပြီး ပြည့်ရှင်မင်းသည် သိရီဇေယျာဘူမိ ပုဂံရွှေနန်းတော်သို့ ပြန်မည်အပြုတွင် ရှင်အရဟံမထေရ်မြတ် ကြွချီလာသည်နှင့် ကြုံလေသည်။ ပြည့်ရှင်မင်းသည် ရှင်အရဟံမထေရ်မြတ်ကို ဝေါယာဉ်ထက်မှ ဆင်း၍ ခရီးဦးကြို အရိုအသေပြုပြီးလျှင် မထေရ်မြတ်ကို ဝေါယာဉ်ပေါ်တင်ကာ နန်းတော်သို့ ပင့်ဆောင်သွားလေသည်။

ဤသို့ ပုဂံရာဇဝင်ကို စင်မြင့်ထက်တွင် ပုံခင်း၍ တင်ဆက်နေချိန်တွင် နောက်ခံမြင်ကွင်းအဖြစ် ပုဂံခေတ်မြန်မာအမျိုးသားများ၏ သန်မာထွားကျိုင်းပုံ၊ နိုင်ငံတော်ကာကွယ်ရေးအတွက် ပန်းပဲဖိုများတွင် ဓားလှံလက်နက် ထုတ်လုပ်နေကြပုံ၊ စစ်သည်တော်များ စစ်ချီစစ်ထိုးနေကြပုံ၊ စေတီပုထိုးများ တည်ထားကိုးကွယ်နေကြပုံ စသည့် ပုဂံခေတ်၏ သမိုင်းပုံရိပ်များကို ပရိုဂျက်တာဖြင့် ထိုး၍ ကကွက်များနှင့် လိုက်လျောညီထွေစွာ ပြသထားပေသေးသည်။

**မြန်မာဟူသည့်ဂုဏ်ကို ပုဂံက မြှင့်တင်ပေးခဲ့**

အနုပညာတွင် စီးမျောလိုက်ပါရင်း ကြည့်ရှုခံစားရန် သမီးထွေးကို ပြောဖြစ်ခဲ့သောမိမိသည်ပင်လျှင် ပုဂံခေတ်ယဉ်ကျေးမှု၏ တစ်ပိုင်းတစ်စမျှသော တင်ဆက်မှုတွင် မျောပါသွားခဲ့သည်ကို ဝန်ခံရပေမည်။ မြန်မာဟူသည့် ဂုဏ်ကို ပုဂံက မြှင့်တင်ပေးခဲ့သည်ဟူသည့် အသိက မိမိကိုယ်တိုင် မြန်မာဖြစ်ရသည်ကို များစွာဂုဏ်ယူမိစေသည်ကား အမှန်ပင်ဖြစ်လေသည်။

ပုဂံယဉ်ကျေးမှုအကများအပြီးတွင် မြန်မာ့ရိုးရာယဉ်ကျေးမှုအကများဖြင့် ဆက်လက်တင်ဆက်ပေးပြန်သည်။ မြန်မာ့ရိုးရာအကများတွင် အလှူလှည့်လည်ပွဲ၊ ဆင်အက၊ သင်္ကြန်ယိမ်း၊ သီတင်းကျွတ်မီးထွန်းပွဲ၊ သူငယ်တော်ယိမ်း၊ အပျိုတော်ယိမ်း၊ ပုသိမ်ထီးအကနှင့် ခြင်းဝိုင်းအကတို့ဖြင့် ကပြဖျော်ဖြေကြလေ၏။

ပြီးလျှင် တိုင်းရင်းသားရိုးရာအကများဖြစ်သည့် ကချင်မနော အက၊ ကယားဒွေးမယ်နော် အက၊ ကရင်ဒုံးယိမ်း၊ ချင်းရိုးရာ အက၊ ဗမာနှစ်ပါးသွား အက၊ မွန်ရိုးရာ အက၊ ရခိုင်ဆီမီးခွက် အကနှင့် ရှမ်းရိုးရာ ကိန္နရီ ကိန္နရာ အကတို့ဖြင့် ဖျော်ဖြေကြပြန်သည်။ ထူးခြားချက်မှာ မြန်မာ့ရိုးရာ အလှူလှည့်လည်ပွဲတွင်ပါဝင်သည့် ဦးရွှေရိုးနှင့် ဒေါ်မိုးတို့စုံတွဲသည် မြန်မာ့ရိုးရာအကများနှင့် တိုင်းရင်းသားရိုးရာ အကတိုင်းတွင် ပါဝင်ကပြခြင်းပင်ဖြစ်၏။ ခါးမသန် မျက်မှန်ကို အားပြုရသည့် လူရိုးကြီး ဦးရွှေရိုးနှင့် ဆတ်ဆတ်ထိမခံ ဟန်ပန်ကြီးမားလွန်းသည့် အပျိုဟိုင်းကြီး ဒေါ်မိုးတို့၏ ကပေါက်တိ ကပေါက်ချာနိုင်သော ဆက်ဆံရေးအကများက ကြည့်ရသူ၏ဘဝင်ကို ရွှင်မြူးစေသည်မှာ အမှန်ဖြစ်၏။ နောက်ဆုံးတွင် တိုင်းရင်းသားပေါင်းစုံနှင့် ပဒေသာကပွဲကြီးတွင် ပါဝင်ကပြကြသူ အားလုံးတို့၏ စုပေါင်းအကဖြင့် ပွဲသိမ်းခဲ့လေသည်။

**ပြည်ထောင်စု ဟု ခေါ်လေသည်**

ထိုစုပေါင်းကပွဲတွင် သီဆိုခဲ့ကြသည့် သီချင်းစာသားများအနက် မိမိနှလုံးသားတွင် စွဲထင်ကျန်ရစ်ခဲ့သော စာသားအချို့မှာ “အတူညီညာလက်တွဲလို့ ကလိုက်ကြစို့လေ...အစဉ်အလာမပျက်တဲ့ ရိုးရာပွဲကြီးတွေ..” ဟူ၍ ဖြစ်လေသည်။ ထိုစာသားကို တွေးကြည့်လေ လေးနက်မှုရှိလေ ဖြစ်ရလေ၏။ တိုင်းရင်းသားတို့၏ ရိုးရာအကတို့ကို ကြည့်ခဲ့စဉ်က အားလုံးသည် သူ့အသံနှင့်သူ့ဟန်၊ သူ့အကနှင့်သူ့အလှ လိုက်ဖက်ညီလှသည်ကို တွေ့ရ၏။ ကိုယ်ပိုင်ဟန် ကိုယ်ပိုင်အလှတွေနှင့်ချည်း ဖြစ်၏။

သို့ရာတွင် လူမျိုးတို့ကွဲပြားကြ၏။ ဝတ်စုံတို့ အမျိုးမျိုးရှိကြ၏။ ဘာသာစကားလည်း မတူညီကြ။ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးစံနှင့် ကိုးကွယ်ယုံကြည်မှုတို့လည်း အမျိုးမျိုး ရှိကြပေလိမ့်မည်။ နေထိုင်ရာ အရပ်သည်လည်း တောင်ပေါ်နှင့်မြေပြန့်၊ မြေပြန့်နှင့်မြစ်ဝှမ်း၊ မြစ်ဝှမ်းနှင့် ကမ်းနားဟူ၍ ခြားနားလျက်ရှိနေပြန်သည်။ ထိုသို့သော မတူကွဲပြားမှုအပေါင်းကို တစုတစည်းတည်း ပေါင်းစုထားခြင်းကို ပြည်ထောင်စုဟု ခေါ်လေသည်။

**“ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသော ပြည်ထောင်စုသား အားလုံးတို့သည် ပြည်ထောင်စုဖွား တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံတို့ကို အပြန်အလှန် လေးစားကြရမည် ဖြစ်ပေသည်။ တိုင်းရင်းသား အချင်းချင်း ချစ်ကြည်ရင်းနှီးကြရန် လိုပါသည်။ သွေးစည်းညီညွတ်ကြရန် လိုပါသည်။ ဤသို့ သွေးစည်းညီညွတ်ရေးအတွက် တိုင်းရင်းသား ရိုးရာအကများက အဓိကကျသည့် အခန်းကဏ္ဍတွင် ပါဝင်နေသည်ကို သတိထားမိပါသည်”**

ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသော ပြည်ထောင်စုသားအားလုံးတို့သည် ပြည်ထောင်စုဖွား တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံတို့ကို အပြန်အလှန် လေးစားကြရမည် ဖြစ်ပေသည်။ တိုင်းရင်းသား အချင်းချင်းချစ်ကြည်ရင်းနှီးကြရန် လိုပါသည်။ သွေးစည်းညီညွတ်ကြရန် လိုပါသည်။ ဤသို့ သွေးစည်းညီညွတ်ရေးအတွက် တိုင်းရင်းသား ရိုးရာအကများက အဓိကကျသည့် အခန်းကဏ္ဍတွင် ပါဝင်နေသည်ကို သတိထားမိပါသည်။

အဘယ်ကြောင့်ဆိုသော် အနုပညာသည် လူတို့၏ စိတ်ကို ပါဝင်စီးမျောစေရန် အကောင်းဆုံးသော စွမ်းအားရှိသည့် ရေအလျင် တစ်မျိုးဖြစ်ပါသည်။ ထို့အပြင် တိုင်းရင်းသားအားလုံးတို့၏ ရှိရင်းစွဲ မျိုးချစ်စိတ် တိုင်းချစ်ပြည်ချစ်စိတ်တို့ ထာဝစဉ်ရှင်သန်ထက်မြက်နေစေရန် နှိုးဆော်ပေးနိုင်သည့် စွမ်းအားရှင်မှာလည်း အနုပညာပင်ဖြစ်ပါသည်။

သို့ဖြစ်၍ ပုဂံမူလဟန်အတိုင်း ပြန်လည်ဖော်ထုတ်တည်ဆောက်သော ပထမမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်သည့် မဟာရာဇသိရီ အနိရုဒ္ဓဒေဝ အနော်ရထာမင်းကြီး၏ ပုဂံမြို့ဟောင်း၊ သိရီဇေယျာဘူမိ ပုဂံရွှေနန်းတော်ကြီးတွင် ကပြဖျော်ဖြေသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု ပဒေသာကပွဲကြီးက ရရှိလိုက်သည့် အတွေးအမြင်အချို့ကို ရေးသားတင်ပြလိုက်ရပေသည်။

မြန်မာတိုင်းရင်းသားအားလုံး “အတူညီညာလက်တွဲလို့ ကလိုက်ကြစို့လေ..အစဉ်အလာမပျက်တဲ့ ရိုးရာပွဲကြီးတွေ.....” ဟူ၍သာ....။ ။

**“မိမိနှလုံးသားတွင် စွဲထင်ကျန်ရစ်ခဲ့သော စာသားအချို့မှာ “အတူ ညီညာလက်တွဲလို့ ကလိုက်ကြစို့လေ...အစဉ်အလာမပျက်တဲ့ ရိုးရာပွဲကြီးတွေ..” ဟူ၍ ဖြစ်လေသည်။ ထိုစာသားကို တွေးကြည့်လေ လေးနက်မှုရှိလေ ဖြစ်ရလေ၏။ တိုင်းရင်းသားတို့၏ ရိုးရာအကတို့ကို ကြည့်ခဲ့စဉ်က အားလုံးသည် သူ့အသံနှင့်သူ့ဟန်၊ သူ့အကနှင့်သူ့အလှ လိုက်ဖက်ညီလှသည်ကို တွေ့ရ၏။ ကိုယ်ပိုင်ဟန် ကိုယ်ပိုင်အလှတွေနှင့်ချည်း ဖြစ်၏”**

# ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေး ဥပဒေကြမ်း

**ပြည်သူများသိရှိလေ့လာ အကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးဥပဒေကြမ်း**

**(၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်**

**၁၃၈၁ ခုနှစ်၊ လ ရက်**

**(၂၀၂၀ ပြည့်နှစ်၊ လ ရက်)**

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

**အခန်း(၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ကူးစက်ရောဂါ** ဆိုသည်မှာ လူတစ်ဦးမှတစ်ဦးသို့ လည်းကောင်း၊ တိရစ္ဆာန်မှ လူသို့ လည်းကောင်း၊ လူမှ တိရစ္ဆာန်သို့ လည်းကောင်း၊ သွေးနှင့် သွေးထွက်ပစ္စည်း၊ ဆေးပစ္စည်းကိရိယာနှင့် လူ့ခန္ဓာကိုယ် အစိတ်အပိုင်းများမှတစ်ဆင့် လူသို့လည်းကောင်း၊ လူ့အသုံးအဆောင်ပစ္စည်းများမှတစ်ဆင့် လူသို့လည်းကောင်း၊ အစားအသောက်မှတစ်ဆင့် လူသို့ လည်းကောင်း၊ ခြင်၊ ယင်၊ လေးစသည့် ပိုးမွှားကောင်များမှတစ်ဆင့် လူသို့လည်းကောင်း၊ လေထု၊ ရေထုနှင့် မြေထုတို့မှတစ်ဆင့် လူသို့လည်းကောင်း ကူးစက်တတ်သောရောဂါကို ဆိုသည်။

(ခ) **ကူးစက်မြန်ရောဂါ** ဆိုသည်မှာ လျင်မြန်စွာ ကူးစက်ဖြစ်ပွားနိုင်သည့် ရောဂါများဖြစ်သော ကာလဝမ်းရောဂါ၊ ပလိပ်ရောဂါ၊ ကူးစက်မြန်ပြင်းထန် ဦးနှောက်အမြှေးရောင် ရောဂါ (Meningo-coccal Meningitis)၊ ကြက်ငှက်တုပ်ကွေးရောဂါ၊ ကူးစက်မြန်ပြင်းထန်အဆုတ်ရောင်ရောဂါ (SARS)၊ အရှေ့အလယ်ပိုင်း အသက်ရှူလမ်းကြောင်း ရောဂါ (MERS-Cov)၊ အီဘိုလာဗိုင်းရပ်စ်ရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ဝန်ကြီးဌာနက အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ ကူးစက်မြန်ရောဂါအဖြစ်သတ်မှတ်သည့် ကူးစက်ရောဂါများလည်း ပါဝင်သည်။

(ဂ) **သတင်းပို့တိုင်ကြားရမည့်ကူးစက်ရောဂါ** ဆိုသည်မှာ ကူးစက်ရောဂါဖြစ်ပွားကြောင်း သိရှိလျှင် သိရှိခြင်း သို့မဟုတ် သတ်မှတ်ထားသည့် အချိန်ကာလအတွင်း သက်ဆိုင်ရာသို့ တိုင်ကြားရန် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သည့် ကူးစက်ရောဂါကို ဆိုသည်။

(ဃ) **အညစ်အကြေး** ဆိုသည်မှာ အမှိုက်သရိုက်၊ စားကြွင်းစားကျန်၊ ရေပုပ်၊ ရေသိုး၊ တိရစ္ဆာန် အသေကောင်ဖြစ်စေ၊ ဆေးရုံ၊ ဆေးခန်း၊ ဓာတ်ခွဲခန်း၊ စက်ရုံနှင့် အလုပ်ရုံများမှ စွန့်ထုတ်သည့် အမှုန်၊ အခိုးအငွေ့၊ ဇီဝပစ္စည်း၊ ဓာတုပစ္စည်းနှင့် အဏုမြူဓာတ်ကြွပစ္စည်းများဖြစ်စေ၊ လူနှင့်တိရစ္ဆာန်တို့မှ ထွက်ရှိသော သွေး၊ သလိပ်၊ ပြည်၊ တံတွေး၊ ဆီး၊ မစင်၊ ခန္ဓာကိုယ်မှထွက်ရှိသော အရည်နှင့် ခန္ဓာကိုယ်အစိတ်အပိုင်းတို့ကိုဖြစ်စေ ဆိုသည်။

(င) **အစားအသောက်** ဆိုသည်မှာ လူတို့ အသင့်စားသုံးနိုင်သော၊ သောက်သုံးနိုင်သော သို့မဟုတ် ဝါးထွေးနိုင်သော ပစ္စည်းကို ဆိုသည်။ ယင်းစကားရပ်ကွင် စားသုံးခြင်း၊ သောက်သုံးခြင်း သို့မဟုတ် ဝါးထွေးခြင်းပြုလုပ်ရာ၌ အသုံးပြုသောပစ္စည်းများနှင့် အစားအသောက် ထုတ်လုပ်ရာတွင်ပါဝင်သည့် ကုန်ကြမ်းပစ္စည်းနှင့် ထပ်ဖြည့်ပစ္စည်းတို့လည်း ပါဝင်သည်။

(စ) **ကျန်းမာရေးအရာရှိ** ဆိုသည်မှာ ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန် ဦးစီးဌာနက တာဝန်ပေးအပ်ခြင်းခံရသော အရာရှိကိုဆိုသည်။ ယင်းစကားရပ်တွင် ဝန်ကြီးဌာနက သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းပြီး ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်ခြင်းခံရသော အခြား အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းမှ အရာရှိများလည်း ပါဝင်သည်။

(ဆ) **ကျန်းမာရေးဝန်ထမ်း** ဆိုသည်မှာ အစိုးရဌာနနှင့် အစိုးရအဖွဲ့အစည်းအသီးသီးတွင် ကျန်းမာရေးလုပ်ငန်းများကို ဆောင်ရွက်ရန် တာဝန်ပေးအပ်ခြင်းခံရသူကို ဆိုသည်။ ယင်းစကားရပ်တွင် တိုင်းရင်းဆေးကောင်စီဥပဒေအရ မှတ်ပုံတင်ပြီးသော တိုင်းရင်းဆေးပညာတတ်ကျွမ်းသူလည်း ပါဝင်သည်။

(ဇ) **ပုဂ္ဂလိကကျန်းမာရေးဝန်ထမ်း** ဆိုသည်မှာ ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်း၊ ဓာတ်ခွဲခန်းနှင့် ကျန်းမာရေးဌာနများတွင် ကျန်းမာရေးလုပ်ငန်းများကို ဆောင်ရွက်နေသူကိုဆိုသည်။

(ဈ) **ကူးစက်ရောဂါနှင့်စပ်လျဉ်း၍ကြိုတင်ကာကွယ်ခြင်း၊ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း** ဆိုသည်မှာ ကူးစက်ရောဂါမဖြစ်ပွားစေရေးနှင့် ကူးစက်ရောဂါ ဖြစ်ပွားပျံ့နှံ့မှု ထိန်းချုပ်နိုင်ရေးတို့အတွက် ရောဂါဖြစ်ပွားမှုအခြေအနေများကို သတင်းရယူခြင်း၊ ရောဂါဖြစ်ပွားသူနှင့် အနီးကပ်ထိတွေ့သူများအား လိုအပ်သောကျန်းမာရေး စစ်ဆေးခြင်း၊ ဓာတ်ခွဲစစ်ဆေးခြင်း၊ သီးခြားထားရှိကုသခြင်း၊ ကျန်းမာရေးပညာပေးခြင်း၊ လိုအပ်ပါက သေဆုံးသူအား ရင်ခွဲစစ်ဆေးခြင်း၊ အသွားအလာတားမြစ်ပိတ်ပင်ခြင်း၊ ကန့်သတ်ခြင်းတို့အပါအဝင် ကူးစက်ရောဂါကာကွယ်ကုသနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ဝန်ကြီးဌာနက လိုအပ်သလို သတ်မှတ်ဆောင်ရွက်မည့် ကူးစက်ရောဂါနှင့်စပ်လျဉ်း၍ ကြိုတင်ကာကွယ်ခြင်း၊ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများလည်း ပါဝင်သည်။

(ည) **သီးခြားထားရှိကုသခြင်း** ဆိုသည်မှာ ကူးစက်ရောဂါရှိသော လူ သို့မဟုတ် တိရစ္ဆာန်မှတစ်ဆင့် အခြားလူ သို့မဟုတ် တိရစ္ဆာန်များသို့တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော် လည်းကောင်း ကူးစက်ရောဂါပိုးကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်နိုင်ရေးအတွက် သတ်မှတ်ထားသောနေရာ၌ သတ်မှတ်ထားသော အခြေအနေများနှင့်အညီ ကူးစက်ရောဂါရှိသော လူ သို့မဟုတ် တိရစ္ဆာန်ကို ကူးစက်နိုင်သောကာလ ကုန်ဆုံးသည်အထိ သီးသန့်ခွဲခြားထားရှိ ကုသခြင်းကိုဆိုသည်။ ယင်းစကားရပ်တွင် လိုအပ်ပါက ယာဉ်နှင့် အခြားပစ္စည်းများကို သီးသန့်ခွဲခြားထားရှိခြင်းလည်း ပါဝင်သည်။

(ဋ) **အသွားအလာတားမြစ်ပိတ်ပင်ခြင်း သို့မဟုတ် ကန့်သတ်ခြင်း** ဆိုသည်မှာ အခြားသူများသို့ ကူးစက်ရောဂါ ဖြစ်ပွားပျံ့နှံ့မှုမရှိစေရေးအတွက် ကူးစက်ရောဂါဖြစ်ပွားသူ သို့မဟုတ် သံသယလူနာ သို့မဟုတ် ကူးစက်ရောဂါဖြစ်ပွားသူ တစ်ဦးဦးနှင့် ထိတွေ့ခဲ့သူ သို့မဟုတ် ကူးစက်ရောဂါဖြစ်ပွားသူနှင့် အနီးကပ်နေထိုင်ခဲ့သူ၊ ရောဂါပိုးကူးစက်နိုင်သော အရာဝတ္ထု၊ ပစ္စည်း သို့မဟုတ် ပတ်ဝန်းကျင်နှင့် ထိတွေ့ခဲ့သည်ဟု သံသယရှိသူ သို့မဟုတ် တိရစ္ဆာန်ကို သတ်မှတ်ထားသည့် ကာလအထိ အခြားသူများနှင့် မထိတွေ့စေရန် အသွားအလာ တားမြစ်ပိတ်ပင်ခြင်း သို့မဟုတ် ကန့်သတ်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ယာဉ်နှင့်ကုန်ပစ္စည်းများ၏ အသွားအလာကို တားမြစ်ပိတ်ပင်ခြင်း သို့မဟုတ် ကန့်သတ်ခြင်းလည်း ပါဝင်သည်။

(ဌ) **ကူးစက်ရောဂါကပ်အသွင်ဖြစ်ပွားမှု** ဆိုသည်မှာ သတ်မှတ်ထားသည့် ရပ်ရွာလူထု၊ ဒေသ၊ ကာလအတွင်း မျှော်မှန်းထားသည့် ပမာဏ သို့မဟုတ် အခြေအနေထက်ပိုမို၍ ကူးစက်ရောဂါဖြစ်ပွားလျှင်ဖြစ်စေ၊ ဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ကပ်အသွင်ဖြစ်ပွားသည်ဟု အခါအားလျော်စွာ သတ်မှတ်သည့် ကူးစက်ရောဂါဖြစ်ပွားမှုကို ဖြစ်စေ ဆိုသည်။

(ဍ) **ကျန်းမာရေးဌာန** ဆိုသည်မှာ ပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်သော အစိုးရကျန်းမာရေးဌာန သို့မဟုတ် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းကို ဆိုသည်။

(ဎ) **ကူးစက်ရောဂါရှိသူ** ဆိုသည်မှာ ကူးစက်ရောဂါတစ်ခုခု ဖြစ်ပွားနေသည်ဟု ကျန်းမာရေးဌာနတစ်ခုခုက အတည်ပြု သတ်မှတ်ခြင်းခံထားရသူကို ဆိုသည်။

(ဏ) **သံသယလူနာ** ဆိုသည်မှာ ကူးစက်ရောဂါ ဖြစ်ပွားနေသည်ဟု ဓာတ်ခွဲစစ်ဆေးချက်ဖြင့် အတည်မပြုရသေးသော်လည်း သံသယဖြစ်ဖွယ် ကူးစက်ရောဂါလက္ခဏာများ ပေါ်ပေါက်နေသူ သို့မဟုတ် ကျန်းမာရေးဝန်ထမ်းတစ်ဦးဦးက ကူးစက်ရောဂါဖြစ်ပွားဖွယ်ရှိသည်ဟု မှတ်ချက်ပြုခြင်းခံရသူ သို့မဟုတ် ကူးစက်ရောဂါဖြစ်ပွားရာဒေသသို့ သတ်မှတ်အချိန်ကာလအတွင်း သွားလာခဲ့ပြီး သံသယဖြစ်ဖွယ် ကူးစက်ရောဂါ လက္ခဏာများ ပေါ်ပေါက်နေသူကို ဆိုသည်။

(တ) **အိမ်ထောင်ဦးစီး** ဆိုသည်မှာ သက်ဆိုင်ရာ ဥပဒေအရသတ်မှတ်ထားသော အိမ်ထောင်စု စာရင်းပုံစံတွင် အိမ်ထောင်ဦးစီးအဖြစ် ဖော်ပြထားသူကို ဆိုသည်။

(ထ) **အိမ်ထောင်စုဝင်** ဆိုသည်မှာ သက်ဆိုင်ရာဥပဒေအရ သတ်မှတ်ထားသော အိမ်ထောင်စု စာရင်းပုံစံတွင်ပါရှိသူကို ဆိုသည်။

(ဒ) **လုပ်ငန်းရှင်** ဆိုသည်မှာ လုပ်ငန်းတစ်ခုခုတွင် အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်အရ နှစ်ဦးနှစ်ဖက် သဘောတူညီသော အခကြေးငွေဖြင့် အလုပ်သမားတစ်ဦးကို ဖြစ်စေ၊ အများကိုဖြစ်စေ ငှားရမ်းလုပ်ကိုင်၍ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း စီမံကွပ်ကဲအုပ်ချုပ်ပြီး အလုပ်သမားကို လုပ်ခပေးရန် တာဝန်ရှိသူကိုဆိုသည်။ ယင်းစကားရပ်တွင် လုပ်ငန်းရှင်၏ တရားဝင်ကိုယ်စားလှယ်လည်း ပါဝင်သည်။

(ဓ) **တာဝန်ခံပုဂ္ဂိုလ်** ဆိုသည်မှာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ ပုဂ္ဂလိက သို့မဟုတ် ပရဟိတအဖွဲ့အစည်းများ သို့မဟုတ် လုပ်ငန်းတစ်ခုခုတွင် စီမံခန့်ခွဲမှုဆိုင်ရာ တာဝန်ပေးအပ်ခြင်းခံရသူကို ဆိုသည်။

(န) **ယာဉ်တာဝန်ခံ** ဆိုသည်မှာ လေယာဉ်၊ ရေယာဉ်၊ မော်တော်ယာဉ် သို့မဟုတ် အခြားယာဉ် တစ်မျိုးမျိုးအား တာဝန်ယူဦးစီးသူကို ဆိုသည်။

(ပ) **ဗဟိုကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသည့် ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးနှင့် အပြည်ပြည်ဆိုင်ရာ ပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေဆိုင်ရာ ဗဟိုကော်မတီကို ဆိုသည်။

(ဖ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကိုဆိုသည်။

(ဗ) **ဝန်ကြီးဌာနက လုပ်ပိုင်ခွင့်အပ်နှင်းခြင်းခံရသော အဖွဲ့အစည်း** ဆိုသည်မှာ ကူးစက်ရောဂါနှင့် စပ်လျဉ်း၍ ကြိုတင်ကာကွယ်ခြင်း၊ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှက လုပ်ပိုင်ခွင့်ပေးအပ်ထားသော ပြင်ပအဖွဲ့အစည်းကို ဆိုသည်။

(ဘ) **ဦးစီးဌာန** ဆိုသည်မှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာနကို ဆိုသည်။

**အခန်း (၂)**

**ရည်ရွယ်ချက်**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကူးစက်ရောဂါဖြစ်ပွားပျံ့နှံ့မှုနှင့် ကူးစက်ရောဂါ ကပ်အသွင်ဖြစ်ပွားမှုများကို ကာကွယ်နှိမ်နင်းနိုင်ရန်၊

(ခ) ကူးစက်ရောဂါနှင့် ကူးစက်မြန်ရောဂါများ ဖြစ်ပွားလာပါက လိုအပ်သော စုံစမ်းစစ်ဆေးခြင်း၊ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း၊ ရောဂါထိန်းချုပ်ခြင်း လုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရန်၊

(ဂ) ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ထားသည့် အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများနှင့်အညီ ထိရောက်စွာ ဆောင်ရွက်နိုင်ရန်။

*ဆက်လက်ဖော်ပြပါမည်*

## ပြည်သူ့လွှတ်တော်သို့ လာရောက်လေ့လာ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးလဂန်ဇယ်ဂျုံး ဝိုင်းမော်မဲဆန္ဒနယ်၏ မိတ်ဆွေ တစ်ဦး၊ ဦးဇော်မင်း အုတ်ဖိုမဲဆန္ဒနယ်၏ မိသားစုဝင်ငါးဦး၊ ဦးစိုင်းဦးခမ်း သိန္နီမဲဆန္ဒနယ်၏ မိတ်ဆွေ ၄၃ ဦး၊ ဦးထွန်းထွန်း ပွင့်ဖြူမဲဆန္ဒနယ်၏ မိတ်ဆွေများဖြစ်ကြသည့် အခြေခံပညာ မူလတန်းလွန်ကျောင်း(အင်းကုန်း)မှ ဆရာ/ဆရာမနှင့် ကျောင်းသား ကျောင်းသူ ၅၀ ၊ ရန်ကုန်တက္ကသိုလ်၊ နိုင်ငံတကာဆက်ဆံရေးဌာန၊ အမှတ်စဉ်(၁၆) ဘွဲ့လွန်ဒီပလိုမာသင်တန်းမှ ဒေါက်တာသန်းလွင်ဦး(ကထိက) ဦးဆောင်သည့် ကျောင်းသား ကျောင်းသူ ၂၆ ဦးနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ စာရင်းစစ်-၃ များ လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းအမှတ်စဉ် (၅၀)မှ ဒေါ်သန္တာမော် ဦးဆောင်သည့် အုပ်ချုပ်သူနှင့် သင်တန်းသား/ သင်တန်းသူ ၁၂၄ ဦး စုစုပေါင်း ၂၄၉ ဦးတို့သည် ယနေ့နံနက်၁၀နာရီတွင် ကျင်းပသည့် ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ တက်ရောက်လေ့လာပြီး လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုခဲ့ကြသည်။

ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတင်ကျင်းပသည့်နေ့ရက်မှ ယနေ့အထိပြည်သူ့လွှတ်တော်သို့ လာရောက်လေ့လာသည့် ပြည်တွင်းဧည့်သည် ၆၀၃၆၈ ဦးနှင့် ပြည်ပဧည့်သည် ၂၄၆၈ ဦး စုစုပေါင်း ဧည့်သည်၆၂၈၃၆ ဦး ရှိပြီဖြစ်ကြောင်းနှင့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုလွှတ်တော်သို့ လာရောက်လေ့လာလိုပါက သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်တို့ထံလိပ်မူ၍ အစိုးရရုံးပိတ်ရက်များမပါ သုံးရက် ကြိုတင်ပေးပို့လျှောက်ထားနိုင်ပါကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# 2019 Novel Coronavirus ကြောင့်ဖြစ်ပွားသော လတ်တလော အသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါ စောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေး ဗဟိုအဆင့် နေ့စဉ်ညှိနှိုင်းအစည်းအဝေး (၁၁/၂၀၂၀) ကျင်းပ

## နိုင်ငံတကာမှ နောက်ဆုံးတွေ့ရှိချက် ကုထုံးများထည့်သွင်းရေးဆွဲထားသည့် ရောဂါကုသမှုလမ်းညွှန်ကို ယနေ့ဖြန့်ဝေပြီးဖြစ်

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး သည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၌ ကျင်းပသည့် 2019 Novel Coronavirus ကြောင့် ဖြစ်ပွားသော လတ်တလော အသက်ရှုလမ်းကြောင်းဆိုင်ရာ ရောဂါစောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေးဗဟိုအဆင့် နေ့စဉ်ညှိနှိုင်းအစည်းအဝေး (၁၁/၂၀၂၀)သို့ တက်ရောက်သည်။ **(ယာပုံ)**



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဖေဖော်ဝါရီ ၆ ရက် မွန်းလွဲပိုင်း ထုတ်ပြန်ချက်များအရ ယခုဖြစ်ပွားနေသော 2019–nCoV လတ်တလော အသက်ရှုလမ်းကြောင်းဆိုင်ရာ ရောဂါ ဖြစ်ပွားပျံ့နှံ့မှုနှုန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ နေ့စဉ်ရက်ဆက်ပိုမိုမြင့်မားနေပါကြောင်း၊ ကမ္ဘာတစ်ဝန်းတွင် ရောဂါဖြစ်ပွားသူပေါင်း ၂၈,၂၇၆ ဦးရှိပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ၂၈,၀၆၀ ဖြစ်ပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ဓာတ်ခွဲအတည်ပြု ရောဂါဖြစ်ပွားသူ ၁၀၀ လျှင် နှစ်ဦးခန့် သေဆုံးသည်ကို တွေ့ရှိရပြီး ဤရောဂါစတင်ဖြစ်ပွားစဉ်ကတည်းက အဆိုပါ သေဆုံးမှုရာနှုန်းမှာ ပြောင်းလဲမှုမရှိသေးသည်ကို တွေ့ရှိရသဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကုသမှုအပိုင်း၌ ကောင်းမွန်နေသည်ဟု ယူဆ၍ရပါကြောင်း။

### စောင့်ကြပ်ကြည့်ရှု

နိုင်ငံခြားသားခရီးသည်များ ဝင်ထွက်သွားလာမှုများပြားသော အိမ်နီးချင်းနိုင်ငံများတွင် ရောဂါကူးစက်ပျံ့နှံ့မှုများရှိနေသည်ကို တွေ့ရှိရပါကြောင်း၊ ရန်ကုန်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်များသို့ ဖေဖော်ဝါရီ ၆ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ထွက်ခွာလာသော လေယာဉ်ခြောက်စင်းမှ ခရီးသည် ၃၃၄ ဦး ဝင်ရောက်လာသည်ကို သိရှိရသဖြင့် ဤခရီးသည်များ တည်းခိုနေထိုင်သည့် ဟိုတယ်၊ တည်းခိုခန်းများသို့ ရောဂါစောင့်ကြပ်ကြည့်ရှုသည့်လုပ်ငန်းများကို အားဖြည့်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထိုသို့ပြုလုပ်ခြင်းမှာ ၎င်းတို့ပြည်တွင်းသို့ ဝင်ရောက်လာခဲ့စဉ်က ဖျားနာခြင်းမရှိဘဲ ရောဂါပျိုးချိန်ကာလအတွင်း ရှိနေနိုင်သောကြောင့် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား နှစ်နိုင်ငံနယ်မြေခြင်းထိစပ်မှုမှာ မိုင် ၁,၃၀၀ ခန့် ရှည်လျားပြီး ကုန်းလမ်းကြောင်းများရှိ တရားဝင်ဝင်၊ ထွက်ပေါက်များအပြင် တရားမဝင် ဝင်၊ ထွက်ပေါက်များမှပါ ဝင်ရောက်နေမှုများရှိနေသည့်အချက်သည် မိမိတို့နိုင်ငံအတွက် အထူးအရေးကြီးသည့်အချက်ဖြစ်သည့်အတွက် ဝင်ရောက်လာသည့်ခရီးသည် ဦးရေနှင့်ရောဂါဖြစ်ပွားမှုအခြေအနေကို အမြဲစောင့်ကြပ်ကြည့်ရှုသုံးသပ်ရမည်ဖြစ်ပါကြောင်း၊ တရားဝင် ဝင်၊ ထွက်ပေါက်များ၌ မိမိတို့ဝန်ထမ်းများသည် နီးနွယ်ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် ပူးပေါင်း၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ရောဂါစောင့်ကြပ်ကြည့်ရှုနေပါကြောင်း။

အဆိုပါနေရာဒေသများရှိ ရောဂါစောင့်ကြပ်ကြည့်ရှုမှုလုပ်ငန်းများတွင် နယ်စပ်ဒေသများ၌ လုပ်ငန်းဆောင်ရွက်နေသော နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ (INGOs) ၏ပူးပေါင်းပါဝင်မှု အခန်းကဏ္ဍသည် အရေးကြီးပါကြောင်း၊ အဆိုပါအဖွဲ့အစည်းများထံသို့ ၎င်းတို့ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်သည့် လုပ်ငန်းများနှင့် ပတ်သက်၍ ယနေ့ပင်ချက်ချင်း အကြောင်းကြားပေါင်းစပ်ညှိနှိုင်းရမည် ဖြစ်ပါကြောင်း၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများထံမှရရှိသော ပံ့ပိုးမှုများကို အမြန်ဆုံးစိစစ်သုံးသပ်၍ ဆက်လက်လိုအပ်မည့် ဆေး၊ ဆေးပစ္စည်းကိရိယာနှင့် ဓာတ်ခွဲပစ္စည်းများ အချိန်မီရရှိစေရေးအတွက် အထူးအားထုတ် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ၎င်းတို့ကတိကဝတ်ပြုထားသည့်အချက်များကို မြန်ဆန်စွာ အကောင်အထည်ဖော်ရေး ဆက်လက်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ WHO Health Cluster အစည်းအဝေးမှ အကြံပြုချက်များ၊ ပံ့ပိုးပေးရန် ကတိပေးကမ်းလှမ်းချက်များ အမြန်ဆုံးရရှိဖြစ်မြောက်စေရန် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲမှ ပြုစုပြီးဖြစ်သည့် တရုတ်ဘာသာဖြင့် ကျန်းမာရေးအသိပညာပေးလက်ကမ်းစာစောင်များကို တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လာရောက်သူများတည်းခိုရာ၊ နေထိုင်ရာနေရာများနှင့် ရပ်ကွက်များတွင် ချက်ချင်းဖြန့်ဝေခြင်းနှင့် အသိပေးနှိုးဆော်ခြင်းများကို အားဖြည့်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ပြည်သူများမှ ၎င်းတို့၏ပတ်ဝန်းကျင်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လွန်ခဲ့သော ၁၄ ရက်အတွင်း သွားရောက်ခဲ့ပြီး သံသယရောဂါလက္ခဏာရှိသူများနှင့် ပတ်သက်၍ အကြောင်းကြားခဲ့ခြင်းများကို ကျန်းမာရေးအဖွဲ့များက နယ်မြေခံအာဏာပိုင်များနှင့် ကွင်းဆင်းစစ်ဆေးခဲ့မှုများကို တွေ့ရှိရသည့်အချက်သည် ကောင်းမွန်ပါကြောင်း၊ အဆိုပါလုပ်ငန်းများကို အရှိန်အဟုန် လုံးဝလျှော့ချ၍မရပါကြောင်း၊ ထိုသို့ကွင်းဆင်းဆောင်ရွက်ခဲ့မှုကိစ္စရပ်များနှင့်ပတ်သက်၍ ပြည်သူများအား သတင်းထုတ်ပြန်အသိပေးရမည် ဖြစ်ပါကြောင်း။

### ပိုမိုအားဖြည့်ဆောင်ရွက်ရမည်ဖြစ်

တရုတ်ပြည်သူ့သမ္မတနိုင်ငံသားများ လုပ်ကိုင်လျက်ရှိသော ရန်ကုန်နှင့်မြို့ကြီးများရှိ စက်မှုဇုန်များ၊ အလုပ်ရုံနှင့်စက်ရုံများတွင်လည်း မြန်မာနှင့် တရုတ်ဘာသာ ကျန်းမာရေး အသိပညာပေး လက်ကမ်းစာစောင်နှင့် ပိုစတာများဖြန့်ဝေနေမှုများကို ပိုမိုအားဖြည့်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အပြည်ပြည်ဆိုင်ရာ လေဆိပ်များမှ ဝင်ရောက်လာသူများတွင် Health Declaration Card ကို ပြည့်စုံစွာ ဖြည့်စွက်ထားရှိမှုမရှိပါက ပြည်တွင်းသို့ လုံးဝ ဝင်ရောက်ခွင့်မပြုရန်မှာ အရေးကြီးပါကြောင်း၊ အဆိုပါ Health Declaration Card တွင် ၎င်းတို့နေထိုင်တည်းခိုမည့် ဆက်သွယ်ဖုန်းနံပါတ်နှင့် ရောဂါကာကွယ်ထိန်းချုပ်ရန်အရေးကြီးသည့်အချက်များပါရှိသည့်အတွက် ထိုသို့ ဖြည့်သွင်းရန်မှာ အရေးကြီးပါကြောင်း။

ယခုကာလအတွင်းတွင် မိမိတို့နိုင်ငံမှ ရောဂါဖြစ်ပွားမှုများပြားနေသေးသည့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့ သွားရောက်ခြင်းများ တတ်နိုင်သမျှလျှော့ချခြင်း၊ ဖြစ်နိုင်ပါက မသွားရောက်ခြင်းတို့ကို ပြုလုပ်မှသာလျှင်ရောဂါ ကူးစက်နိုင်ခြေကို လျှော့ချနိုင်မည်ဖြစ်ပါကြောင်း၊ မိမိတို့၏ ဆေးဘက်ဆိုင်ရာ ပါမောက္ခများပူးပေါင်းကာ နိုင်ငံတကာမှ နောက်ဆုံးတွေ့ရှိချက် ကုထုံးများထည့်သွင်းရေးဆွဲထားသည့်ရောဂါကုသမှုလမ်းညွှန်ကို ယနေ့ပင်ဖြန့်ဝေပြီး ဖြစ်ပါကြောင်း။

ယခုကဲ့သို့ နေပြည်တော်၌ နေ့စဉ်လုပ်ငန်းဆန်းစစ်သုံးသပ်မှု၊ ဆွေးနွေးတိုင်ပင်အကြံပြုမှုများ ဆောင်ရွက်နေရာတွင် ပြည်သူ့ကျန်းမာရေးတက္ကသိုလ် (ရန်ကုန်) နှင့်အခြေခံကျန်းမာရေးတက္ကသိုလ် (မကွေး)တို့မှ ဆရာ၊ ဆရာမအနည်းဆုံးနှစ်ဦးစီနှင့် အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာနမှ တစ်ဦးတို့ မပျက်မကွက် ပါဝင်တက်ရောက်ရမည်ဖြစ်ပါကြောင်း၊ သို့မှသာလျှင် မိမိတို့အားလုံးသည် ဤရောဂါဖြစ်ပွားမှုနှင့် ပတ်သက်၍ ဘက်ပေါင်းစုံမှ ရှုမြင်သုံးသပ်နိုင်ပြီးရောဂါ၏ ရေရှည်ကာကွယ်မှုနှင့် ထိန်းချုပ်မှုများ၌ ထိရောက်နိုင်မည်ဖြစ်ပါကြောင်း။

တိုင်းဒေသကြီး၊ ပြည်နယ် ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများအနေဖြင့် ခရိုင်နှင့်မြို့နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများနှင့် တယ်လီဖုန်းဆက်သွယ်ရေးကွန်ရက်ကိုအသုံးပြု၍ လုပ်ငန်းကြီးကြပ်ခြင်းနှင့် ဆွေးနွေးညှိနှိုင်းခြင်းများ (Teleconferencing) ပုံမှန်ဆောင်ရွက်လျက်ရှိသည်ကို သိရှိရသဖြင့် ကောင်းမွန်သည့်အချက်တစ်ချက် ဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနမှဝန်ထမ်းများအနေဖြင့် နီးနွယ်ဌာန၊ အဖွဲ့အစည်းများနှင့်ပူးပေါင်းချိတ်ဆက်၍ အရှိန်အဟုန်မြှင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

### သံသယလူနာများကို အားထုတ်ကြိုးပမ်းရှာဖွေ

ဆက်လက်၍ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ၊ ဝယ်ယူဖြန့်ဖြူးရေး၊ ကျန်းမာရေး အသိပညာမြှင့်တင်ရေးဌာနခွဲ၊ eHealth၊ ပြည်တွင်းပြည်ပ ဆက်ဆံရေးနှင့် သတင်းပြန်ကြားရေး၊ ကုသရေး စသည့်ဌာနခွဲနှင့်ကဏ္ဍများမှ တာဝန်ရှိသူများက – ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဌာနချုပ်မှ နောက်ဆုံး (update) ထုတ်ပြန်ချက်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့်ကမ္ဘာတစ်ဝန်းတွင် ရောဂါကူးစက်ပျံ့နှံ့မှုဆိုင်ရာကူးစက်ရောဂါဗေဒရှုထောင့်မှ အသေးစိတ်သုံးသပ်ချက်များ၊ ရောဂါကုသမှုဆိုင်ရာအတွက် ကုသရေးရှုထောင့်မှ သုံးသပ်ချက်များ၊ ဝန်ကြီးဌာနမှ သံသယလူနာများကို အားထုတ်ကြိုးပမ်းရှာဖွေပြီး ရောဂါကာကွယ်ထိန်းချုပ်ဆောင်ရွက်မှုမဟာဗျူဟာ (Containment Strategy) ဖြင့်ဆောင်ရွက်နေမှု၊ အပြည်ပြည်ဆိုင်ရာလေဆိပ်များ၊ နယ်စပ် ဝင်၊ ထွက်ပေါက်များမှ ဝင်ထွက်သွားလာမှု စာရင်းဇယားများနှင့် ရောဂါစောင့်ကြပ်ကြည့်ရှုဆောင်ရွက်မှု အချက်အလက်များ၊ တိုင်းဒေသကြီး၊ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနအသီးသီးမှပေးပို့လာသော ရောဂါစောင့်ကြပ်ကြည့်ရှုရေးဆောင်ရွက်နေမှုနှင့်သတင်းပေးပို့နေမှုအခြေအနေများ၊ ပြည်သူများမှ ၎င်းတို့၏ပတ်ဝန်းကျင်တွင် ရောဂါဖြစ်ပွားသည့် နိုင်ငံများမှ လာရောက်ခဲ့သည့် သံသယလူနာအထင်ရှိသူများနှင့်ပတ်သက်၍ အကြောင်းကြားခဲ့ခြင်းများကို ကျန်းမာရေးအဖွဲ့များက နယ်မြေခံအာဏာပိုင်များနှင့် ကွင်းဆင်းစစ်ဆေးခဲ့မှုများ၊ သံသယလူနာများနှင့် စောင့်ကြပ်ကြည့်ရှုလူနာများ၏ ကျန်းမာရေးအခြေအနေများ၊ *စာမျက်နှာ ၁၃ သို့*

*စာမျက်နှာ ၁၃ သို့*

## ကိုရိုနာဗိုင်းရပ်စ်(အဆုတ်ရောင်ရောဂါ) စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတင်းထုတ်ပြန်

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံအချို့တွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် ကိုရိုနာဗိုင်းရပ်စ်(အဆုတ်ရောင်ရောဂါ) ဖြစ်ပွားမှုဖြစ်စဉ်နှင့်ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများအား အပြည်ပြည်ဆိုင်ရာ ဝင်ထွက်ဂိတ်များတွင် လည်းကောင်း၊ ဆေးရုံအခြေပြုအဖြစ် လည်းကောင်း၊ ပြည်သူလူထုအခြေပြု စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများဖြင့် လည်းကောင်း၊ ပုဂ္ဂလိကဆေးရုံများနှင့် ပူးပေါင်း၍ လည်းကောင်း ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် လပွတ္တာခရိုင်အတွင်း ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့မှစတင်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျယ်ခေါင်မြို့သို့ အလုပ်လုပ်ရန် သွားရောက်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၂၇ ရက်နေ့တွင် လပွတ္တာမြို့သို့ ပြန်လည်ရောက်ရှိခဲ့သည့် အသက်(၅၁)အရွယ် အမျိုးသားတစ်ဦးသည် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂၈ ရက်နေ့မှစတင်၍ ဖျားနာခြင်းနှင့် ချောင်းဆိုးခြင်းလက္ခဏာများ ခံစားခဲ့ရပြီး ၎င်း၏ဇနီးဖြစ်သူ အသက်(၃၁)နှစ်အရွယ် အမျိုးသမီးတစ်ဦးသည်လည်း ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၄ ရက်နေ့မှ စတင်၍ အဖျားရောဂါလက္ခဏာခံစားခဲ့ရသဖြင့် ၎င်းတို့နှစ်ဦးလုံးမှ ပြင်စလူမြို့နယ်ခွဲဆေးရုံသို့ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၆ ရက်နေ့တွင် သွားရောက်ပြသခဲ့ရာ အဆိုပါလူနာနှစ်ဦးအား ယင်းနေ့တွင်ပင် လပွတ္တာခရိုင် ပြည်သူ့ဆေးရုံကြီးသို့ လွှဲပြောင်းညွှန်းပို့၍ စောင့်ကြပ်ကြည့်ရှုကုသမှု ပေးလျက်ရှိကြောင်း။

အလားတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ မွန်တိန်မြို့နယ်မှ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၃ ရက်နေ့တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့သည့် သဲကုန်းမြို့နယ်မှ အသက်(၃၂) နှစ်အရွယ် အမျိုးသမီးတစ်ဦးသည် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁ ရက်နေ့မှစတင်၍ ဖျားနာခြင်း၊ လည်ချောင်းနာခြင်းနှင့် ချောင်းဆိုးခြင်းလက္ခဏာများ ခံစားခဲ့ရသဖြင့် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၆ ရက်နေ့၊ ညနေ ၆ နာရီတွင် သဲကုန်းမြို့နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်ပြသခဲ့ရာ လူနာအား ၎င်းဆေးရုံတွင် စောင့်ကြပ်ကြည့်ရှုကုသမှု ပေးလျက်ရှိကြောင်း၊ ယင်းလူနာသုံးဦးတွင် ပြင်းထန်အသက်ရှုလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများ မတွေ့ရှိကြောင်းနှင့် အဆိုပါလူနာများထံမှ ဓာတ်ခွဲနမူနာများရယူထားပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ရည်ညွှန်းဓာတ်ခွဲခန်းသို့ပေးပို့ စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကိုရိုနာဗိုင်းရပ်စ်(အဆုတ်ရောင်ရောဂါ) စောင့်ကြပ်ကြည့်ရှုမှုနှင့် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့ ည ၇ နာရီခွဲအချိန်အထိ စောင့်ကြည့်လူနာနှစ်ဦးအပါအဝင် လူနာ ၉ ဦးတို့အား ဆေးရုံများတွင် ဆက်လက်၍ စောင့်ကြပ်ကြည့်ရှု ကုသမှုပေးလျက်ရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ယနေ့ည ၇ နာရီ ၄၅ မိနစ်အချိန် ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ စောင့်ကြပ်ကြည့်ရှု ကုသမှုခံယူနေသော လူနာများအနက် လှိုင်သာယာပြည်သူ့ဆေးရုံမှ ဝေဘာဂီအထူးကုဆေးရုံသို့ လွှဲပြောင်းကုသမှုခံယူခဲ့သည့် တရုတ်နိုင်ငံသား၊ အသက်(၃၂)နှစ်အရွယ် အမျိုးသားတစ်ဦးနှင့် မင်းပြားမြို့နယ်ဆေးရုံတွင် စောင့်ကြပ် ကြည့်ရှုကုသမှုခံယူနေသော အသက်(၃၈)နှစ်အရွယ် အမျိုးသားတစ်ဦးတို့၏ ဓာတ်ခွဲအဖြေများတွင် ကိုရိုနာဗိုင်းရပ်စ် ရောဂါပိုးမရှိကြောင်း ယနေ့ညနေပိုင်းတွင် သိရှိ ရသဖြင့် ဆေးရုံမှဆင်းခွင့်ပြုသင့်၊ မပြုသင့် ဆက်လက်စောင့်ကြပ်ကြည့်ရှုလျက်ရှိကြောင်းနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် ကိုရိုနာဗိုင်းရပ်စ် (အဆုတ်ရောင်ရောဂါ)စောင့်ကြည့်လူနာနှင့် သံသယလူနာများ တွေ့ရှိပါက ဆက်လက်သတင်းထုတ်ပြန်သွားမည် ဖြစ်ကြောင်း သတင်းထုတ်ပြန်ထားသည်။ **မြန်မာ့အလင်း**

# တိုင်းရင်းသားတွေ စည်းလုံးညီညွတ်ဖို့အတွက် သိပ်အရေးကြီးပါတယ်

## ဦးဇော်အေးမောင်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး


ဦးဇော်အေးမောင်


ဦးလဖိုင်ခွန်ဆာ


မင်းဗညားဆန်း


ဦးထွန်းကျော်

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ကယားပြည်နယ်အစိုးရအဖွဲ့တို့၏ ညွှန်ကြားမှုဖြင့် မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းနှင့် ကယားပြည်နယ် တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းတို့ ဦးဆောင်ကျင်းပသော "သွေးချင်းတို့ရဲ့ပွဲတော်ဆီ (၂၀၂၀)" ပွဲတော်ကြီးကို ဖေဖော်ဝါရီ ၁ ရက်မှ ၇ ရက်အထိ ရန်ကုန်မြို့ရှိ ကျိုက္ကဆံအားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အဆိုပါ ပွဲတော်အောင်မြင်စွာ ကျင်းပနိုင်ခဲ့မှုနှင့် ပတ်သက်၍ တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။

**ဦးဇော်အေးမောင်**
**ရန်ကုန်တိုင်းဒေသကြီး**
**ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး**

ကျွန်တော်တို့ နိုင်ငံတော်ကြီးဟာ တိုင်းရင်းသားမျိုးနွယ်စု ၁၃၅ မျိုးနဲ့ တည်ဆောက်ထားတဲ့ နိုင်ငံဖြစ်ပါတယ်။ အဲဒီတော့ တိုင်းရင်းသားတွေ စည်းလုံးညီညွတ်ဖို့အတွက် သိပ်အရေးကြီးပါတယ်။ အဲဒီ စည်းလုံးညီညွတ်မှုကို ရည်ရွယ်ပြီးတော့ ဒီပွဲတော်ကို ကျင်းပတာဖြစ်ပါတယ်။ ဒီနှစ်ကတော့ ဒုတိယအကြိမ်ပါ။ ဒီပွဲတော်ဖွင့်ပွဲ ကျင်းပတဲ့ ဖေဖော်ဝါရီ ၁ ရက်မှာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူတို့ တက်ရောက် အားပေးချီးမြှောက်ခဲ့ပါတယ်။ အဲဒီအတွက်လည်း တိုင်းရင်းသားတွေအားလုံးက ဝမ်းသာ ကျေနပ်တယ်။ ပီတိဖြစ်တယ်။

ဒီလိုကျင်းပခြင်းအားဖြင့် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုအတွက် ဒီပွဲတော်ဟာ Platform တစ်ခုဖြစ်တယ်။ Ground တစ်ခုလည်းဖြစ်တယ်။ မနှစ်တုန်းက ကချင်တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းက ဦးဆောင်ကျင်းပတာပါ။ ဒီနှစ်မှာတော့ ကယားတိုင်းရင်းသားလုပ်ငန်းရှင်များ အသင်းက ဦးဆောင်ပြီးကျင်းပတာပါ။ ကယားပြည်နယ်က ကယားတိုင်းရင်းသား ၁၆၀၀ လောက် ပါဝင်ဆင်နွှဲကြတယ်။ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသက ၃၀၀ လောက်ပါဝင်တယ်။ ကိုးကန့်ကလည်း ၆၀၀ လောက် ပါဝင်တယ်။ ရှမ်းပြည်နယ်က ၈၀၀ လောက် တက်ရောက်လာပြီး အားလုံး ဒီပွဲတော်မှာ ကိုယ့်ဒေသထွက်ကုန်တွေ၊ ရိုးရာယဉ်ကျေးမှုတွေပြကြတယ်။

ရခိုင်တိုင်းရင်းသားဆိုရင်လည်း ရန်ကုန်နေ ရခိုင်တိုင်းရင်းသားလုပ်ငန်းရှင်တွေက ကိုယ့်ရဲ့ရခိုင်ယဉ်ကျေးမှုတွေကို ပြကြတယ်။ အဲဒီလိုပဲ အခြားသော တိုင်းရင်းသားတွေလည်း ကိုယ့်ရဲ့ယဉ်ကျေးမှုတွေကို ပြသကြတယ်။ တိုင်းရင်းသားတွေ အချင်းချင်း တစ်ဦးရဲ့ယဉ်ကျေးမှုတွေကို တစ်ဦး သွားရောက်လည်ပတ်လေ့လာကြတယ်။ အချင်းချင်း ချိတ်ဆက်မှုတွေလည်း ရသွားကြတယ်။ တစ်ယောက်ရဲ့ ယဉ်ကျေးမှုကိုလည်း တစ်ယောက်က လေးစားသွားတယ်။ တစ်ဦးနဲ့တစ်ဦး ချစ်ခင်ရင်းနှီးမှုရသွားကြတယ်။ အဲဒီချစ်ခင်ရင်းနှီးမှုရဲ့နောက်မှာ ယုံကြည်မှုပါလာတယ်။ ယုံကြည်မှုရဲ့နောက်မှာ အပြန်အလှန်လေးစားမှုဆိုတာ ဖြစ်လာတယ်။ အပြန်အလှန်လေးစားမှု ရှိလာရင် ငြိမ်းချမ်းရေးဆိုတာ ရလာမယ်။

ဒီပွဲတော်မှာဆိုရင် ဗမာတိုင်းရင်းသားလုပ်ငန်းရှင်များအသင်းကလည်း ဗမာတိုင်းရင်းသားရိုးရာပြခန်းကို ပြသကြတယ်။ ဗမာကလည်း တိုင်းရင်းသားတစ်မျိုးပါပဲ။ အဲဒီတော့ ဗမာရယ်၊ ကျန်တိုင်းရင်းသားတွေရယ် တစ်ဦးနဲ့တစ်ဦး အပြန်အလှန်ယဉ်ကျေးမှုတွေကို လေးစားမယ်၊ တစ်ဦးနဲ့တစ်ဦး ချစ်ခင်မယ်၊ ယုံကြည်မှုတွေရလာမယ်ဆိုရင် မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးအတွက် အလားအလာကောင်းလာမယ်။ ငြိမ်းချမ်းရေးရရှိလာမှာ ဖြစ်ပါတယ်။ ငြိမ်းချမ်းမှ ဖွံ့ဖြိုးတိုးတက်မှုရှိမှာပါ။

ငြိမ်းချမ်းရေးရဖို့အတွက် ဒီပွဲတော်ဟာ Platform တစ်ခုပဲဖြစ်ပါတယ်။ ဒီပွဲတော်မှာ တိုင်းရင်းသားအချင်းချင်း ဘာပြဿနာမရှိဘဲ တစ်ဦးနဲ့တစ်ဦး ပိုပြီးတော့ ချစ်ခင်ရင်းနှီးသွားတဲ့ ပွဲတော်ဖြစ်ပါတယ်။ ဒီပွဲတော်ဖြစ်မြောက်အောင် ဆောင်ရွက်ပေးတဲ့ နိုင်ငံ တော်အစိုးရနဲ့ ဝိုင်းဝန်းကူညီပေးသူအားလုံးကို ကျေးဇူးတင်ပါတယ်။ အခုလို ပွဲတော်ကို နှစ်စဉ်၊ ထာဝရ ကျင်းပပေးသွားဖို့လိုပါတယ်။

**ဦးလဖိုင်ခွန်ဆာ**
**မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ**

တိုင်းရင်းသားလုပ်ငန်းရှင်တွေ စုပေါင်းပြီး ဆင်နွှဲတဲ့ပွဲပါ။ ကျွန်တော်တို့ နိုင်ငံတော်ရဲ့ တိုးတက်ပြောင်းလဲလာတဲ့ပုံရိပ်တွေပါ။ အခုလိုမျိုး စုစည်းကြရတဲ့အတွက် အဲဒီအပေါ်မှာ ကျွန်တော်တို့တိုင်းရင်းသားတွေ ဝမ်းသာအားရဖြစ်ရတယ်။ အရင်တုန်းက အခုလို ပွဲတော်မရှိခဲ့ဘူး။ ကျွန်တော်တို့ နိုင်ငံရဲ့ပြောင်းလဲလာတဲ့ ပြောင်းလဲမှု တစ်ခုကို ကျွန်တော်တို့တိုင်းရင်းသားတွေ အားတက်သရော ကျင်းပကြတယ်လို့ ပြောချင်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ဒီလိုပွဲတော်မျိုး သိပ်မရှိပါဘူး။ တိုင်းရင်းသားတွေအနေနဲ့လည်း ဗဟုသုတတွေရအောင် လာရောက်လေ့လာကြတယ်။ တိုင်းရင်းသားတွေရဲ့ ယဉ်ကျေးမှုတွေ၊ အစားအသောက်တွေ၊ တိုင်းရင်းသားဒေသထွက်ကုန် ပစ္စည်းတွေရှိတော့ ထူးခြားမှုတွေ ဖြစ်နေကြတယ်။ ဒါတွေကြောင့်လည်း လူစည်ကားနေတယ်လို့ ထင်ပါတယ်။

အရင်တုန်းက ကျွန်တော်တို့ တိုင်းရင်းသားဒေသမှာ ထွက်ကုန်တွေ၊ ထုတ်ကုန်တွေရှိတယ်။ လမ်းပန်းဆက်သွယ်ရေး အခက်အခဲတွေ၊ မငြိမ်းချမ်းတဲ့ အခက်အခဲတွေကြောင့် ကျွန်တော်တို့ဟာ ဈေးကွက်မှာ စနစ်တကျတင်ပို့နိုင်ဖို့အတွက်၊ တန်ဖိုးမြင့် ထုတ်ကုန်အနေနဲ့ လုပ်ဖို့အတွက် အားနည်းခဲ့တယ်။ အားနည်းတဲ့ အကြောင်းအရင်းတွေကတော့ မသိတာတွေလည်းရှိတယ်။ အခက်အခဲမျိုးစုံရှိခဲ့လို့ အရင်တုန်းက ဖြစ်သင့်သလောက်၊ ရှိသင့်သလောက် မဖြစ်ခဲ့ဘူး။ အခုအဲဒါတွေကို ကျွန်တော်တို့ တစ်ဦးနဲ့တစ်ဦး တိုင်းရင်းသားဒေသတွေအလိုက် ထွက်ကုန်တွေနဲ့ပတ်သက်ပြီး တိုင်းရင်းသားတစ်ဦးနဲ့တစ်ဦး ဒီပွဲတော်မှာ အကြံဉာဏ်တွေ၊ အတွေ့အကြုံတွေ ဖလှယ်ကြတယ်။ နောက်နှစ်တွေမှာလည်း ပွဲတော်တင်မဟုတ်ပါဘူး။ ကျွန်တော်တို့ဒေသရဲ့ ဖွံ့ဖြိုးမှု၊ ဒေသရဲ့ စီးပွားရေးအရင်းအမြစ်တွေကို ဖော်ဆောင်ပေးပြီး အဲဒီဒေသမှာရှိတဲ့ သွေးချင်းတွေကို အလုပ်အကိုင်၊ စီးပွားရေး အခွင့်အလမ်းတွေ ဖြစ်လာအောင် ရည်ရွယ်ပြီး ကျွန်တော်တို့ ကြိုးစားဖော်ဆောင်နေပါတယ်။

**မင်းဗညားဆန်း**
**မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး**

ဒီနှစ်ကတော့ ပွဲတော်ကို စည်စည်ကားကား ကျင်းပနိုင်ခဲ့တယ်။ နေ့တိုင်း လူအများကြီး လာရောက်အားပေးတာကို တွေ့ရလို့ အများကြီးဝမ်းသာပါတယ်။ ပွဲတော်ကို ခုနစ်ရက် ကျင်းပတာဖြစ်ပေမယ့် တိုင်းရင်းသားဖျော်ဖြေရေးကိုတော့ ခြောက်ရက်လုပ်တာပါ။ ဖေဖော်ဝါရီ ၆ ရက်က နောက်ဆုံးပါ။ ဖေဖော်ဝါရီ ၇ ရက်မှာတော့ ဝင်ကြေးအခမဲ့ ဖျော်ဖြေရေး အစီအစဉ်ရှိပါတယ်။ ဇော်ဝင်းထွဋ်နဲ့အတူ နာမည်ကြီးအဆိုတော်တွေ ဖျော်ဖြေကြမှာပါ။ ပွဲတော်နောက်ဆုံးရက်မှာ ဖျော်ဖြေရေးအစီအစဉ်လုပ်ပေးလိုက်တဲ့အတွက် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့တွေနဲ့ ကျန်တဲ့ တိုင်းရင်းသားအဖွဲ့တွေအားလုံး စိတ်လွတ်ကိုယ်လွတ်ပျော်ကြရမှာပါ။ အခြားသော တိုင်းရင်းသားရိုးရာပြခန်းတွေကိုလည်း လေ့လာလို့ရမှာဖြစ်ပါတယ်။

ဒီနှစ်မှာ အလှည့်ကျရောက်တဲ့ ကယားပြည်နယ်ဆိုရင် သူတို့ရဲ့ရိုးရာ တံခွန်တိုင်ကဖို့ လူတစ်ထောင်ကျော် လာကြရတယ်။ ကျွန်တော်တို့ရဲ့ ဗုံပလွေဆိုတဲ့အက ကငါးရာကျော်လာရတယ်။ မငြိမ်းချမ်းလို့ မဖြစ်ဘူးဆိုတဲ့ တေးသီချင်းကလည်း လူနှစ်ရာကျော်လာရပါတယ်။ ဒီလူတွေ အကုန်လုံး ဒီကိုလာဖို့ဆိုတာ အခက်အခဲတွေ အများကြီးရှိတယ်။ ပြင်ဆင်မှုတွေလည်း အများကြီးလုပ်ရပါတယ်။ ကြည့်တဲ့သူတွေ အနေနဲ့ကတော့ ဒါတွေကို တစ်ခါတည်း တစ်နေရာတည်းမှာ ကြည့်ရတယ်။ ရိုးရာယဉ်ကျေးမှုတွေကိုလည်း လေ့လာလို့ရတယ်။ တင်ဆက်ပြသမှုတွေနဲ့ ပြခန်းတွေကလည်း တစ်နှစ်နဲ့ တစ်နှစ်မတူပါဘူး။ တိုင်းရင်းသားတွေအနေနဲ့ တစ်နှစ်ထက်တစ်နှစ် ပိုကောင်းလာအောင် လုပ်ကြလိမ့်မယ်လို့ ကျွန်တော် ယူဆပါတယ်။

**ဦးထွန်းကျော်**
**ကယားတိုင်းရင်းသားလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ**

ဒီကနေ့ တိုင်းပြည်ရဲ့ အခြေအနေ လိုအပ်ချက်အရ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနရဲ့ ဦးဆောင်မှုနဲ့ တိုင်းရင်းသားလုပ်ငန်းရှင်များ အသင်းရဲ့ ဦးဆောင်မှုအောက်မှာ ကျွန်တော်တို့ ကယားတိုင်းရင်းသားလုပ်ငန်းရှင်များ အသင်းအနေနဲ့ ဒီပွဲတော်ကြီးကို တာဝန်ယူကျင်းပဆောင်ရွက်ခဲ့ရတာ ဖြစ်ပါတယ်။ ဒီနေ့က ကျွန်တော်တို့နိုင်ငံရဲ့ လိုအပ်ချက်ဖြစ်တဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ လူမျိုးစုံချစ်ကြည်ရေးအတွက် သော်လည်းကောင်း၊ ငြိမ်းချမ်းရေးအတွက် သော်လည်းကောင်း၊ အင်မတန်မှ လိုအပ်တဲ့ အချိန်ဖြစ်တာနဲ့အညီ ကျွန်တော်တို့ တိုင်းရင်းသားတွေ ဒီမှာ စုံစုံညီညီ တစ်ယောက်နဲ့တစ်ယောက် မိတ်ဆွေလိုမျိုး မဟုတ်တော့ဘဲ ညီအစ်ကိုတွေလိုမျိုး ဖြစ်သွားတာကို ကျွန်တော်တို့ ခံစားကြရတယ်။

နောက်နှစ်တွေမှာ အလှည့်ကျ ကျင်းပသွားမယ်လို့ သိရပါတယ်။ လာမယ့်နှစ်ကျရင်တော့ ကရင်ပြည်နယ် တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းက တာဝန်ယူကျင်းပမယ်လို့ သိရပါတယ်။ ဒီနှစ်လည်း ကျွန်တော်တို့က ဦးဆောင်လုပ်တယ် ဆိုပေမယ့် ကချင်၊ ကရင်နဲ့ တခြားတိုင်းရင်းသားအသင်းအဖွဲ့တွေအားလုံးလည်း ပါဝင်ကူညီပေးတာကို တွေ့ရပါတယ်။ တိုင်းရင်းသားစုစည်းမှုဆိုတာ ဒီပွဲတော်က အစပဲ ရှိပါသေးတယ်။ ကျွန်တော်တို့အနေနဲ့ ဒီထက်မက စုစည်းဖို့ လိုသေးတယ်။ ဒီထက်မက ညီညွတ်ဖို့လည်း လိုသေးတယ်လို့ ကျွန်တော်တို့ မြင်တယ်။ ကျွန်တော်တို့ အားလုံးကြိုးစားမှ ဖြစ်မယ်လို့ ခံယူထားပါတယ်။

**တွေ့ဆုံမေးမြန်း - ဇော်ကြီး**
**ဓာတ်ပုံ - ဇော်မင်းလတ်**

*စာမျက်နှာ ၁၂ မှ*

ဆေးနှင့် ဆေးပစ္စည်းများစုဆောင်းထားရှိ မှု၊ ရရှိမှု၊ ခွဲဝေ ဖြန့်ဖြူးထားမှုအခြေအနေများ၊ ကောလာဟလ သတင်းမှားများကို အချိန်နှင့်တစ်ပြေးညီ စနစ်တကျ ပြန်လည်အသိပေးရှင်းလင်းနိုင်ရေး စသည်တို့အပါအဝင် နောက်ဆုံးသတင်းအချက်အလက်များကို တင်ပြခြင်း၊ ဝေမျှခြင်းနှင့် ဆွေးနွေးအကြံပြုခြင်းများ ဆောင်ရွက်သည်။

အဆိုပါ အစည်းအဝေးသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ် (ပြည်ထောင်စုဝန်ကြီးရုံး)၊ ညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာရေး နှင့်ကုသရေးဦးစီးဌာန)၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ကုသရေး)၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး)၊ ဒုတိယညွှန်ကြားရေးချုပ် (ပြည်သူ့ကျန်းမာရေး)၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ/ဘဏ္ဍာ)၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ဝယ်ယူဖြန့်ဖြူးရေး)၊ ညွှန်ကြားရေးမှူး (ဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေး)၊ ညွှန်ကြားရေးမှူး (ကုသရေး)၊ နေပြည်တော် ခုတင်(၁၀၀၀) ဆံ့ ပြည်သူ့ဆေးရုံအုပ်ကြီး၊ ကူးစက်ရောဂါ ကုသရေးဆိုင်ရာ ပါမောက္ခများ၊ ဆေးပညာပါမောက္ခများနှင့် ပြည်တွင်း ပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေး၊ ပြည်သူ့ကျန်းမာရေး၊ ကုသရေး၊ ဓာတ်ခွဲ၊ eHealth ကဏ္ဍအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်၍ ဆန်းစစ်သုံးသပ်ခြင်း၊ ဆွေးနွေးအကြံပြုခြင်းများ ဆောင်ရွက်သည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ စာရေးဆရာအသင်းသို့ ငွေလှူဒါန်း

**ရန်ကုန် ဖေဖော်ဝါရီ ၇**

မြန်မာနိုင်ငံ စာရေးဆရာအသင်းသို့ အမေရိကန်နိုင်ငံရောက် ဦးခင်မောင်သိန်း+စာရေးဆရာမ စစ်ကိုင်းစိမ်းစိမ်း (Susan Thein) တို့က အလှူငွေကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်းရှိ မြန်မာနိုင်ငံ စာရေးဆရာအသင်းခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ စာရေးဆရာအသင်း ဥက္ကဋ္ဌ သိပ္ပကျော်စွာ ဦးကျော်ဝင်း (အမျိုးသားစာပေဆုရ မနုဿကျော်ဝင်း) လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး အသင်းဒုတိယဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

စာရေးဆရာမ စစ်ကိုင်းစိမ်းစိမ်းသည် မြန်မာနိုင်ငံသို့ ၂၀၀၄ ခုနှစ်မှစ၍ နှစ်စဉ် လာရောက်ကာ ၄င်းရေးသားသည့် ဝတ္ထု၊ ဆောင်းပါးပေါင်းချုပ်စာအုပ်များကို ထုတ်ဝေခြင်းနှင့် မြန်မာနိုင်ငံစာရေးဆရာအသင်းသို့ အလှူငွေများ လှူဒါန်းခြင်းများ ပြုလုပ်သည်။ ယခုနှစ်တွင် "ပန်းနှယ် စမ်းနှယ် လွမ်းဧည့်သည်" (Like Flower, Like Spring, the Missing Visitor) စာအုပ်ကို ထုတ်ဝေဖြန့်ချိကာ အလှူငွေပေးအပ်ပွဲ အခမ်းအနားတွင် စာအုပ်များ လက်ဆောင်ပေးအပ်ခဲ့သည်။

**ဥမ္မာသန့်**

# "သွေးချင်းတို့ရဲ့ပွဲတော်ဆီ" ပွဲတော်ကြီးကတစ်ဆင့် ရရှိတဲ့ စည်းလုံးမှုဟာ လာမယ့်အနာဂတ်မှာ အကျိုးဖြစ်ထွန်းမယ်



စောမိုရှေး



ချမ်းချမ်း(တေးသံရှင်)



ဒေါ်လေးပျို



မကေသွယ်



ဦးအောင်ငွေ



မအိဖြိုးချယ်ရီ

ရန်ကုန် ဖေဖော်ဝါရီ ၇

**မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းက ဦးဆောင်၍ ကယားပြည်နယ်တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းက ကြီးမှူးကျင်းပသည့် ဒုတိယအကြိမ် "သွေးချင်းတို့ရဲ့ပွဲတော်ဆီ" အခမ်းအနား အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီဖြစ်သည်။**

ပွဲတော် နောက်ဆုံးညဖြစ်သည့် ယနေ့ညတွင် အင်ပါယာတီးဝိုင်းနှင့် အတူ Runner, The Key , K blood တီးဝိုင်းတို့ ပါဝင်ပြီး နိုင်ငံကျော် တေးသံရှင်များ ဖြစ်ကြသည့် ဇော်ဝင်းထွဋ်၊ ဝေလ၊ သာဒီးလူ၊ အောင်ထက်၊ နီနီခင်ဇော်နှင့် ချမ်းချမ်း တို့က ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ပွဲတော် နောက်ဆုံးနေ့တွင် လာရောက် ဖျော်ဖြေခဲ့ကြသည့် အနုပညာရှင်၊ လုပ်ငန်းရှင်များနှင့် လာရောက်လည်ပတ်ခဲ့ကြသူများ၏ စကားသံများကို ဖော်ပြလိုက်ပါသည်။

**စောမိုရှေး(ဒုတိယဥက္ကဋ္ဌ)**
**ကယားတိုင်းရင်းသား လုပ်ငန်းရှင်များအသင်း**

ကျွန်တော်တို့ ပြည်နယ် သေးသေးလေးအနေနဲ့ အခုလို ကြီးမားတဲ့ပွဲတော်ကြီးကို ကျင်းပခွင့်ပြုပေးတဲ့ မြန်မာနိုင်ငံတိုင်းရင်းသား လုပ်ငန်းရှင်များအသင်း၊ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန တို့အပြင် လိုအပ်တာတွေကို အစစ အရာရာ ကူညီပေးတဲ့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ကယားပြည်နယ်အစိုးရအဖွဲ့ကို အထူးပဲ ကျေးဇူးတင်ကြောင်း ပြောချင်ပါတယ်။ လာမယ့်နှစ်မှာ ကရင်တိုင်းရင်းသား လုပ်ငန်းရှင်များအသင်းက ကျင်းပခွင့်ရတယ်ဆိုတော့ သူတို့ကိုလည်း ပွဲတော်ရဲ့ အတွေ့အကြုံတွေကို ကျွန်တော်တို့ တတ်နိုင်သလောက် ဝေမျှပေးမယ်။ နောင်နှစ်တွေမှာလည်း ဒီထက်ပိုကောင်းအောင် ပိုစည်ကားအောင် ကျင်းပနိုင်မယ်လို့ မျှော်လင့်ပါတယ်။

မြန်မာနိုင်ငံ တိုင်းရင်းသား လုပ်ငန်းရှင်များအသင်း အောက်မှာ ရှိတဲ့ အသင်း ၁၄ သင်းနဲ့ ပူးပေါင်းပြီး ဒီပွဲတော်ကို ကျင်းပခွင့်ရတဲ့အတွက် ကျွန်တော်တို့မှာ တန်ဖိုးမဖြတ်နိုင်တဲ့ အတွေ့အကြုံတွေ ရခဲ့ပါတယ်။ တိုင်းရင်းသား တစ်မျိုးနဲ့တစ်မျိုး ယဉ်ကျေးမှုတွေ ဓလေ့ထုံးစံတွေ မတူကြပါဘူး။ မတူသော်လည်း ဒီပွဲတော်ဖြစ်မြောက်အောင် အားလုံး က မတူတာတွေကို ထားခဲ့ပြီး တူတာ တွေကို ပေါင်းစပ်ဆောင်ရွက်ကြတဲ့ အတွက် ဒီပွဲတော်ကြီးကတစ်ဆင့် ရရှိတဲ့ စည်းလုံးမှုဟာ လာမယ့် အနာဂတ်မှာလည်း အများကြီး စည်းလုံးမှု အကျိုးဖြစ်ထွန်းမယ်လို့ ယုံကြည်ပါတယ်။

**ချမ်းချမ်း(တေးသံရှင်)**

ဒီနှစ်က ရန်ကုန်မှာရော၊ ကယား ပြည်နယ်မှာရော နှစ်နေရာလုံး ဖျော်ဖြေဖြစ်တယ်။ ဒီပွဲတော်က တိုင်းရင်းသားတွေရဲ့ ရိုးရာယဉ်ကျေးမှု ဓလေ့တွေကို တစ်နေရာတည်းမှာ လေ့လာခွင့်ရတယ်။ အစားအသောက် တွေလည်းပါတော့ မစားဖူးသေးတဲ့ အစားအစာတွေကိုလည်း မြည်းစမ်း ခွင့်ရတယ်။ ပျော်စရာပွဲတော်တစ်ခု တည်းမဟုတ်ဘဲ ဗဟုသုတလည်း ရမယ်၊ စတိတ်ရှိုးလည်း အခမဲ့ကြည့် ရမယ်။ ညီမလည်း တိုင်းရင်းသူ တစ်ယောက်ပဲ။ မိသားစုဝင်တွေ၊ ဆွေမျိုးတွေကို လေ့လာလို့ရသလို အခြား မတူညီကွဲလွဲတဲ့ ရိုးရာတွေကို လေ့လာလို့ရတယ်။

**ဒေါ်လေးပျို**
**ပန်းကံ့ကော်တိုင်းရင်းသားပိုးထည် ချည်ထည်ရောင်းဝယ်ရေး**

သွေးချင်းတို့ရဲ့ပွဲတော်ကို ဒီနှစ်မှ စပြီး ပါဝင်ရောင်းချဖြစ်တာပါ။ ဒီပွဲက အခြားပွဲတွေနဲ့ မတူပါဘူး။ လူဝင်များ တဲ့အတွက် ရောင်းလို့ ဝယ်လို့ကောင်း ပါတယ်။

**မကေသွယ် (ဗဟန်းမြို့နယ်)**
**ပွဲတော်လာရောက်ကြည့်ရှုသူ**

တိုင်းရင်းသားတွေရဲ့ ရိုးရာ ဓလေ့ထုံးစံတွေကို သိမြင်ခွင့်ရတဲ့ အတွက် ဗဟုသုတရစရာအများကြီး ရှိတာကြောင့် လာရောက်လေ့လာဖြစ် တာပါ။ အရင်ရက်တွေက မကြည့် ဖြစ်တဲ့ တိုင်းရင်းသားပြခန်းတွေကို ဆက်ကြည့်တယ်။ ရိုးရာထည်တွေ ဝယ်ဖြစ်တယ်။ မသိသေးတဲ့ တိုင်းရင်း သား ရိုးရာအစားအစာတွေကိုလည်း ဝယ်စားဖြစ်တယ်။

**ဦးအောင်ငွေ(ဒုတိယအထွေထွေ**
**မန်နေဂျာ၊ ရွှေဆည်တော်ကိုးသုံးလုံး**
**ရောင်းဝယ်ရေးကုမ္ပဏီ)**

သွေးချင်းတို့ရဲ့ ပွဲတော်ကို မနှစ်ကလည်း ပါဝင်ဖြစ်ပါတယ်။ ကျွန်တော်တို့ ထုတ်ကုန်တွေရဲ့ ဈေးနှုန်းက ပုံမှန်ဖြန့်ဖြူးရောင်းချ တာတွေထက် ဈေးနှုန်းချပြီးရောင်းချ ပေးတယ်။ ပစ္စည်းတွေကိုလည်း လက်ဆောင်ပေးပြီးရောင်းချပါတယ်။ မနှစ်ကတော့ ကချင်ပြည်နယ်က ဦးစီး ကျင်းပခွင့်ရခဲ့တယ်။ ယခုနှစ်ကတော့ ကယားပြည်နယ်က ဦးစီးကျင်းပ တယ်။ ဒီလိုပွဲတော်တွေကို နှစ်စဉ် နှစ်တိုင်း ကျင်းပစေချင်ပါတယ်။ ကျွန်တော်တို့ရဲ့ ကုန်ပစ္စည်းတွေကို စားသုံးသူတွေ ဈေးသက်သက်သာသာ နဲ့ ဝယ်ယူခွင့်ရပြီး ပြည်သူနဲ့လည်း ထိတွေ့ခွင့်ရတယ်။ ပျော်ပျော်ပါးပါး ရှိကြတယ်။

**မအိဖြိုးချယ်ရီ**
**စီးပွားရေးလုပ်ငန်းရှင်**

အခုည စတိတ်ရှိုးမှာ ညီမတို့ ကြိုက်တဲ့ အဆိုတော်တွေပါတဲ့ အတွက် ကြိုက်ပါတယ်။ ဦးညီထွဋ်ကို ကြိုက်တယ်။ နီနီခင်ဇော်တို့လည်း ပါတယ်။ ညီမတို့ကလည်း ကယား လူမျိုးတွေဆိုတော့ စည်းလုံးခြင်းက အလွန်အရေးကြီးတယ်။ စည်းလုံးမှ လည်း တိုင်းပြည်ငြိမ်းချမ်းမှာလေ။

**တွေ့ဆုံမေးမြန်း-**
**ဝင်းဝင်းမော်၊ ညွန့်ကိုကို**
**ဓာတ်ပုံ-ဇော်မင်းလတ်**

# "သွေးချင်းတို့ရဲ့ ပွဲတော်ဆီ"တိုင်းရင်းသူအလှမယ်ပြိုင်ပွဲ ပအိုဝ်းတိုင်းရင်းသူ စန်းသီတာထွေး 2020 Winner ဆု ဆွတ်ခူး

**ရန်ကုန် ဖေဖော်ဝါရီ ၇**

မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားညီအစ်ကို မောင်နှမများ၏ ရိုးရာယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်း မြှင့်တင်ရေးပွဲတော်ဖြစ်သည့် "သွေးချင်းတို့ရဲ့ပွဲတော်ဆီ" မြန်မာနိုင်ငံ တိုင်းရင်းသူအလှမယ်ပြိုင်ပွဲ (Miss Ethnic Myanmar 2020)ပြိုင်ပွဲကို ဖေဖော်ဝါရီ ၆ ရက် ညပိုင်းက ရန်ကုန်မြို့ ကျိုက္ကဆံကွင်း၌ ကျင်းပရာ ပအိုဝ်းတိုင်းရင်းသူ အလှမယ် စန်းသီတာထွေးက 2020 Winner ဆု ဆွတ်ခူးရရှိသွားသည်။

အဆိုပါပြိုင်ပွဲတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တိုင်းရင်းသူ ၃၉ ဦးတို့က တူညီဝတ်စုံ၊ ညနေခင်းပွဲတက် ဝတ်စုံနှင့် ဆန်းသစ်တီထွင် အဝတ်အစားများ ယှဉ်ပြိုင်ခဲ့ကြသည်။ တိုင်းရင်းသူအလှမယ်များသည် ဖေဖော်ဝါရီ ၁ ရက်၊ ၂ ရက်၊ ၅ ရက်က ယှဉ်ပြိုင်ခဲ့ကြကာ ရရှိသည့် ရမှတ်များ ပေါင်းပြီး နောက်ဆုံးဆန်ခါတင် ၁၀ ဦး ရွေးချယ်ခဲ့ရာ 2020 Winner ဆုကို ပအိုဝ်းတိုင်းရင်းသူ စန်းသီတာထွေး၊ First Runner Up ဆုကို ကယားပြည်နယ် မှ ဖြိုးသက်ဇင်၊ Second Runner Up ဆုကို ကချင်ပြည်နယ် မှ ချမ်းဆိန်ရမ်၊ စတုတ္ထဆုကို ရခိုင်ပြည်နယ်မှ အိအိခင်ထွန်း၊ ပဉ္စမဆုကို ကရင်ပြည်နယ်မှ နန်းကြည်လဲ့လဲ့စိုးတို့က ဆွတ်ခူးရရှိသွားကြသည်။ ပြိုင်ပွဲတွင် ပထမဆု ငွေကျပ် သိန်း ၁၀၀၊ ဒုတိယဆု ငွေကျပ် သိန်း ၅၀၊ တတိယဆု ငွေကျပ်သိန်း ၂၀ နှင့် အမှတ်တရလက်ဆောင်များ ချီးမြှင့်ခဲ့သည်။

"ဒီပြိုင်ပွဲကို ပထမဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်တာပါ။ Winner ရမယ်လို့ မမျှော်လင့်ထားဘူး။ Winner ရသွားတော့ အတိုင်းမသိ ဝမ်းသာမိတယ်။ ဆရာ ဆရာမများရဲ့ လေ့ကျင့်ပေးမှု၊ ပံ့ပိုးပေးမှုကြောင့် ဒီဆုကို ပိုင်ဆိုင်သွားတာပါ။ ပြိုင်ပွဲတွေရှိရင်လည်း ဝင်ရောက်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်" ဟု Winner ဆုရှင် ပအိုဝ်းတိုင်းရင်းသူ စန်းသီတာထွေးက ပြောသည်။



**2020 Winner ဆုရှင် ပအိုဝ်းတိုင်းရင်းသူ အလှမယ် စန်းသီတာထွေး။**

ဒုတိယအကြိမ် "သွေးချင်းတို့ရဲ့ပွဲတော်ဆီ"ပွဲတော် တိုင်းရင်းသူအလှမယ်ပြိုင်ပွဲကို မြန်မာနိုင်ငံ တိုင်းရင်းသား လုပ်ငန်းရှင်များအသင်းနှင့် ကယားပြည်နယ် တိုင်းရင်းသား လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းကျင်းပခဲ့ခြင်း ဖြစ်သည်။

**သတင်းနှင့်ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

## (၇၂)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနား ငဖဲမြို့နယ် လင်းတဲကျေးရွာ၌ ကျင်းပမည်

**ငဖဲ ဖေဖော်ဝါရီ ၇**

မင်းဘူးခရိုင် ငဖဲမြို့နယ် တောင်ပေါ်ဒေသ လင်းတဲ ကျေးရွာ၌ (၇၂)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၀ ရက်အထိ သုံးရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၁၈ ရက်နှင့် ၁၉ ရက်တွင် ချင်းတိုင်းရင်းသား အမျိုးသားနှင့် အမျိုးသမီးများ၏ အားကစားပြိုင်ပွဲများ၊ ကလေးငယ်များ၏ ကာယနှင့် ဉာဏပြိုင်ပွဲများကို ကျင်းပမည်ဖြစ်ပြီး ၂၀ ရက်တွင် အရှိုချင်းတိုင်းရင်းသားရိုးရာ ဝတ်စားဆင်ယင်မှုနှင့် အကများ၊ ချင်းတိုင်းရင်းသားရိုးရာနှင့် သဘာဝအလှကို ဖော်ကျူးစပ်ဆိုထားသော သီချင်းများဖြင့် သီဆိုဖျော်ဖြေ၍ စည်ကားစွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မယု(ငဖဲ)**

## ချန်ပီယံဆုအတွက် အရေးပါသည့်ပွဲများ ပါဝင်လာမည့် ဖူဆယ်လိဂ် ပွဲစဉ်(၂၀) ယနေ့ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၇**

၂၀၁၉-၂၀၂၀ ရာသီ MFF ဖူဆယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၂၀)ကို ယနေ့ နံနက်ပိုင်းမှစ၍ အမျိုးသားအားကစား ပြိုင်ပွဲရုံ-၂ လှိုင်၌ ဆက်လက်ကျင်းပ မည်ဖြစ်ပြီး ချန်ပီယံဆုအတွက် အရေးပါသည့်ပွဲများ ပါဝင်လာကာ ထိပ်ဆုံးမှ VUC အသင်းနှင့် တတိယ နေရာမှ GV အသင်းတို့ ထိပ်တိုက် တွေ့ဆုံနေသည်။

ပွဲစဉ် (၂၀)အဖြစ် နံနက် ၈ နာရီ ခွဲတွင် AMM Brothers အသင်းနှင့် MFF ယူ-၁၉ အသင်း၊ နံနက် ၁၀ နာရီ တွင် GV အသင်းနှင့် VUC အသင်း၊ နံနက် ၁၁ နာရီခွဲတွင် Winner အသင်း နှင့် On Doctor အသင်း၊ မွန်းလွဲ ၁ နာရီတွင် မြို့မ JY အသင်းနှင့် MIU အသင်း၊ မွန်းလွဲ ၂ နာရီခွဲတွင် Dream Team နှင့် Do Do Ko Ko အသင်း၊ ညနေ ၄ နာရီတွင် လက်ဝဲသုန္ဒရအသင်းနှင့် ဖူဆယ်ချစ်သူ အသင်းတို့ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

လက်ကျန် သုံးပွဲလိုတော့သည့် အချိန်တွင် ချန်ပီယံဆုအတွက် သုံးသင်းသာ မျှော်လင့်ချက်ရှိတော့ ပြီး GV နှင့် VUC အသင်းတို့ပွဲမှာ နှစ်သင်းစလုံးအတွက် အရေးပါနေ သည်။ လေးမှတ်ကွာနေသည့် GV အသင်းအနေဖြင့် ရှုံးပွဲကြုံတွေ့ပါက ချန်ပီယံမျှော်လင့်ချက် အဆုံးသတ် သွားမည်ဖြစ်သောကြောင့် မဖြစ်မနေ ရလဒ်ကောင်းရန် လိုအပ်နေပြီး VUC အသင်းမှာလည်း ထိပ်ဆုံး၌ ဆက်လက်ရပ်တည်နိုင်ရန် အနိုင် ကစားရမည်ဖြစ်သည်။

ပွဲစဉ်(၁၉)အပြီးတွင် VUC နှင့် MIU အသင်းတို့က ၅၅ မှတ်စီရထားပြီး ဂိုးကွာခြားချက်ဖြင့် VUC အသင်းက ထိပ်ဆုံးမှ ဦးဆောင်နေကာ MIU အသင်းက ဒုတိယနေရာတွင် ရပ်တည်နေသည်။ ယင်းနှစ်သင်း၏ နောက်တွင် GV အသင်းက ၅၁ မှတ်၊ On Doctor အသင်းက ၃၂ မှတ်၊ Winner အသင်းက ၂၉ မှတ်၊ မြို့မ JY အသင်းက ၂၇ မှတ်၊ MFF ယူ-၁၉ အသင်းနှင့် Do Do Ko Ko အသင်းက ၂၂ မှတ်စီ၊ Dream Team အသင်းက ၂၁ မှတ်၊ AMM Brothers အသင်းက ၁၁ မှတ်၊ လက်ဝဲသုန္ဒရအသင်းက ခြောက်မှတ်၊ ဖူဆယ်ချစ်သူအသင်း က လေးမှတ်ရရှိထားသည်။

**ရဲရင့်ရှိုင်း**

# ကိုရိုနာဗိုင်းရပ်စ်ထုတ်ဖော်ခဲ့သူ ဆရာဝန်သေဆုံးပြီးနောက် တရုတ်နိုင်ငံ၏ ဗိုင်းရပ်စ်အကျပ်အတည်း ပိုမိုမြင့်တက်လာ

**ပေကျင်း ဖေဖော်ဝါရီ ၇**

ကိုရိုနာဗိုင်းရပ်စ်နှင့်ပတ်သက်ပြီး ကမ္ဘာ့အရေးတွင် လှုပ်လှုပ်ရှားရှားဖြစ်သွားပြီးနောက် အပြစ်ပေးခံခဲ့ရသော ဆရာဝန်မှာ ယခုအခါ အဆိုပါကိုရိုနာ ဗိုင်းရပ်စ် ကူးစက်ခံရမှုကြောင့် ဖေဖော်ဝါရီ ၇ ရက်က သေဆုံးခဲ့ကြောင်း သတင်းများတွင် ဖော်ပြခဲ့သည်။ ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူများနှင့် ကူးစက်ခံရသူများ မြင့်တက်လျက်ရှိရာ စိတ်မကောင်းမှုများနှင့် ဒေါသထွက်မှုများ ဖြစ်ပွားလာခဲ့သည်။ ယခုအခါတွင် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် သေဆုံးသူပေါင်း ၆၃၀ ကျော်ရှိလာခဲ့ပြီဖြစ်သည်။

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုသည် ယခုအခါတွင် လူပေါင်း ၃၁၀၀၀ ထက်မနည်း ရောက်ရှိခဲ့ပြီဖြစ်သည်။ အဆိုပါ ကိုရိုနာဗိုင်းရပ်စ်သည် တရုတ်နိုင်ငံတစ်ဝန်း ပျံ့နှံ့လျက်ရှိသည်။ ထို့ကြောင့် တရုတ်အစိုးရသည် လူပေါင်း သန်းချီရှိသည့်မြို့များကို အလုံပိတ်ခဲ့ရသော်လည်း ရောဂါပျံ့နှံ့မှုသည် ကမ္ဘာတစ်ဝန်းဖြစ်ပွားခဲ့သည်။ ယခုအခါတွင် ရောဂါကူးစက်မှုသည် နိုင်ငံပေါင်းအနည်းဆုံး ၂၄ နိုင်ငံတွင် ရောဂါကူးစက်ခံရသူ ၂၄၀ ထက်မနည်း ရှိခဲ့ပြီဖြစ်သည်။

ဂျပန်ဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသော ရောဂါခြေချုပ်ဖြင့်ထားသည့် ဇိမ်ခံသင်္ဘောကြီးပေါ်တွင်လည်း ကိုရိုနာဗိုင်းရပ် ကူးစက်ခံရသူပေါင်း ၆၁ ဦး တွေ့ရှိခဲ့သည်။

ကုန်သွယ်ရေးနှင့် လူ့အခွင့်အရေးဆိုင်ရာများကြောင့် တင်းမာနေသည့် အမေရိကန်ပြည်ထောင်စုနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ သမ္မတများသည် ဖေဖော်ဝါရီ ၇ ရက်က အရေးပေါ်ကျန်းမာရေးအခြေအနေကို ဖုန်းဖြင့် ဆွေးနွေးခဲ့ကြောင်း သိရသည်။

ကိုရိုနာဗိုင်းရပ်စ် ပြန့်ပွားမှုကိုအမေရိကန်ဘက်ကလည်း တုံ့ပြန်ဆောင်ရွက်ရန် တရုတ်သမ္မတရှီကျင့်ဖျင်က တိုက်တွန်းပြောကြားခဲ့ကြောင်း ဆင်ဟွာသတင်းအေဂျင်စီ၏ သတင်းဖော်ပြချက်အရ သိရသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကလည်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကို ကိုင်တွယ်ဖြေရှင်းနိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့သည်ဟု အိမ်ဖြူတော်သတင်းအရင်းအမြစ်က ပြောသည်။

ဖေဖော်ဝါရီ ၇ ရက်အစောပိုင်းက အသက် ၃၄နှစ်အရွယ် ဆရာဝန်တစ်ဦး သေဆုံးခဲ့သည့်ကိစ္စနှင့် ပတ်သက်ပြီး အစိုးရ၏ကိုင်တွယ်မှုအပေါ် မကျေနပ်မှုများ ဖြစ်ပေါ်ခဲ့သည်။

**အေအက်ဖ်ပီ**



ဝူဟန်ဆေးရုံတွင် ရောဂါကာကွယ်ရေးဝတ်စုံဝတ်ဆင်ပြီး အလုပ်လုပ်နေသော ဆေးဝန်ထမ်းတစ်ဦးကို တွေ့ရစဉ်။

# အိုင်အိုဝါပြည်နယ် ဒီမိုကရက်တစ်ပါတီ ကိုယ်စားလှယ်လောင်းအနိုင်ရရှိသူကို မကြေညာနိုင်သေး

**ဝါရှင်တန် ဖေဖော်ဝါရီ ၇**

အမေရိကန်ပြည်ထောင်စု အိုင်အိုဝါပြည်နယ် ဒီမိုကရက်တစ်ပါတီ ကိုယ်စားလှယ်လောင်း ရွေးချယ်ပွဲတွင် မည်သူအနိုင်ရသလဲဆိုသည့်အချက်နှင့် ပတ်သက်ပြီး မသေချာမှုများ ဖြစ်နေကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖေဖော်ဝါရီ ၇ ရက်က ဖော်ပြသည်။



တောင်ပိုင်းဘန့်ဒ်မြို့တော်ဝန်ဟောင်း ပီတီဘတ်တီဂျေ့ဂျ်။

အိုင်အိုဝါဒီမိုကရက်တစ်ပါတီက ဖေဖော်ဝါရီ ၆ ရက်ညက တောင်ပိုင်းဘန့်ဒ်မြို့တော်ဝန်ဟောင်း ပီတီဘတ်တီဂျေ့ဂျ်သည် ပထမနေရာတွင်ရှိသည်ဟု ကြေညာခဲ့သလို အခြားသောပြိုင်ပွဲဝင်များ၏ ရလဒ်များကိုလည်း ကြေညာခဲ့သည်။

အိုင်အိုဝါဒီမိုကရက်တစ်ပါတီ၏ ကြေညာချက်တွင် ဘတ်တီဂျေ့ဂျ်သည် ၂၆ ဒသမ ၂ရာခိုင်နှုန်းရရှိခဲ့ပြီး ၀ ဒသမ ၁ ရာခိုင်နှုန်း မဆိုစလောက်လေးအသာဖြင့် ဆီနိတ်တာ ဘာနီးဆန်ဒါးစ်ကို ကပ်နိုင်ခဲ့ကြောင်း၊ ဆီနိတ်တာ ဘာနီးဆန်ဒါးစ်သည် ၂၆ ဒသမ ၁ ရာခိုင်နှုန်း ရရှိခဲ့ကြောင်း သိရသည်။

ဆီနိတ်တာအဲလိဇဘတ်ဝါရန်သည် ၁၈ ရာခိုင်နှုန်းဖြင့် ၎င်းတို့နောက်မှ လိုက်လာကာ ယခင်သမ္မတဟောင်း ဂျိုးဘိုင်ဒန်က ၁၅ ဒသမ ၈ ရာခိုင်နှုန်း ရရှိခဲ့ကြောင်း အိုင်အိုဝါပြည်နယ် ဒီမိုကရက်တစ်ပါတီက ကြေညာခဲ့သည်။

သို့သော်လည်း နယူးယောက်တိုင်းမ်က ပါတီကိုယ်စားလှယ်လောင်းရွေးချယ်မှုရလဒ်သည် အမှားအယွင်းများစွာနှင့် ကွဲလွဲမှုများစွာဖြစ်ခဲ့ကြောင်း ဖော်ပြခဲ့သည်။ မဲရေတွက်ခြင်းသည်လည်း နည်းပညာအမှားအယွင်းများကြောင့် နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အမေရိကန်ဒီမိုကရက်တစ် အမျိုးသားကော်မတီဥက္ကဋ္ဌ တွမ်ပီရက်ဇ်က အိုင်အိုဝါပြည်နယ်ရှိ ပါတီအရာရှိများအား မဲရလဒ်ကိုပြန်လည်စိစစ်ရန် တိုက်တွန်းပြောကြားလိုက်သည်။

သို့သော်လည်း အိုင်အိုဝါဒီမိုကရက်တစ်ပါတီက ထိုသို့လုပ်ရန် ဆန္ဒမရှိကြောင်း သိရသည်။ စီအင်န်အင်န်က အိုင်အိုဝါဒီမိုကရက်တစ်ပါတီအနေဖြင့် ရလဒ်ကိုပြန်လည်စိစစ်ရန် ဖေဖော်ဝါရီ ၈ ရက် ဒေသစံတော်ချိန် ညနေ ၁၂ နာရီအထိ အချိန်ရရှိမည်ဖြစ်ကြောင်း ထုတ်လွှင့်ခဲ့သည်။

အမေရိကန်မီဒီယာများက ပါတီကိုယ်စားလှယ်လောင်း အနိုင်ရရှိသူကို မကြေညာနိုင်သေးကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## တရုတ်နိုင်ငံသို့ လေကြောင်းခရီးစဉ်အချို့ ယာယီပြန်လည်ပြေးဆွဲရန် အီတလီသဘောတူ

**ပေကျင်း ဖေဖော်ဝါရီ ၇**

တရုတ်နိုင်ငံသို့ ပြေးဆွဲမည့် လေကြောင်းခရီးစဉ်အချို့ ယာယီပြန်လည်ပြေးဆွဲရန် အီတလီဘက်မှ သဘောတူခဲ့ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၇ ရက်တွင် ပြောကြားခဲ့သည်။

လွန်ခဲ့သည့်လမှစတင်ကာ အီတလီနှင့် တရုတ်နိုင်ငံတို့အကြား တိုက်ရိုက်လေကြောင်းပြေးဆွဲမှုကို ရပ်ဆိုင်းခဲ့သည်။ တရုတ်ဒုတိယနိုင်ငံခြားရေးဝန်ကြီး ကျင်ဂန်နှင့် တရုတ်နိုင်ငံဆိုင်ရာ အီတလီသံအမတ်ကြီး လူကာဖယ်ရာရီတို့ ဖေဖော်ဝါရီ ၆ ရက်က တွေ့ဆုံခဲ့ကြသည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံတွင် နိုဗယ်ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားပြီးနောက် အီတလီနိုင်ငံဘက်မှ တရုတ်နိုင်ငံဘက်သို့ ဆက်သွယ်ခြင်းမရှိဘဲ လေကြောင်းပြေးဆွဲမှုများကို ရပ်တန့်ရန်ဆုံးဖြတ်လိုက်သည့်အတွက် နှစ်နိုင်ငံစလုံးမှ ခရီးသွားများအတွက် အဆင်မပြေမှုများ ဖြစ်ပေါ်ခဲ့ရသည်။ တရုတ်နိုင်ငံသားအများအပြားမှာလည်း အီတလီနိုင်ငံတွင် သောင်တင်နေခဲ့ရသည်။ တရုတ်နိုင်ငံဘက်မှ စိုးရိမ်ပူပန်မှုများကို အီတလီနိုင်ငံဘက်မှ ပြန်လည်တုံ့ပြန်ပေးရန် တောင်းဆိုခဲ့သည်။

လေကြောင်းလိုင်းများ ပြေးဆွဲမှုရပ်ဆိုင်းရန် ဆုံးဖြတ်ခဲ့ခြင်းကို ပယ်ဖျက်ပေးရန် တောင်းဆိုခဲ့သည်။ အီတလီသံအမတ်ကြီးကလည်း အီတလီတွင် သောင်တင်နေသည့် တရုတ်နိုင်ငံသားများ၏အခြေအနေကို စာနာမိကြောင်း၊ လေကြောင်းလိုင်းအချို့ကို ပြန်လည်ပြေးဆွဲရန်ဆန္ဒရှိကြောင်း ပြောဆိုခဲ့သည်။

**ဆင်ဟွာ**

# အစ္စရေးတပ်ဖွဲ့ဝင်များနှင့် အချင်းများရာမှ ပါလက်စတိုင်းလေးဦး သေဆုံး

**ဂျေရုဆလင် ဖေဖော်ဝါရီ ၇**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ အရှေ့အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေးအစီအစဉ်ကို ကြေညာပြီးနောက်ပိုင်း အစ္စရေးတပ်ဖွဲ့ဝင်များနှင့် ပါလက်စတိုင်းတို့ကြား အချင်းများမှုများဖြစ်ပေါ်ခဲ့ရာ ဖေဖော်ဝါရီ ၅ ရက်နှင့် ၆ ရက်အတွင်း ပါလက်စတိုင်းတို့ဘက်မှ လေးဦးသေဆုံးခဲ့ရကြောင်း သိရသည်။

အစ္စရေးတပ်ဖွဲ့ဘက်မှလည်း ၁၃ ဦးခန့် ဒဏ်ရာရရှိခဲ့သည်။ လွန်ခဲ့သည့် သီတင်းပတ်အတွင်း သမ္မတထရမ့်က ငြိမ်းချမ်းရေးအစီအစဉ်ကို ထုတ်ဖော်ကြေညာခဲ့ရာ ပါလက်စတိုင်းတို့က လူထုဆန္ဒပြပွဲများပြုလုပ်ရန် တောင်းဆိုခဲ့ကြသည်။

အမေရိကန်ဘက်ကမူ ငြိမ်းချမ်းရေးအစီအစဉ်သည် ဆယ်စုနှစ်များစွာကြာ ပဋိပက္ခကိုအဆုံးသတ်နိုင်လိမ့်မည်ဟု ပြောကြားခဲ့သော်လည်း ပါလက်စတိုင်းတို့ကမူ လက်မခံဘဲ ငြင်းပယ်ခဲ့သည်။ ပါလက်စတိုင်းပြည်သူများသည် ဖေဖော်ဝါရီ ၅ ရက်က အနောက်ဘက်ကမ်း ဟီဘွန်မြို့တွင် စုဝေးမှုများပြုလုပ်ခဲ့ပြီး အစ္စရေးတပ်ဖွဲ့ဝင်များဘက်သို့ မီးလောင်ဗုံးများ ပစ်သွင်းခဲ့သည်။

အစ္စရေးဘက်ကလည်း ပြန်လည်ပစ်ခတ်ခဲ့သည်။ ထို့နောက်အသက် ၁၇ နှစ်အရွယ် ပါလက်စတိုင်းတစ်ဦးမှာ သေနတ်ဒဏ်ရာဖြင့် သေဆုံးခဲ့ရသည်။ ပါလက်စတိုင်းအမျိုးသားတစ်ဦး မောင်းနှင်လာသည်ဟု ယူဆရသည့်ကားသည် ဖေဖော်ဝါရီ ၆ ရက်က အစ္စရေးတပ်ဖွဲ့ဝင်များကို ဝင်တိုက်ခဲ့ရာ တပ်ဖွဲ့ဝင် ၁၂ ဦး ဒဏ်ရာရရှိခဲ့သည်။ ဖေဖော်ဝါရီ ၆ ရက်မှာပင် အခြားနေရာသုံးနေရာတွင်လည်း နှစ်ဖက်စလုံးမှ အချင်းများမှုများ ဖြစ်ပေါ်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# စစ်ပွဲဒဏ်ခံ ယီမင်နိုင်ငံရှိ တိရစ္ဆာန်ရုံများတွင် တိရစ္ဆာန်များ အသက်ရှင်ရပ်တည်နိုင်ရေးခက်ခဲနေ

**ဆာနား ဖေဖော်ဝါရီ ၇**

ယီမင်နိုင်ငံ၏ ပြည်တွင်းစစ်ကြောင့် အရပ်သားများ သန်းနှင့်ချီ၍ အသက်ရှင်ရပ်တည်နိုင်ရေး ရုန်းကန်နေရသကဲ့သို့ တိုင်းပြည်အတွင်းရှိ တိရစ္ဆာန်ရုံများအတွင်းရှိ ခြင်္သေ့၊ ကျားသစ်၊ ဘာဘွန်မျောက် အစရှိသည့်သတ္တဝါများမှာလည်း မရေရာသည့်အနာဂတ်နှင့် ရင်ဆိုင်နေရသည်။

၂၀၁၇ ခုနှစ်တွင် ခြင်္သေ့လေးကောင်အပါအဝင် အခြားသော တိရစ္ဆာန်များမှာ အစာငတ်ပြတ်မှုကြောင့် သေဆုံးခဲ့ရသည်။ ခြင်္သေ့များကို အစာကျွေးရန် အစာဈေးနှုန်းမှာ ကြီးလာသည့်အတွက် ခြင်္သေ့များကို အစာကျွေးနိုင်ရေး ခက်ခဲနေရကြောင်း ခြင်္သေ့ထိန်းသိမ်းသူက အေအက်ဖ်ပီသို့ ပြောသည်။



ဆာနားမြို့ တိရစ္ဆာန်ရုံအတွင်းမှ ခြင်္သေ့တစ်ကောင်ကို လေ့ကျင့်ပေးသူနှင့်အတူ တွေ့ရစဉ်။

ပြည်တွင်းစစ်ဖြစ်ပွားပြီး ငါးနှစ်ကြာလာသည့် နောက်ပိုင်းတွင် တိရစ္ဆာန်ရုံများရှိ တိရစ္ဆာန်ပေါင်း ၁၁၅၉ ခန့်မှာ အစာရေစာငတ်ပြတ်မှုဘေးနှင့် ကြုံနေရကြောင်း၊ အာရေဗီယန်ခြင်္သေ့ နှစ်ကောင်မှာလည်း အသက်အန္တရာယ်နှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

တိုင်းပြည်အတွင်းရှိ အဓိက တိရစ္ဆာန်ရုံကြီး သုံးရုံအနက် ဆာနားမြို့ရှိ တိရစ္ဆာန်ရုံမှာသာ အခြေအနေကောင်းမွန်ပြီး ကျန်နှစ်ခုမှာ အခြေအနေဆိုးရွားကြောင်း တိရစ္ဆာန်များကယ်ဆယ်ရေးအဖွဲ့ ခေါင်းဆောင် ကင်မီရှယ်လီဘာရိုဒီရစ်ခ်က ပြောသည်။

**အေအက်ဖ်ပီ**

# ကိုရိုနာဗိုင်းရပ်စ်နဲ့ ဂျပန်အပျော်စီးသင်္ဘောရဲ့ ကံကြမ္မာ

ကလျာမိုးမြင့်

ဂျပန်ကမ်းခြေမှာဆိုက်ကပ်ထားတဲ့ အပျော်စီးသင်္ဘောတစ်စင်းပေါ်မှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၀ ဦးထက်မနည်းရှိနေကြောင်း စစ်ဆေးတွေ့ရှိရပြီးတဲ့နောက် အဆိုပါသင်္ဘောကို သီးသန့်ခွဲခြားထားပြီး သင်္ဘောပေါ်က တခြားခရီးသည်တွေကို ကျန်းမာရေးစစ်ဆေးမှုတွေ ဆက်လက်လုပ်ဆောင်နေတယ်ဆိုတဲ့သတင်းကို ယခုရက်ပိုင်းအတွင်း မီဒီယာတွေအများအပြားက ဖော်ပြခဲ့ကြပါတယ်။ ထင်ထားတဲ့အတိုင်းပါပဲ၊ ယခုရက်ပိုင်းအတွင်းမှာ သင်္ဘောပေါ်က နောက်ထပ်ခရီးသည် ၄၁ ဦး ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံထားရကြောင်း ထပ်မံကြားသိခဲ့ရပြန်ပါတယ်။




ဗိုင်းရပ်စ်ကူးစက်ခံထားရသည့် သင်္ဘောစီးခရီးသည်အချို့ကို လူနာတင်ယာဉ်များဖြင့် ဆေးရုံသို့ ပို့ဆောင်ရေးဆောင်ရွက်နေစဉ်။

**မြင့်တက်လာ**

သင်္ဘောပေါ်မှာ လိုက်ပါလာတဲ့ တခြားလူတွေကို ထပ်ပြီး အဖျား ရှိ မရှိ စစ်ဆေးသွားဦးမှာဖြစ်တယ်လို့ ကျန်းမာရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၇ ရက်မှာ အတည်ပြုခဲ့ပါတယ်။ ဒီတော့ အပျော်စီးသင်္ဘောပေါ်မှာ နိုဗယ်ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရတဲ့သူအရေအတွက်ဟာ ၆၁ ဦးအထိ မြင့်တက်လာခဲ့ပြီဖြစ်ပါတယ်။ ဒါဟာ သင်္ဘောတစ်စင်းပေါ်က ဗိုင်းရပ်စ်ပြန့်ပွားမှုအခြေအနေပဲ ရှိပါသေးတယ်။ နိုင်ငံနဲ့ချီပြီးပြောရမယ်ဆိုရင်တော့ တရုတ်ပြည်မကြီးမှာတင် ဗိုင်းရပ်စ်ကူးစက်ခံရသူအရေအတွက်ဟာ ၃၀၀၀၀ ကျော်နေပါပြီ။ ရာနဲ့ချီတဲ့ သေဆုံးသူတွေဟာလည်း တရုတ်နိုင်ငံက ကူးစက်ခံရသူတွေဖြစ်ပြီး အိမ်နီးချင်းနိုင်ငံအများအပြားကိုလည်း ပျံ့နှံ့ရောက်ရှိလို့နေပါတယ်။

ပြီးခဲ့တဲ့လအတွင်း Diamond Princess အပျော်စီးသင်္ဘောနဲ့လိုက်ပါလာပြီး ဟောင်ကောင်မှာ ဆင်းသွားတဲ့ ခရီးသည်တစ်ဦးမှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံထားရကြောင်း သိရှိရပြီးတဲ့နောက်မှာ အဲဒီသင်္ဘောကို သီးသန့်ခွဲခြားထားပြီး သင်္ဘောပေါ်က ခရီးသည် ၂၇၃ ဦးကို မကြာသေးခင်ကပဲ ကျန်းမာရေးစစ်ဆေးမှုတွေ လုပ်ဆောင်ခဲ့ပါတယ်။ နောက်ထပ်ခရီးသည် ၁၇၁ ဦးကို စမ်းသပ်စစ်ဆေးထားတဲ့ ရလဒ်တွေလည်း ထွက်လာခဲ့ပြီဖြစ်ပြီး အဲဒီအထဲက ခရီးသည် ၄၁ ဦးမှာ ဗိုင်းရပ်စ်ရှိနေတယ်လို့ ဂျပန်ကျန်းမာရေးဝန်ကြီး ခတ်စုနိုဘူကာတိုက သတင်းထောက်တွေကို ဖြေကြားခဲ့ပါတယ်။

**ဆေးရုံပို့**

ယနေ့မှာတော့ သင်္ဘောပေါ်က ဗိုင်းရပ်စ်ကူးစက်ခံထားရတဲ့ လူနာတွေကို ဒေသဆေးရုံအများအပြားဆီ ပို့ဆောင်ပေးဖို့ ပြင်ဆင်နေတယ်လို့ သိရပါတယ်။ ပြီးခဲ့တဲ့ တနင်္လာနေ့ညနေခင်းက ဂျပန်ကမ်းခြေဆီ ဆိုက်ရောက်လာတဲ့ အဲဒီအပျော်စီးသင်္ဘောပေါ်မှာ ခရီးသည်အရေအတွက် စုစုပေါင်း ၃၇၀၀ ကျော် လိုက်ပါလာခဲ့ပါတယ်။ ဗိုင်းရပ်စ်ကူးစက်ခံထားရကြောင်း ထပ်မံစစ်ဆေးတွေ့ရှိခဲ့တဲ့သူတွေထဲမှာ ၂၁ ဦးဟာ ဂျပန်၊ အမေရိကန်၊ ကနေဒါ၊ ဩစတြေးလျ၊ အာဂျင်တီးနားနဲ့ ဗြိတိန်နိုင်ငံသားတွေဖြစ်တယ်လို့ ဆိုပါတယ်။

သင်္ဘောဟာ လာမယ့်ဖေဖော်ဝါရီ ၁၉ ရက်အထိ ကြာမြင့်နိုင်ဖွယ်ရှိတဲ့ သီးသန့်ခွဲခြားစစ်ဆေးမှု ဆောင်ရွက်ဖို့အတွက် ဖေဖော်ဝါရီ ၆ ရက်က ယိုကိုဟားမားမှာ ကျောက်ချရပ်နားခဲ့တာပါ။ ကနဦးစစ်ဆေးမှုမှာ ဗိုင်းရပ်စ်ရှိနေကြောင်း တွေ့ရှိခဲ့ရတဲ့ လူ ၂၀ ကိုတော့ သင်္ဘောပေါ်ကနေ ရွှေ့ပြောင်းသွားခဲ့ပြီဖြစ်ပြီး အဲဒီထဲကတစ်ယောက်ဟာ အရေးပေါ်အခြေအနေဖြစ်နေတယ်လို့ ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြခဲ့ပါတယ်။ အသေးစိတ်အချက်အလက်တွေကိုတော့ ထုတ်ပြန်ဖော်ပြခဲ့ခြင်း မရှိပါဘူး။

**ကျယ်ကျယ်ပြန့်ပြန့်စစ်ဆေး**

သင်္ဘောပေါ်ကဆင်းသွားတဲ့ ဗိုင်းရပ်စ်ကူးစက်ခံရသူ ခရီးသည်နဲ့ နီးနီးကပ်ကပ်ရှိခဲ့တဲ့သူတွေမှာ ဗိုင်းရပ်စ်ရှိတဲ့ လက္ခဏာတွေ တွေ့ရတဲ့အတွက် အဲဒီလူတွေကို စပြီး ကျန်းမာရေးစစ်ဆေးမှု စတင်လုပ်ဆောင်ခဲ့ရာက ယခုလို ကူးစက်ခံရတဲ့အရေအတွက် ထပ်မံတိုးပွားလာရခြင်း ဖြစ်ပါတယ်။

စစ်ဆေးမှုကို ဒီထက်ပိုပြီးတော့ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နေတယ်လို့ အာဏာပိုင်တွေက ပြောပါတယ်။ ဗိုင်းရပ်စ် ရှိ မရှိ စစ်ဆေးမှုမှာ လူဘယ်နှယောက်အထိ ထပ်ပြီးကူးစက်ခံရကြောင်း တွေ့ရှိရဦးမလဲဆိုတာ မသိနိုင်သေးသလို စစ်ဆေးမှုဘယ်လောက်အထိ ကြာနိုင်မလဲဆိုတာကို အသေးစိတ်ထုတ်ပြန်ချက်တော့ ထွက်မလာသေးပါဘူး။

**ကယ်ဆယ်ရွှေ့ပြောင်း**

သင်္ဘောပေါ်မှာတွေ့ရှိရတဲ့ ဗိုင်းရပ်စ်ကူးစက်မှုအပြင် ဂျပန်နိုင်ငံမှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံထားရတဲ့သူ အရေအတွက်ဟာ ၂၅ ဦးထက်မနည်းရှိခဲ့ပြီး ဗိုင်းရပ်စ်စတင်ဖြစ်ပွားရာ ဗဟိုချက်မဖြစ်တဲ့ တရုတ်နိုင်ငံ ဝူဟန်မြို့မှာ ရှိနေတဲ့ ရာနဲ့ချီတဲ့ ဂျပန်နိုင်ငံသားတွေကိုလည်း မကြာသေးခင်ကပဲ လေယာဉ်တွေစေလွှတ်ပြီး ကယ်ဆယ်ရွှေ့ပြောင်းထားရပါတယ်။ ဝူဟန်ကို စေလွှတ်လိုက်တဲ့ လေးစင်းမြောက် ကယ်ဆယ်ရေးလေယာဉ်ပေါ်မှာ ဂျပန်နိုင်ငံသားတွေ၊ ၎င်းတို့ရဲ့ ဂျပန်နိုင်ငံသားမဟုတ်တဲ့ ဇနီး ခင်ပွန်းတွေနဲ့ တခြားဆွေမျိုးရင်းချာတွေ လိုက်ပါလာကြပြီး ဖေဖော်ဝါရီ ၇ ရက် နံနက်ပိုင်းမှာ အဲဒီလေယာဉ်ဟာ ဂျပန်နိုင်ငံကို ရောက်ရှိလာခဲ့ပြီဖြစ်ပါတယ်။

**ကျဉ်းကျပ်တဲ့အခြေအနေ**

ယခုအပျော်စီးသင်္ဘောကိစ္စမှာ ခရီးသည်တွေကို သီးသန့်ထားရှိပြီး စစ်ဆေးဆောင်ရွက်မှုတွေဟာ ဖေဖော်ဝါရီ ၁၉ ရက်အထိ ကြာချင်ကြာနိုင်တယ်လို့ ဆိုပါတယ်။ ရောဂါနောက်ထပ်ကူးစက်ဖြစ်ပွားမှုကို တားဆီးဖို့အတွက် သင်္ဘောပေါ်က ခရီးသည်တွေဟာ ၎င်းတို့ရဲ့ ခရီးသည်နားနေခန်းထဲမှာပဲ ဆက်လက်နေထိုင်ရမှာ ဖြစ်ပါတယ်။

ခရီးသည်တွေကတော့ အတော်လေးကို အနေအထိုင်ကျဉ်းကျပ်လှပြီဖြစ်သလို ၎င်းတို့စီးလာတဲ့ အပျော်စီးသင်္ဘောဟာ အခုလိုမျိုးကံကြမ္မာဂြိုဟ်ဆိုးနဲ့ တည့်တည့်တိုးရမယ်လို့ တွေးထင်မထားခဲ့တဲ့အတွက် အခုလိုရင်ဆိုင်လာရချိန်မှာ တုန်လှုပ်ချောက်ချားမှုနဲ့အတူ စိတ်ပျက်လက်ပျက်ဖြစ်နေတဲ့အမူအရာတွေကို ဖော်ပြနေကြပါတယ်။ “အိပ်ပျက်ညတွေကနေ လွန်မြောက်ချင်ပြီ၊ စိတ်ရှုပ်ထွေးစရာ အခြေအနေတစ်ခုပဲ။ ငိုကြွေးချင်မိတယ်”လို့ တွစ်တာအသုံးပြုသူ ခရီးသည်တစ်ဦးဖြစ်တဲ့ ယာဒ်လေဝေါင်က ရေးသားခဲ့ပါတယ်။

သင်္ဘောပေါ်မှာနေရင်း ဗီဒီယိုဖိုင်တွေရိုက်ပြီး လိုင်းပေါ်တင်နေတဲ့ ဗြိတိန်နိုင်ငံသား ခရီးသည်တစ်ဦးဖြစ်တဲ့ ဒေးဗစ်အက်ဘဒယ်လ်က သင်္ဘောစီးခရီးသည်တွေဟာ မီဒီယာတွေကဖော်ပြတဲ့ သတင်းအချက်အလက်တွေကို သင်္ဘောပေါ်က အာဏာပိုင်တွေထက် ပိုပြီးမြန်မြန်ဆန်ဆန် ကြားရသိရတယ်။ ဒါကသိပ်တော့ မဟုတ်သေးဘူးလို့ ပြောခဲ့တာကို တွေ့ရပါတယ်။

**စည်းကမ်းထုတ်ထား**

ဒါပေမယ့်လည်း ဒေးဗစ်က သင်္ဘောပေါ်က နားနေခန်းတွေထဲမှာရှိနေကြတဲ့ ထောင်နဲ့ချီတဲ့ ခရီးသည်တွေဆီ အစားအသောက်တွေ ပို့ဆောင်ပေးဖို့ ကြိုးပမ်းခဲ့တဲ့ သင်္ဘောအမှုထမ်းတွေရဲ့ ကြိုးပမ်းမှုကိုတော့ ချီးကျူးခဲ့ပါတယ်။ ပြတင်းပေါက်မရှိတဲ့ နားနေခန်းထဲမှာနေရတဲ့ ခရီးသည်တွေကို လူနည်းစုအဖွဲ့နဲ့အတူ သင်္ဘောကုန်းပတ်ပေါ်တက်ပြီး လေကောင်းလေသန့်ရှူရှိုက်ခွင့်တော့ ပေးထားတယ်လို့ သိရပါတယ်။ ဒါပေမယ့် နားနေခန်းထဲက ထွက်ပြီဆိုတာနဲ့ နှာခေါင်းစည်းကို တစ်ချိန်လုံး တပ်ထားဖို့ ဆိုတဲ့ စည်းကမ်းချက်အပါအဝင် တင်းကျပ်တဲ့ စည်းကမ်းသတ်မှတ်ချက်တွေကိုတော့ လိုက်နာရပါတယ်။

သင်္ဘောပေါ်က အရာရှိတွေကိုလည်း လူတွေအများကြီးအုပ်စုလိုက်ဖွဲ့ပြီး နေခြင်းကနေ ရှောင်ရှားဖို့၊ တစ်ဦးနဲ့တစ်ဦး စကားပြောတဲ့အခါမှာ တစ်ယောက်နဲ့တစ်ယောက် အနည်းဆုံးတစ်မီတာလောက်အထိ ခွာပြီးနေဖို့ ညွှန်ကြားထားတယ်လို့ သင်္ဘောကပ္ပတိန်က ဖေဖော်ဝါရီ ၇ ရက် နံနက်ပိုင်းက ကြေညာချက်ထုတ်ခဲ့ပါတယ်။ ဘာပဲဖြစ်ဖြစ် လတ်တလောမှာတော့ သင်္ဘောပေါ်ကလူတွေဟာ ကိုရိုနာဗိုင်းရပ်စ်ကြောင့် သီးခြားကမ္ဘာတစ်ခုမှာ နေထိုင်ရသလိုဖြစ်နေပါတယ်။ ။

ကိုးကား-အေအက်ဖ်ပီ

## နိုင်ငံတကာသတင်းတိုထွာ

### အမေရိကန်တို့၏ စစ်ဆင်ရေးအတွင်း အယ်လ်ကိုင်ဒါခေါင်းဆောင်ကို သုတ်သင်နိုင်ခဲ့ဟု ထရမ့်ပြော

ဝါရှင်တန် ဖေဖော်ဝါရီ ၇

ယီမင်နိုင်ငံတွင် အမေရိကန်တို့က အကြမ်းဖက်တန်ပြန်တုံ့ပြန်မှု စစ်ဆင်ရေးပြုလုပ်ခဲ့ရာ အာရေဗီယန်ကျွန်းဆွယ်တွင် အယ်လ်ကိုင်ဒါအဖွဲ့တည်ထောင်ခဲ့သူနှင့် အဖွဲ့ခေါင်းဆောင်ဖြစ်သူ ကာဆမ်အယ်ရီမီကို သုတ်သင်နိုင်ခဲ့ကြောင်း ဖေဖော်ဝါရီ ၆ ရက်တွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အတည်ပြုပြောကြားခဲ့သည်။

အမေရိကန်သည် ယီမင်တွင် အကြမ်းဖက်မှုနှိမ်နင်းရေး စစ်ဆင်ရေးပြုလုပ်ခဲ့ကြောင်း၊ ကာဆမ်အယ်ရီမီကို အောင်မြင်စွာသုတ်သင်ရှင်းလင်းနိုင်ခဲ့ကြောင်း အိမ်ဖြူတော်မှ သတင်းထုတ်ပြန်သည်။ ကာဆမ်အယ်ရီမီသည် အယ်လ်ကိုင်ဒါခေါင်းဆောင် အေမန်နယ်ဇာဝိုင်ရီ၏ လက်ထောက်တစ်ဦးလည်းဖြစ်သည်။

ရီမီကို သုတ်သင်ရှင်းလင်းနိုင်ခဲ့သည့်အတွက် ကမ္ဘာအနှံ့ အယ်လ်ကိုင်ဒါများ၏ လှုပ်ရှားမှုများကို လျှော့ချနိုင်သည်ဟု အိမ်ဖြူတော်၏ သတင်းထုတ်ပြန်ချက်တွင် ပါဝင်သည်။ ဆင်ဟွာ

### သက်သာချောင်ချိရေးအစားအသောက်များကို မျှမျှတတဖြန့်ဝေမည်ဟု ဇင်ဘာဘွေသမ္မတ ကတိပြု

ဟာရာရီ ဖေဖော်ဝါရီ ၇

ဇင်ဘာဘွေနိုင်ငံတွင် ဆိုးရွားသည့်မိုးခေါင်မှုဖြစ်ပွားပြီးနောက် အစားအသောက်များဖြန့်ဝေရာတွင် နိုင်ငံရေးဆိုင်ရာ သဘောများမပါဝင်ဘဲ ဖြန့်ဝေသွားမည်ဟု ဇင်ဘာဘွေသမ္မတ အီမာဆွန်မနန်ဂါဂွါက အပြည်ပြည်ဆိုင်ရာအသိုင်းအဝိုင်းကို ကတိပြုပြောကြားခဲ့သည်။

မိမိတို့ အဓိကဦးစားပေးလုပ်ဆောင်ရမည့်အရာမှာ ပြည်သူများ အစားအသောက်လုံခြုံစိတ်ချရမှု ရရှိစေရေးပင်ဖြစ်သည်။ အစားအသောက်များဖြန့်ဝေရာတွင် နိုင်ငံရေးအရဆောင်ရွက်မှုများမပါဝင်ဘဲ လုပ်ဆောင်သွားမည်ဟု ဇန်နဝါရီ ၆ ရက်က နိုင်ငံခြားသံတမန်များနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ဇင်ဘာဘွေနိုင်ငံတွင် ၂၀၂၀ ပြည့်နှစ်၌ လူပေါင်း ၇ ဒသမ ၇သန်းမှာ အစားအသောက်အကူအညီ လိုအပ်လိမ့်မည်ဟု ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်က ပြောသည်။ ဇင်ဘာဘွေနိုင်ငံတွင် အသက် ၆ လမှ ၂ နှစ်အတွင်း ကလေးငယ် ၉၀ ရာခိုင်နှုန်းမှာ လိုအပ်သည့်အစားအသောက်ပမာဏကို စားသုံးရခြင်းမရှိဟု ကုလသမဂ္ဂက ပြောသည်။ ဆင်ဟွာ

## ပုဏ္ဏားကျွန်းမြို့နယ်၌ ဝိုင်ယာရိန်းသင်တန်းဖွင့်

**စစ်တွေ ဖေဖော်ဝါရီ ၇**

စစ်တွေခရိုင် ပုဏ္ဏားကျွန်းမြို့နယ် ကျေးလက်ဦးစီးဌာနက ကြီးမှူးပြီး အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လျှပ်စစ်ဝိုင်ယာရိန်းသင်တန်းကို ယမန်နေ့က မြို့နယ်ကျေးလက်ဦးစီးဌာန ရုံးခန်းမ၌ ဖွင့်လှစ်ရာ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဒုတိယအုပ်ချုပ်ရေးမှူး ဦးဇော်ဇော်ထွန်းက အမှာစကားပြောကြားသည်။

ထိုသင်တန်းသို့ ပုဏ္ဏားကျွန်းမြို့နယ်အုပ်စု ခြောက်အုပ်စု၊ ကျေးရွာခြောက်ရွာမှ သင်တန်းသား ၂၀ တက်ရောက်ပြီး သင်တန်းကာလမှာ ရက် ၂၀ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**အောင်လှဖြူ(ရမ်းဗြဲ)**

## YBS ယာဉ်များ၌ စတင်အသုံးပြုမည့် ငွေပေးချေကတ်စနစ်အတွက် ရှေ့ပြေးစမ်းသပ်မှုများကို စတင်လုပ်ဆောင်နေ

**ရန်ကုန် ဖေဖော်ဝါရီ ၇**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရီးသည် သယ်ယူပို့ဆောင်ရေး (YBS) ယာဉ်များတွင် စတင်အသုံးပြုမည့် ငွေပေးချေကတ်စနစ်အတွက် ရှေ့ပြေးစမ်းသပ်မှုများကို စတင်လုပ်ဆောင်လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ရုံး၌ ယမန်နေ့က ကျင်းပသော စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

ထိုသို့ရှေ့ပြေးစမ်းသပ်မှုများကို အဝါရောင်အကျႌ ဝတ်ဆင်ထားသူ ၉၅ ဦးဖြင့် ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၉ ရက်အထိ စမ်းသပ်မှုများ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့က ရှေ့ပြေးစီမံချက်ကို လူ ၉၅ ဦးနဲ့ ကုမ္ပဏီလေးခုရဲ့ ယာဉ်လိုင်းတွေမှာ စမ်းသပ်နေပါတယ်။ အဲဒီ ၉၅ ဦးမှာ ကတ် ၉၅ ကတ်ပေးထားတယ်။ ကြိုက်တဲ့ ယာဉ်လိုင်းကို စီး၊ ကတ်တစ်ကတ်မှာ ငွေတစ်သောင်းတစ်ထောင်ကျော် ထည့်ပြီး အဲဒါတွေနဲ့ လိုက်စီးနေတယ်။ ဒီလုပ်ငန်းစဉ်တစ်ခုလုံး မှန်ကန်လား၊ ဒီစက်ရဲ့ လုပ်ဆောင်မှုအဆင့်ဆင့်ကို စစ်ဆေးနေပါတယ်" ဟု YRTA တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရီးသည်သယ်ယူပို့ဆောင်ရေးယာဉ်များတွင် ငွေပေးချေကတ်များ အသုံးပြုရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိရာ ပထမအဆင့်အနေဖြင့် ယာဉ်အစီးရေ ၁၅၀၀ တွင် လည်းကောင်း၊ ဒုတိယအဆင့်တပ်ဆင်ရန် လျာထားသော ယာဉ်အစီးရေ ၄၉၇ စီးအနက် အစီးရေ ၄၀၀ ကျော်တွင် လည်းကောင်း ငွေပေးချေကတ်စနစ် အသုံးပြုရန် စက်များတပ်ဆင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ သတ်မှတ်ထားသော ယာဉ်အစီးရေအနက် ပြင်ဆင်နေသော ယာဉ်များနှင့် အကြောင်းအမျိုးမျိုးကြောင့် စက်တပ်ဆင်ရန် မပြည့်စုံသေးသော ယာဉ်များကို ချန်လှပ်ထားပြီး ကျန်ခရီးသည်တင်ယာဉ်များကို ဆက်လက်တပ်ဆင်ပေးလျက်ရှိကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးသယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့အနေဖြင့် တပ်ဆင်ပြီးစက်များကို စစ်ဆေးခြင်း၊ နည်းပညာရပ်များ စမ်းသပ်ခြင်း၊ ရှေ့ပြေးစမ်းသပ်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

## အသိပေးနှိုးဆော်ချက်

၂၀၂၀ ပြည့်နှစ်၊ (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားအား နေပြည်တော်၊ မြို့တော်ခန်းမရင်ပြင်၌ ကျင်းပပြုလုပ်မည်ဖြစ်သဖြင့် (ဝတ်စုံပြည့်) အစမ်းလေ့ကျင့်မည့် (၉-၂-၂၀၂၀)ရက်နေ့နှင့် အခမ်းအနားကျင်းပမည့် (၁၂-၂-၂၀၂၀) ရက်နေ့တို့တွင် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ပျဉ်းမနား-တောင်ညိုလမ်းပေါ်ရှိ စည်ပင်ဥယျာဉ်ရိပ်သာမီးပွိုင့်မှ သပြေကုန်းဈေးထောင့်လမ်းဆုံ မီးပွိုင့်အထိ ယာဉ်သွားလာမှုအား နံနက်(၀၂၀၀)အချိန်မှ (၀၉၀၀)အချိန်ထိလည်းကောင်း၊ နေ့လယ် (၁၅၀၀) အချိန်မှ (၂၂၀၀) အချိန်ထိလည်းကောင်း၊ ခေတ္တ လမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ယာဉ်အသုံးပြု သွားလာနေကြသူများအနေဖြင့် ၎င်းနေ့ရက်များတွင် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ပျဉ်းမနား-တောင်ညိုလမ်းပေါ်ရှိ စည်ပင်ဥယျာဉ်ရိပ်သာမီးပွိုင့်မှ တော်ဝင်ရတနာလမ်းအတိုင်း ရွှေကြာပင်မီးပွိုင့်ဘက်သို့လည်းကောင်း၊ သပြေကုန်းဈေးထောင့်လမ်းဆုံမီးပွိုင့်မှ ပိတောက်လမ်းအတိုင်း ရေဝတီလမ်းဘက်သို့လည်းကောင်း လမ်းလွှဲမောင်းနှင်ပေးကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်**
**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## မူဆယ် ၁၀၅ မိုင်တွင် ကုန်တင်ကုန်ချလုပ်သားများအား ဆန်နှင့်ဆီ ထောက်ပံ့

**မူဆယ် ဖေဖော်ဝါရီ ၇**

လတ်တလောတရုတ်နိုင်ငံ ဝူဟန်မြို့၌ ဖြစ်ပွားနေသည့် ကိုရိုနာဗိုင်းရပ်စ် အဆုတ်ရောင်ရောဂါနှင့်ပတ်သက်၍ မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်ကို နှစ်နိုင်ငံဘက်မှ ကုန်တင်ကားများအဝင်အထွက် လျော့နည်းသွားခဲ့ပြီး ကုန်တင်ကုန်ချလုပ်အားခများ ကျဆင်းသွားသည့်အတွက် ကုန်တင်ကုန်ချလုပ်သားများနှင့် မိသားစုဝင်များ အခက်အခဲများဖြစ်နေသောကြောင့် ဖေဖော်ဝါရီ ၅ ရက်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ မူဆယ်ပြည်တွင်း ကုန်တင်ကုန်ချကော်မတီရုံးမှ လုပ်သားတစ်ဦးလျှင် ဆန်တစ်အိတ်နှင့် ဆီနှစ်လီတာတစ်ဘူး ကူညီထောက်ပံ့ပေးခဲ့သည်။



ကုန်တင်ကုန်ချလုပ်သားများအား ဆန်နှင့်ဆီ ထောက်ပံ့ပေးစဉ်။

မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်တွင် ပုံမှန်အားဖြင့် နှစ်နိုင်ငံဘက်မှ ကုန်တင်ကားများ တစ်ရက်လျှင် အစီးရေ ၈၀၀ ကျော် ၁၀၀၀ ဝန်းကျင် နေ့စဉ် သွားလာနေခြင်းဖြစ်ပြီး ကုန်တင်ကုန်ချလုပ်သား ၆၅၀ ကျော် နေ့စဉ်လုပ်ကိုင်ဆောင်ရွက်နေကြောင်း သိရသည်။

ယခင် ကုန်တင်ကား အများဆုံး ဝင်ရောက်ချိန်တွင် တစ်ရက်လျှင်လုပ်အားခ ၁၅၀၀၀ ကျော်ရရှိခဲ့ရာ မိသားစုများ စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေး၊ အိမ်ခန်းငှားခ၊ ရေဖိုးမီးဖိုး အစစ အရာရာ အဆင်ပြေခဲ့ကြသည်။

ကုန်တင်ကုန်ချ ကော်မတီရုံးမှ ဦးစီးအရာရှိ ဦးဝင်းခိုင်ဦးက "အရင်တုန်းကတော့ ကုန်ကားတွေ အဝင်အထွက်များတဲ့ အချိန်ဆိုရင်လုပ်အားခတွေ ကောင်းပါတယ်။ ကျွန်တော်တို့အနေနဲ့ အရင်ကတည်းကအရေးပေါ်အခြေအနေနဲ့ ကြုံတွေ့လာရင် ကူညီဆောင်ရွက်ပေးဖို့ ကြိုတင်ပြင်ဆင်စုဆောင်းထားတဲ့အတွက် ယခုလို ကူညီထောက်ပံ့ပေးနိုင်ခဲ့ခြင်းဖြစ်ပါတယ်" ဟု ပြောသည်။

ကျန်းမာရေးအနေဖြင့် ကိုရိုနာဗိုင်းရပ်စ်အဆုတ်ရောင်ရောဂါကူးစက်မှုမရှိစေရန် ကျန်းမာရေးဌာနများကို ချိတ်ဆက်ပြီး အသိပညာပေးမှု၊ နှာခေါင်းစည်း တပ်ဆင်မှု၊ လက်ဆေးမှုများအားလုံးကို စနစ်ကျကျ လုပ်ကိုင်ဆောင်ရွက်ရန်နှင့် နှာခေါင်းစည်းများကိုလည်း အားလုံးဝေငှထားကြောင်း သိရသည်။

**သန့်ဇင်(မူဆယ်)**

## အသိပေးနှိုးဆော်ချက်

၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ (၁၃) ရက်နေ့ (၀၉၀၀)အချိန်တွင် ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းအဝိုင်း၌ ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်တုဖွင့်ပွဲ အခမ်းအနားအား ကျင်းပပြုလုပ်မည်ဖြစ်သဖြင့် (ဝတ်စုံပြည့်) အစမ်းလေ့ကျင့်မည့် (၁၁-၂-၂၀၂၀) ရက်နေ့နှင့် ဖွင့်ပွဲအခမ်းအနားကျင်းပမည့် (၁၃-၂-၂၀၂၀) ရက်နေ့တို့တွင် ပျဉ်းမနား-တောင်ညိုလမ်း-ဇမ္ဗူ့ကျက်သရေလမ်းနှင့် မြတ်ပန်းသဇင်လမ်းဆုံမှ ပျဉ်းမနား-တောင်ညိုလမ်းပေါ်ရှိ တော်ဝင်ရတနာလမ်းဆုံမီးပွိုင့် (စည်ပင်ဥယျာဉ်ရိပ်သာမီးပွိုင့်)အထိ ယာဉ်သွားလာမှုအား နံနက် (၀၅၀၀) အချိန်မှ (၁၀၀၀)အချိန်ထိ ခေတ္တလမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ယာဉ်အသုံးပြုသွားလာနေကြသူများ အနေဖြင့် ၎င်းနေ့ရက်များတွင် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ပျဉ်းမနား-တောင်ညိုလမ်း၊ ဇမ္ဗူ့ကျက်သရေလမ်းနှင့် မြတ်ပန်းသဇင်လမ်းဆုံမှ မြတ်ပန်းသဇင်လမ်းအတိုင်း အဆင့်မြင့်ဈေးမီးပွိုင့်၊ ၎င်းမှ ရာဇသင်္ဂဟလမ်းအတိုင်း Royal Myanmar ဂေါက်ကွင်းလမ်းဆုံ၊ ရွှေကြာပင်လမ်းအတိုင်း ရွှေကြာပင်မီးပွိုင့်၊ ၎င်းမှ တော်ဝင်ရတနာလမ်းအတိုင်း စည်ပင်ဥယျာဉ်ရိပ်သာ မီးပွိုင့်ဘက်သို့လည်းကောင်း၊ စည်ပင်ဥယျာဉ်ရိပ်သာမီးပွိုင့်မှ တော်ဝင်ရတနာလမ်းအတိုင်း ကုမုဒြာကြာပန်းအဝိုင်း၊ ၎င်းမှ ရာဇဌာနီလမ်းအတိုင်း ကြာပန်းအဝိုင်းဘက်သို့လည်းကောင်း(အသွား/အပြန်) လမ်းလွှဲမောင်းနှင်ပေးကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်**
**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၇-၂-၂၀၂၀

### ရွှေ

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၁၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၄၆၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၁၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၄၆၃၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၂၀/၈၇၅ | ကျပ် | ၈၆၅/၈၉၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၃၀/၈၉၀ | ကျပ် | ၈၈၀/၉၀၅ | ကျပ် |
| အောက်တိန်း ၉၂ | ၇၃၀/၇၈၀ | ကျပ် | ၈၀၀/၈၁၅ | ကျပ် |
| အောက်တိန်း ၉၅ | ၈၅၀/၉၀၀ | ကျပ် | ၉၁၀/၉၃၅ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၅၁ . ၆ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၉၁ . ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၄၅ . ၂ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၈၇၆ . ၆ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၂၀ . ၅ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၇၂ . ၄၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၀၇ . ၇၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၀ . ၃၅၀ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၁ . ၉၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၅၀ . ၈၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၆ . ၄၆၆ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

### စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၅၀၀ | ၁၁၅၀၀ | ၂၇၄၈ | ၃၁၆၀၂၀၀၀ |
| MTSH | ၄၀၀၀ | ၄၀၀၀ | ၃၈၈၅ | ၁၅၅၄၀၀၀၀ |
| MCB | ၈၄၀၀ | ၈၄၀၀ | ၂ | ၁၆၈၀၀ |
| FPB | ၂၃၅၀၀ | ၂၃၀၀၀ | ၆၃၂ | ၁၄၅၅၂၀၀၀ |
| TMH | ၂၈၅၀ | ၀ | ၀ | ၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်လင်းအောင်၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## အကယ်ဒမီပွဲမှ အစီအစဉ်အချို့ကို ဂျွန်လွင် ဝေဖန်အကြံပြု

မတ်လထဲတွင် ကျင်းပတော့မည့် ၂၀၁၉ ခုနှစ်အတွက် ရုပ်ရှင်ထူးချွန်ဆုပေးပွဲမှ ရွှေကြိုလူငယ်များ အစီအစဉ် အပါအဝင် အစီအစဉ်အချို့နှင့်ပတ်သက်၍ ပွဲစီစဉ်သူ ကိုဂျွန်လွင်(Stars & Models အေဂျင်စီ)က ယခုလို ဝေဖန်အကြံပြုခဲ့သည်။

"ကျွန်တော် အကယ်ဒမီဆုပေးပွဲကို ၂၀၁၆ နဲ့ ၂၀၁၈ မှာ နှစ်ပွဲ စီစဉ်ခဲ့ဖူးပါတယ်၊ အခု ၂၀၁၉ အတွက်ပွဲမှာ Bella က စပွန်ဆာဖြစ်ပြီး ရုပ်ရှင်နှစ် ၁၀၀ ပြည့် အငွေ့အသက်တွေနဲ့ ဆုပေးပွဲကို တွဲလုပ်မှာဖြစ်လို့ ဒီနှစ်လုပ်တဲ့ပွဲမှာ ဒါလေးတွေပြင်ရင် ပိုတိုးတက်ပြီး မော်ဒန်ပိုဖြစ်မယ်ထင်လို့ အကြံပြုချင်ပါတယ်၊ ပထမအချက်ကတော့ ရွှေကြိုကိစ္စပါ၊ ကျွန်တော်ဆိုရင် ရွှေကြိုကို စိတ်မဝင်စားလို့ ကျွန်တော့်ဆီက ကလေးတွေ သွားလျှောက်လည်း မတားသလို ဘာမှ မပြောခဲ့ဘူး၊ သူတို့ထင်တာ ဒီဇန်းကြီးကိုင်တာဟာ သူတို့အတွက် တကယ်ကို မင်းသား မင်းသမီးဖြစ်ဖို့ ဖြတ်လမ်းလို့ထင်တယ်၊ နိုင်ငံတကာကိုကြည့်ပါ၊ ဆုကြေညာတဲ့သူက ဆုကိုကိုင်ပြီး ကြေညာပြီးတာနဲ့ ဆုရတဲ့သူက တစ်ခါတည်း စင်ပေါ်မှာ ဆုကို လက်ခံတယ်၊ အချိန် ဘယ်လောက်သက်သာသလဲ၊ ဒီပွဲကို ကြည့်တဲ့သူတွေ (ပွဲထဲကလူရော၊ တီဗွီပေါ်ကကြည့်တဲ့လူရော)ရဲ့ ရည်ရွယ်ချက်က ဘယ်သူရမလဲ၊ ဘယ်လိုကြောင့်ရတာလဲ၊ ပွဲကို ဘယ်လို လိုရင်းတိုရှင်း ပြသလဲပဲ ကြည့်ချင်တာ၊ အခုလို ရွှေကြိုတွေပတ်လျှောက်၊ အဝင်အထွက် မိတ်ဆက်တာတွေ မလိုပါဘူး"ဟု ဝေဖန်ပြောကြားသည်။

ဒုတိယအချက်ကိုလည်း ကိုဂျွန်လွင်က "နိုင်ငံတကာမှာ ဆုရတဲ့သူကလည်း စင်ပေါ်ကို အေးဆေးတက်ပြီး စကားပြောတယ်၊ ဒီမှာက ကင်မရာမင်းတွေက ဆုရတဲ့လူနားမှာ ဝိုင်းအုံပြီး ဓာတ်ပုံရိုက်တယ်၊ တကယ် ရင်းနှီးလို့ လာနှုတ်ဆက်တဲ့လူပါသလို တီဗွီပေါ်မှာ ကိုယ့်မျက်နှာပါပြီး ရုပ်ကွက်ထဲမှာ 'ဘယ်သူ့ကို ဆုကြေညာတဲ့အချိန်မှာ နှုတ်ဆက်တာမြင်လိုက်တယ်'လို့ အပြောခံချင်လို့ ဝိုင်းအုံတဲ့သူကလည်း ဒုနဲ့ဒေးပဲ၊ တစ်နှစ်ကဆို ကံမကောင်းလို့ မင်းသမီးတစ်ယောက် စပွန်ဆာနဲ့ဆွဲလာတဲ့ ရင်ထိုးပျောက်တဲ့သတင်းလည်း ကြားရတယ်"ဟု ဆက်ပြောသည်။

တတိယအချက်ကိုလည်း ကိုဂျွန်လွင်က "ဆုရပြီလို့ ကြေညာတာနဲ့ ဓာတ်ပုံဆရာတွေဝိုင်းပြီး အတင်းဓာတ်ပုံရိုက်ကြတာ ဘာအတွက်လဲ၊ ဒီလိုရိုက်ဖို့မလိုပါဘူး၊ ဒီလူ ထွက်မပြေးပါဘူး၊ စင်ပေါ်မှာ သူဆုယူနေတဲ့အချိန်၊ ကျေးဇူးတင်စကားပြောတဲ့အချိန် ရိုက်လို့ရပါတယ်၊ ဒါဟာ အကြံပြုတာပဲဖြစ်ပါတယ်၊ မည်သူတစ်ဦးတစ်ယောက်ကိုမျှ မရည်ရွယ် မတိုက်ခိုက်ပါဘူးဆိုတာ နားလည်စေချင်ပါတယ်"ဟု ဆိုသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး(ဗဟို)က ဦးစီး၍ နှစ်စဉ်ကျင်းပနေသည့် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုပေးပွဲကို လာမည့် မတ် ၂၉ ရက်နေ့တွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်၌ ကျင်းပသွားမည်ဖြစ်ကာ ၂၀၁၆ ခုနှစ်က အကယ်ဒမီဆုပေးပွဲကိုလည်း ပြည်သူ့ရင်ပြင်၌ပင် ပြုလုပ်ခဲ့ဖူးကြောင်း သိရသည်။

ကိုလင်း

## အဆိုတော် ဝိုင်းလေး၏ တစ်ကိုယ်တော်ဖျော်ဖြေပွဲ ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျင်းပမည်

၂၀၁၄ ခုနှစ်က အိပ်မက်ဆုံရာ သီချင်းဆိုပြိုင်ပွဲမှတစ်ဆင့် အနုပညာလောကထဲကို စတင်ဝင်ရောက်လာခဲ့ကာ Miss Myanmar အလှမယ်ပြိုင်ပွဲတွင်လည်း Winner ဖြစ်ခဲ့သူ အဆိုတော် ဝိုင်းလေးက လာမည့် ဖေဖော်ဝါရီ ၁၂ ရက်တွင် ပထမဆုံး တစ်ကိုယ်တော် ဂီတဖျော်ဖြေပွဲကို ကျင်းပသွားမည်ဟု သိရသည်။

"ဒီပွဲက ဝိုင်းလေးအတွက် ပထမဆုံး စွန့်စားမှု ပွဲကြီးပါ၊ ပရိသတ်နဲ့ မတွေ့ရတာလည်းကြာတော့ ပရိသတ်နဲ့ သီးသန့်တွေ့ဆုံတဲ့ပွဲဆိုရင်လည်း မမှားပါဘူး၊ ဒီပွဲ ဖြစ်မြောက်လာဖို့ အဓိက တွန်းအားပေးခဲ့တာက ဝိုင်းလေးရဲ့ မိဘနှစ်ပါးပါ၊ ကိုယ်က ပေါက်သီချင်းတွေများထားတဲ့ အဆိုတော်လည်း မဟုတ်တော့ ပွဲလုပ်ဖို့ ရှိန်နေတယ်၊ ကြိုးစားနေဆဲ အဆိုတော်တစ်ယောက်ပါ၊ ပွဲမှာ သီချင်းတွေ သီဆိုခွင့်ပေးတဲ့ ကိုဝေကြီးတို့၊ ကိုဆလိုင်းတို့ကိုလည်း ကျေးဇူးတင်ပါတယ်၊ နောက် 'ထားခဲ့မှာလား' ဆိုတဲ့သီချင်းကို ရေးပေးတဲ့ တေးရေးဆရာ ကိုဒီထက်ကိုလည်း ကျေးဇူးအထူးတင်ပါတယ်၊ ဒီပွဲမှာ ဝိုင်းလေးကိုယ်တိုင်ရေးထားတဲ့ သီချင်းတွေလည်း ဆိုမှာပါ၊ ပြီးတော့ သီချင်းတွေကို CD နဲ့ မဆိုပါဘူး၊ ကိုယ်တိုင်တီးခတ်ပြီး ကိုယ်တိုင်သီဆိုမှာပါ၊ နောက် ပွဲကိုလာမယ့် ပရိသတ်တွေကို ကျန်းမာရေးအတွက် နှာခေါင်းစည်းတွေလည်း ပေးသွားမှာပါ၊ ပရိသတ်တွေရဲ့လက်မှတ်တွေကိုလည်း ဝိုင်းလေးက လိုချင်တာမို့ အမှတ်တရ လက်မှတ်တွေလည်း ယူသွားမှာပါ"ဟု ဝိုင်းလေးက ပြောသည်။



အဆိုပါ ဖျော်ဖြေပွဲကို The Inspiration ဟု အမည်ပေးထားပြီး ရန်ကုန်မြို့ ကန်တော်လေး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ကန်သာယာစင်တာ၌ ကျင်းပသွားမည်ဖြစ်ကာ ယင်းနေ့တွင် ဝိုင်းလေး၏ ဒုတိယမြောက် တေးစီးရီးသစ်ဖြစ်သော 'ဝိုင်း'ဟု အမည်ပေးထားသည့် စီးရီး MTV ခွေသစ်ကိုလည်း ရောင်းချသွားမည်ဟု သိရသည်။

ကိုလင်း

## CITY FM ၏ ရေပန်းအစားဆုံး အမျိုးသမီးအဆိုရှင်ဆုကို ဝိုင်းစုခိုင်သိန်း ရရှိ

(၁၈) ကြိမ်မြောက် City FM ဂီတဖျော်ဖြေပွဲတွင် 'ရေပန်းအစားဆုံး အမျိုးသမီး အဆိုရှင်'ဆုကို ဝိုင်းစုခိုင်သိန်းက ရရှိခဲ့ရာ လက်ရှိအချိန်ထိ ဂီတဆိုင်ရာဆု ခုနစ်ဆုကို ပိုင်ဆိုင်ထားပြီဖြစ်သည်။

ဝိုင်းစုခိုင်သိန်းက "ဝိုင်းစုက ငယ်ငယ်တည်းက ဂီတကို ရူးသွပ်တာပါ။ ဆုတွေရဖို့ မျှော်မှန်းပြီးတော့ အခွေထုတ်ခဲ့တာတော့ မဟုတ်ပါဘူး။ ကိုယ့်ကို ချစ်တဲ့ ပရိသတ်တွေကြောင့် သီချင်းခွေတစ်ခွေထွက်တိုင်း ဆုတစ်ခု ရခဲ့တယ်။ ဝိုင်းစုကို အားပေးတဲ့ ပရိသတ်တွေကိုလည်း ကျေးဇူးတင်ပါတယ်။ ဝိုင်းစု ကြိုးစားရကျိုးနပ်တယ်လို့လည်း ပြောလို့ရပါတယ်။ ရှေ့ဆက်ပြီးတော့လည်း ဒီအားအင်တွေနဲ့ ဒီထက်မက ကြိုးစားသွားပါ့မယ်"ဟု ဝိုင်းစုခိုင်သိန်းက ပြောသည်။



ဝိုင်းစုခိုင်သိန်းသည် ၂၀၁၀ ပြည့်နှစ်က 'အပြစ်မမြင်' သီချင်းဖြင့် ပထမဆုံး ဆုကို ရရှိခဲ့ပြီး ထိုအချိန်မှစ၍ ဂီတဆိုင်ရာဆုများကို နှစ်စဉ်နီးပါး ရရှိခဲ့ရာ ယခု ၂၀၂၀ ပြည့်နှစ် City FM ဂီတဖျော်ဖြေပွဲမှပေးသည့်ဆု အပါအဝင် ဆုပေါင်း ခုနစ်ဆုကို ပိုင်ဆိုင်ထားကြောင်း သိရသည်။ ဝိုင်းစုခိုင်သိန်းသည် လက်ရှိအချိန်တွင် 'နွားကျောင်းသူ'ဟု အမည်ပေးထားသော သီချင်းခွေကို နောက်ဆုံး ထွက်ရှိထားကာ ထိုသီချင်းခွေအတွက် ဂီတဗီဒီယိုရိုက်ကူးရန် ဆက်လက်စီစဉ်နေကြောင်း သိရသည်။

သရုပ်ဆောင်ပိုင်းနှင့်ပတ်သက်၍လည်း ဝိုင်းစုခိုင်သိန်းက "ဝိုင်းစု ရိုက်ချင်တဲ့ကားမျိုးဆိုရင်တော့ ရိုက်ကူးသွားမှာပါ။ တစ်ခါတလေလည်း ရိုက်ဖို့ စဉ်းစားပါတယ်။ ဒါပေမယ့် ကားရိုက်မယ်လုပ်လိုက် ဂီတပိုင်း ရောက်သွားလိုက်နဲ့မို့ မရိုက်ဖြစ်တာပါ။ ပရိသတ်တော်တော်များများကလည်း ဝိုင်းစုကို သရုပ်ဆောင်ပိုင်းကို ပြန်လုပ်စေချင်နေကြပါတယ်။ သရုပ်ဆောင်ပိုင်းကို မလုပ်နိုင်သေးလို့ တောင်းပန်ပါတယ်"ဟု ပြောသည်။

ကိုလင်း

## ဟာသနှင့် ပညာပေးကို ပေါင်းစပ်သရုပ်ဖော်ထားသော "ပလေယာ" ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်ဖန်တီးသူတို့၏ စကားသံများ

ဘိုဘိုရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ပြီး ဇာတ်လမ်း၊ ဇာတ်ညွှန်း သက်ဦးမောင် ရေးသား၍ ဒါရိုက်တာ ပြည်ဟိန်းသီဟ ရိုက်ကူးကာ သရုပ်ဆောင်များအဖြစ် မြင့်မြတ်၊ ထွန်းထွန်း၊ တိုင်ရွှန်၊ အေးချမ်းမောင်၊ ခင်လှိုင်၊ စိုးမြတ်သူဇာ၊ အိချောပို၊ ဆောင်းဝတ်ရည်မေ၊ မေမီကိုကိုနှင့် အခြား အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားသော ပလေယာ ရုပ်ရှင်ဇာတ်ကားကြီးကို ဖေဖော်ဝါရီ ၆ ရက်က စတင် ရုံတင်ပြသနေပြီဖြစ်ရာ ထုတ်လုပ်သူ၊ ဒါရိုက်တာနှင့် သရုပ်ဆောင်များ၏ စကားသံများကို စုစည်းဖော်ပြလိုက်ပါသည်။

**ကိုဘိုဆန်း(ထုတ်လုပ်သူ)**

ဒီကားက ကျွန်တော်တို့ ဘိုဘိုဖလင်ကနေ ထပ်ပြီး ထုတ်လုပ်ရိုက်ကူးတဲ့ ဟာသကားလေးတစ်ကားပါ၊ ဒီကားလေးက ဒီဘက်ခေတ်ကိုပဲ အခြေခံပြီး ရိုက်ထားတာပါ၊ ဟာသကားလို့ ဆိုပေမယ့်လည်း ပညာပေးလေးတွေရော၊ တစ်ဦးနဲ့တစ်ဦး ကိုယ်ချင်းစာတတ်တဲ့ စိတ်လေးတွေရော၊ ဖေးမကူညီတတ်တဲ့ စိတ်လေးတွေကိုပါ ထည့်ပြီး ပညာပေး ဇာတ်ကားလေးအနေနဲ့ ရောယှက် ပုံဖော်ရည်ညွှန်းပြီး ရိုက်ကူးထားတာပါ။

**ဒါရိုက်တာပြည်ဟိန်းသီဟ**

ကိုဘိုဆန်းနဲ့ ကျွန်တော်က အမြဲလိုလို လက်တွဲရိုက်ကူးဖြစ်တာ များပါတယ်၊ ကျွန်တော့်အနေနဲ့ ဟာသကားတွေကို ရိုက်ဖြစ်တာက ကျွန်တော်တို့ ပရိသတ်တွေ ဟာသရော၊ ပညာပေးလေးတွေအနေနဲ့ ဗဟုသုတလေးတွေ ရစေချင်တဲ့ စိတ်နဲ့ရော အားလုံးတိုင်ပင်ပြီး ရိုက်ကြတာပါ၊ ရိုက်တဲ့အခါမှာလည်း တစ်ယောက်နဲ့တစ်ယောက် သူက သာတယ်၊ ငါကနာတယ် မတွက်ဘဲ ပျော်ပျော်ပါးပါးနဲ့ စေတနာထားပြီး ရိုက်ကြလို့ ဇာတ်ကားရုံတင်ရင် ဘယ်လောက် ကြိုးစားထားကြလဲဆိုတာ တွေ့ရမှာပါ။



ပလေယာ ရုပ်ရှင်ဇာတ်ကားမှ ထုတ်လုပ်သူ၊ ဒါရိုက်တာနှင့် သရုပ်ဆောင်များ

**မြင့်မြတ်**

"ကျွန်တော်က ဒီဇာတ်ကားမှာ ပွင့်လင်းပြီး ရိုးသားတဲ့ လူငယ်တစ်ယောက်ပေါ့၊ တစ်ယောက်တည်း ဘဝကို ရုန်းကန်နေတဲ့လူ၊ မိဘဆွေမျိုးမရှိဘဲ ကိုယ်ပိုင် အငှားယာဉ်လေး မောင်းတဲ့ အလုပ်ကို လုပ်တယ်ပေါ့နော်၊ ကိုယ့်ရှေ့မှာ အကူအညီလိုနေသူတွေကိုတွေ့ရင် ကူညီပေးတတ်တယ်၊ ဇာတ်လမ်းကတော့ သာမန်လေးပါပဲ၊ ဒါပေမယ့် ပညာပေးလေးတွေ ထည့်ထားတော့ ကြည့်ရတဲ့ပရိသတ်လည်း ရယ်မောရင်း တွေးစရာလေးတွေလည်း ရစေတာပေါ့။

**အိချောပို**

ချောက ဒီကားထဲမှာ Bar တစ်ခုမှာ အလုပ်လုပ်နေတဲ့ ကောင်မလေးတစ်ယောက်နေရာက သရုပ်ဆောင်ထားပါတယ်၊ ဇာတ်ကားလေးက ဟာသပုံစံလေးလို့ ဆိုပေမယ့် တမင် ရယ်ရအောင်လုပ်ပြတဲ့ကားမျိုး မဟုတ်ပါဘူး၊ သေချာကြိုးစားထားကြတဲ့ ကားလေးတစ်ကားပါ။

ကိုလင်း

## နိုင်ငံတကာအနုပညာ သတင်းပဒေသာ

### ကမ္ဘာပေါ်မှာ ရုပ်ရည်အချောမောဆုံး အမျိုးသားအဖြစ် ရောဘတ်ပတ်တင်ဆန် ရွေးချယ်ခံရ

လွန်ခဲ့တဲ့နှစ်တုန်းကတော့ ဗြိတိန်သတင်းစာကြီးတစ်စောင်ဖြစ်တဲ့ ဒေးလီးမေးလ်က စူပါမော်ဒယ် ဘယ်လာဟတ်ဒစ်ကို ကမ္ဘာပေါ်မှာ အလှပဆုံးသော အမျိုးသမီးအဖြစ် ရွေးချယ်ခဲ့ပါတယ်။ အခုတစ်ခါမှာလည်း ဟောလိဝုဒ် ရုပ်ရှင်သရုပ်ဆောင် ရောဘတ်ပတ်တင်ဆန်ကို ကမ္ဘာပေါ်မှာ ရုပ်ရည်အချောမောဆုံး အမျိုးသားအဖြစ် ဒေးလီမေးလ်ကနေ ရွေးချယ်ခဲ့ပါတယ်။ ရုပ်ရည်အချောမောဆုံး အမျိုးသားအဖြစ် ရွေးချယ်ဆုံးဖြတ်ရာမှာတော့ အလှအပရေးရာ ခွဲစိတ်ဆရာဝန် ဒေါက်တာ ဂျူလီယန်ဒီဆယ်ဗာက သိပ္ပံနည်းကျ ရွှေအချိုးနဲ့ တွက်ချက်ခဲ့တာပဲဖြစ်ပါတယ်။ ရွှေအချိုးဆိုတာကတော့ ဥရောပစာပေနဲ့ အနုပညာထွန်းကားတဲ့ခေတ်မှာ အနုပညာရှင်တွေနဲ့ ဗိသုကာပညာရှင်တွေဟာ အပြောင်မြောက်ဆုံး လက်ရာတွေပေါ်ထွက်လာဖို့ ရွှေအချိုးနဲ့တွက်ချက်ခဲ့ကြပါတယ်။

ရုပ်ရည် ချောမောသူအဖြစ် သတ်မှတ်ခံရဖို့ သိပ္ပံပညာရှင်တွေရဲ့ သချၤာနည်းအရ တွက်ချက်မှုကို ၂၀၁၉ ခုနှစ်မှာတော့ နီဘရာစကာ တက္ကသိုလ်က ပါမောက္ခ ကန်ဒါရှမစ်က အော်ပရာဝင်းဖရေးရဲ့ရှိုးပွဲမှာ တင်ဆက်ခဲ့ဖူးပါတယ်။ ပြီးပြည့်စုံတဲ့ မျက်နှာတစ်ခုဖြစ်ဖို့ နားရွက်ရဲ့အလျားဟာ နှာခေါင်းရဲ့အလျားနဲ့ တူညီရမှာဖြစ်ပြီး မျက်လုံးရဲ့အကျယ်ဟာလည်း မျက်လုံးနှစ်လုံးကြားအကွာအဝေးနဲ့ တူညီရမှာပဲ ဖြစ်ပါတယ်။ အဲဒီလို တွက်ချက်လိုက်တဲ့အခါမှာတော့ ရောဘတ်ပတ်တင်ဆန်ရဲ့ မျက်နှာဟာ ရွှေအချိုးနဲ့ ၉၂ ဒသမ ၁၅ ရာခိုင်နှုန်းကိုက်ညီမှု ရှိတယ်ဆိုတာကို တွေ့ရပါတယ်။ ဒါကြောင့်လည်း သူ့ကို ကမ္ဘာပေါ်မှာ ရုပ်ရည်အချောမောဆုံး အမျိုးသားသရုပ်ဆောင်အဖြစ် ရွေးချယ်ခဲ့တာပဲ ဖြစ်ပါတယ်။

**ဒေးလီမေးလ်**



ဟောလိဝုဒ်မင်းသား ရောဘတ်ပတ်တင်ဆန်

### အဆိုတော် ဘရူနိုမားစ်နှင့် ဒစ္စနေးတို့ ပူးပေါင်းပြီး ဂီတရုပ်ရှင် ဖန်တီးသွားမည်

အဆိုတော် ဘရူနိုမားစ်ကတော့ ဒစ္စနေးကုမ္ပဏီနဲ့ ပူးပေါင်းပြီး ဂီတရုပ်ရှင်ကား ဖန်တီးသွားဖို့ သဘောတူထားပါတယ်။ အဲဒီရုပ်ရှင်မှာတော့ ဘရူနိုမားစ်ဟာ သရုပ်ဆောင်အဖြစ် ပါဝင်ရုံသာမက ထုတ်လုပ်သူအဖြစ်လည်း လုပ်ဆောင်သွားမှာပါ။ အစီအစဉ်တွေအားလုံးကို အတိအကျမသိရသေးပေမယ့် ဘရူနိုမားစ် ဖန်တီးဖျော်ဖြေခဲ့တဲ့ သီချင်းတွေအားလုံး ပါဝင်သွားမယ်လို့ သိရပါတယ်။ ဘရူနိုမားစ်အနေနဲ့လည်း ဒီပရောဂျက်ကို လုပ်ကိုင်ဖို့ စိတ်အားထက်သန်မှုတွေ ရှိနေတာကို တွေ့ရပါတယ်။ ဘရူနိုမားစ်ဟာ အောင်မြင်တဲ့ အနုပညာရှင်တစ်ဦးဖြစ်ပြီး ဂရမ်မီဆု ၁၁ ဆု ရရှိထားကာ ၂၇ ကြိမ်တိုင်တိုင် ဆန်ခါတင်စာရင်းဝင်ခဲ့သူလည်း ဖြစ်ပါတယ်။

ဒါကြောင့် သူဟာ မကြာခင်အချိန်အတွင်းမှာ အော်စကာဆု ရရှိလိမ့်မယ်လို့ မျှော်မှန်းခံရသူလည်း ဖြစ်ပါတယ်။ ဘရူနိုဟာ အရင်တုန်းကလည်း ရုပ်ရှင်မှာ ပါဝင်ခဲ့ဖူးပါတယ်။ သူပါဝင်ဖူးတဲ့ ရုပ်ရှင်ကားကတော့ Honeymoon in Vegas ဆိုတဲ့ ရုပ်ရှင်ပဲဖြစ်ပါတယ်။ နောက်ပြီး Rio 2 ဆိုတဲ့ ဇာတ်ကားမှာလည်း အသံနဲ့ သရုပ်ဆောင်ခဲ့ဖူးပါတယ်။ ပရိသတ်တွေကတော့ ဘရူနိုတစ်ယောက် ရုပ်ရှင်ကားမှာ ပါဝင်သရုပ်ဆောင်မှာကို မစိုးရိမ်ကြပါဘူး။ သူအကောင်းဆုံး လုပ်ပြနိုင်လိမ့်မယ်လို့ မျှော်လင့်ထားကြပါတယ်။

**အီးနယူးစ်**



အဆိုတော် ဘရူနိုမားစ်

ဖြူး



# ဘာသာစာပေပေါင်းကူး(၁)

## မောင်ခင်မင် (ဓနုဖြူ)

"ဘဘ၊ သမီးပြန်ရောက်နေပါတယ်။ ဘဘနေကောင်းတယ်နော်"

"ကောင်းပါတယ် သမီးရယ်။ ကျောင်းပိတ်ရက်ပြန်လာတာထင်တယ်"

"ဟုတ်ပါတယ် ဘဘ။ ဘဘဆီရောက်တုန်း ပြဿနာတစ်ခု တင်ပြပါရစေ"

"ကိုင်း၊ ဘာပြဿနာပါလိမ့်ဗျာ"

"သမီးတို့ တက္ကသိုလ်မှာ မြန်မာစာမဟာတန်းတက်ဖို့ အဆင့်မီတဲ့ သမီးတပည့်ကလေးတွေ မေးတဲ့ ပြဿနာပါ ဘဘ"

"ဘာပါလိမ့်"

"မြန်မာစာမှာ မဟာတန်းရောက်ရင် အထူးပြုနှစ်မျိုး ခွဲထားတာ ဘဘသိပါတယ်။ ဘာသာစကား အထူးပြုနဲ့ စာပေအထူးပြုဆိုပြီး ခွဲတာပါ"

"ဟုတ်ပါတယ်။ ဒီလိုခွဲတာ တော်တော်ကြာပြီပဲ၊ ဘဘ သိပါတယ်"

"သူတို့က သမီးကို အကြံဉာဏ်တောင်းတယ် ဘဘ။ ဘာသာစကားကို အထူးပြုရမလား၊ စာပေကို အထူးပြုရမလား။ ဘယ်ဟာ ပိုကောင်းသလဲတဲ့"

"ဒီတော့...သမီးက ဘယ်လိုအကြံပေးလိုက်သလဲကွယ်"

"နှစ်ခုစလုံး ကောင်းတာချည်းပဲ၊ ကိုယ်ဝါသနာထက်သန်တာကို ယူလို့ အကြံပေးလိုက်တာပါ ဘဘ"

"သမီးကအမြဲတမ်းအကျိုးသင့်အကြောင်းသင့် စဉ်းစားတတ်တဲ့ သူပဲကွယ်။ အခုလို အကြံပေးတာ ကောင်းတာပေါ့"

"ပြဿနာက တချို့ ဆရာ ဆရာမတွေက ဘာသာစကားက စာပေထက်ပိုကောင်းတယ်၊ ဒါကြောင့် ဘာသာစကားအထူးပြု ယူလို့ အကြံပေးတယ်။ တချို့က 'စာပေက ဘာသာစကားထက် ပိုကောင်းတယ် စာပေအထူးပြု' ယူလို့ အကြံပေးတယ်။ ဒီတော့ ကလေးတွေက ဇဝေဇဝါ ဖြစ်နေတာပေါ့ ဘဘရယ်"

"ဟုတ်တာပေါ့ကွယ်"

"တချို့က ဘယ်လိုတောင် ပြောသလဲဆိုရင် ဘာသာစကားအထူးပြုက စာနည်းတယ်။ စာပေအထူးပြုက စာတွေအများကြီးပဲ။ ဘာသာစကားယူရင် နည်းနည်းပဲ ကျက်ရတယ်တဲ့"

"ဩော်...ဖြစ်မှဖြစ်ရလေ"

"တချို့က ဒါထက်ပိုဆိုးတယ်။ ဘာသာစကားအထူးပြုယူရင် အင်္ဂလိပ်လိုသင်ရတဲ့ဘာသာတွေပါတာမို့ နိုင်ငံခြားသွားရဖို့ ပိုနီးစပ်တယ်"

"ဩော်...ဒုက္ခပါလား"

"တချို့ကတော့ စာပေအထူးပြုယူရင် စာကောင်း ပေကောင်းတွေ အများကြီး လေ့လာခွင့်ရမယ်၊ ဝါသနာပါရင် စာရေးဆရာဖြစ်ဖို့ ပိုနီးစပ်တယ်လို့ ပြောတာကြားရပါတယ်။ ဒါကြောင့် ဘဘကို ဒီပြဿနာ တင်ပြတာပါ"

"ဟုတ်ပါပြီ။ ဟုတ်ပါပြီ။ ဘဘလည်း အရင်က ဒီပြဿနာကို ကြုံဖူးလို့ ဆွေးနွေးဖူးပါတယ်။ ဆရာမ ခပ်ကြီးကြီးတစ်ယောက်ဆိုရင် အစည်းအဝေးမှာ ဘာပြောသလဲဆိုတော့ 'စာပေယူတဲ့သူတွေက ဘာသာစကားယူတဲ့ သူတွေထက် တော်တယ်တဲ့။ ဘာသာစကားယူတဲ့သူတွေက စာပေယူတဲ့သူတွေထက် ညံ့တယ်တဲ့။ အတည်ပေါက်နဲ့ ပြောနေတာ။ သူက စာပေယူခဲ့တဲ့သူလေ။ တခြားဆရာကြီး ဆရာမကြီးတွေက စကားဆင်ဆင်ခြင်ခြင်ပြောဖို့ သူ့ကိုဟန့်ကြတယ်"

"ဩော်...ဟုတ်လားဘဘ"

"ဒါက၊ အစွဲနဲ့ သန်ရာသန်ရာ ပြောကြတာလို့ ကောက်ချက်ချ ရမှာပေါ့ကွယ်။ တကယ်တော့ ဘာသာစကားနဲ့ စာပေဆိုတာ သီးခြားဘာသာရပ်တွေမှ မဟုတ်တာကွယ်။ တစ်ခုနဲ့တစ်ခု အပြန်အလှန် အထောက်အကူပြုနေတဲ့ ဘာသာရပ်တွေပဲဟာ"

"သမီးလည်း အဲဒီလိုပဲထင်ပါတယ် ဘဘ။ သေသေချာချာတော့ ရှင်းမပြတတ်ပါဘူး"

"ဒီတော့ သမီးနဲ့ ဘဘနဲ့ ဒီပြဿနာကို အခြေခံကျကျ စဉ်းစားကြည့်ကြမယ်လေ။ 'တောင်တောရယ်သာ' ဆိုတဲ့ ကဗျာကလေး သမီးရတယ် မဟုတ်လား။ ဒွေးချိုး ကဗျာကလေးလေ။ ဆိုကြည့်စမ်းပါ"

"ရပါတယ် ဘဘ။ 'တောင်တော ရယ်သာ၊ မာလာက ငုံဖူး၊ တစ်ပင်ကို နှစ်ပင်ယှက်တယ်၊ ကျေးငှက်က မြူး' ပါ ဘဘ"

"ဟုတ်ပါပြီ။ အဲဒီကဗျာကလေးက အင်မတန်လှတဲ့မြင်ကွင်းကလေးကို ဖွဲ့ထားတာနော်။ သာယာတဲ့ တောထဲတောင်ထဲမှာ ပန်းကလေးတွေ ဖူးပွင့်နေပုံ၊ တစ်ပင်နဲ့တစ်ပင် ယှက်နေပုံ၊ အပင်ပေါ်မှာ ကျေးငှက်ကလေးတွေ ပျော်မြူးနေပုံကို သရုပ်ဖော်ထားတာပေါ့"

"ဒီဒွေးချိုးကို ရေးတဲ့ကဗျာစာဆိုကို မသိရဘူးနော်ဘဘ"

"ဟုတ်တယ်။ ဘယ်သူရေးခဲ့တယ်ဆိုတာ မသိခဲ့ရဘူး၊ 'အမည်မသိစာဆို' လို့ ညွှန်းရပါတယ်။ ရေးသူနာမည် မသိပေမယ့် ကဗျာကလေးက အင်မတန်ကောင်းတယ်။ ခုအထိ အများရွတ်ဆိုနေကြတုန်းပဲလေ။ အသက်ဝင်နေတုန်းပဲ"

"ဟုတ်ပါတယ် ဘဘ"

"အဲဒီလောက်လှတဲ့ ကဗျာကလေးကို စာပေအဖွဲ့ကောင်းတစ်ခုလို့ အများလက်ခံကြတယ် မဟုတ်လား။ အဲဒီစာပေကို စာဆိုက ဘာနဲ့ ရေးဖွဲ့သလဲကွယ်"

"စိတ်ကူးဉာဏ်နဲ့ ရေးဖွဲ့တာပါ ဘဘ"

"ဟုတ်ပါပြီ။ အရင်းခံကတော့ စာဆိုရဲ့ စိတ်ကူးဉာဏ်ပေါ့။ စာဆိုက ဒီမြင်ကွင်းကလေးကို အမှန်တကယ် တွေ့ခဲ့ မြင်ခဲ့တာ ဖြစ်ချင်ဖြစ်မယ်၊ တွေ့မြင်တာကို အခြေခံပြီး ဖြည့်စွက်ပုံဖော်ထားတာ ဖြစ်ချင်ဖြစ်မယ်။ သူ့စိတ်ကူးဉာဏ်နဲ့ ကဗျာကလေး တစ်ပုဒ်ဖြစ်လာအောင် ပုံဖော်လိုက်တာ မဟုတ်လား"

"ဟုတ်ပါတယ် ဘဘ"

"အဲဒီ စိတ်ကူးဉာဏ်ပုံပေါ်လာအောင် ဘာနဲ့ ပုံဖော်ထားတာလဲကွယ်"

"ဟုတ်ကဲ့...ဘာနဲ့ပုံဖော်ထားသလဲဆိုတော့...၊ ဟာ...သမီး သိပါပြီ။ စကားလုံးတွေနဲ့ ရေးပြီး ပုံဖော်ထားတာ မဟုတ်လား ဘဘ"

"ဟုတ်ပါတယ်။ ကဗျာစာဆိုက 'တောင်တော ရယ်သာ' အစချီတဲ့ စကားလုံးတွေနဲ့ ပုံဖော်ရေးဖွဲ့လိုက်လို့ ဒီကဗျာကလေးကို ဘဘတို့၊ သမီးတို့ ဖတ်ရတာ မဟုတ်လား"

"ဟုတ်ပါတယ် ဘဘ"

" စကားလုံးတွေဆိုတာ ကကြီး ခခွေးတွေ၊ ဗျည်းတွေ သရတွေ မဟုတ်လား။ တစ်နည်းပြောရရင် တို့မြန်မာတွေ ရေးသားပြောဆိုနေတဲ့ ဘာသာစကားပဲ မဟုတ်လား"

"ဟုတ်ပါတယ် ဘဘ"

" ကဲ...ဒီတော့ ဒီဒွေးချိုးကလေးလို 'စာပေ' တစ်ခု ပေါ်ပေါက်လာအောင် စာဆိုရဲ့ အတွေ့အကြုံတွေ၊ စိတ်ကူးဉာဏ်တွေ ပုံပေါ်လာအောင် သမီးပြောသလို စကားလုံးတွေနဲ့ ပုံဖော်ရတယ်။ တစ်နည်းပြောရရင် ဘာသာစကားနဲ့ ပုံဖော်ရတယ် မဟုတ်လားကွယ် "

"ဟုတ်ပါတယ် ဘဘ၊ သမီးမြင်ပါပြီ"

"ဟုတ်ပါပြီ။ ဒီတော့ 'စာပေ' ဖြစ်လာအောင် 'ဘာသာစကား'နဲ့ ပုံဖော်ရတယ်၊ တစ်နည်းပြောရရင် 'စာပေ' ကို 'ဘာသာစကား' နဲ့ ပြုလုပ်ရတယ်လို့ ပြောရမှာပေါ့"

"ဟုတ်ပါတယ် ဘဘ"

"ဘာသာစကားမပါဘဲ စာပေတစ်ခု ဖြစ်လာနိုင်ပါ့မလား"

"ဖြစ်မလာနိုင်ပါဘူး ဘဘ"

"ဒီတော့ စာပေနဲ့ ဘာသာစကားဟာ ဘယ်လောက် ဆက်စပ်ပတ်သက်နေတယ်ဆိုတာ ဒီသာဓကနဲ့ပဲ အလွယ်တကူ သိနိုင်ပါတယ်"

"ဟုတ်ကဲ့ပါ"

"မြင်သာတဲ့ ဥပမာပေးရရင်၊ အခု ဘဘထိုင်နေတဲ့ကုလားထိုင်က ဘာနဲ့လုပ်ထားတာလဲ သမီး"

"သစ်သားနဲ့လုပ်ထားတာပါ ဘဘ"

"ဟုတ်တယ်။ ကုလားထိုင်ကိုသစ်သားနဲ့လုပ်ထားသလိုပဲ စာပေကိုဘာသာစကားနဲ့လုပ်ထားတယ်လို့ ခိုင်းနှိုင်းကြည့်နိုင်တယ်"

"ဒီလိုဆိုရင် စာပေက ကုလားထိုင်နဲ့တူပြီး ဘာသာစကားက သစ်သားနဲ့တူတာပေါ့"

"ဟုတ်ကဲ့ပါ"

"ဒီလိုဆိုရင် ကဗျာဆရာက ဘာနဲ့တူတယ်လို့ ပြောမလဲ"

"ကဗျာဆရာက ကုလားထိုင်လုပ်တဲ့ လက်သမားနဲ့ တူပါတယ် ဘဘ"

"ဟုတ်တာပေါ့။ လက်သမားက သူ့စိတ်ကူးဉာဏ်နဲ့သစ်သားကိုသုံးပြီး ကုလားထိုင်တစ်လုံး လုပ်တဲ့ သဘောမျိုး။ ကဗျာဆရာက သူ့စိတ်ကူးဉာဏ်သုံးပြီး ကဗျာတစ်ပုဒ်ကို စကားလုံးတွေနဲ့ ပုံဖော်လိုက်တာပေါ့ကွယ်"

"နားလည်ပါပြီ ဘဘ"

"ဒီလို ဘာသာစကားနဲ့ စာပေဆက်စပ်ပုံကို ဖော်ပြထားတဲ့ စကားတွေရှိပါတယ်။ ဝတ္ထုလေ့လာတဲ့ ပညာရှင်တစ်ယောက်က ပြောတယ်။ ဝတ္ထုထဲက ဇာတ်ဆောင်တွေကို စကားလုံးတွေနဲ့ တည်ဆောက်ပုံဖော်ထားတာပါ...တဲ့"

"ဟုတ်တာပဲနော်"

"ဒီနေရာမှာ ဆရာကြီးမင်းသုဝဏ်ရဲ့ ဖွင့်ဆိုချက်တစ်ခုကို ပြောပြမယ်။ ဆရာကြီးက 'ကဗျာဆိုသည်မှာ အဘယ်နည်း' ဆိုတဲ့ ခေါင်းစဉ်နဲ့ကဗျာသဘောကို ဖွင့်ဆိုရာမှာ ငယ်ငယ်လူရည်ချွန်စခန်းမှာ ဆရာကြီးတွေ့ခဲ့တဲ့ အတွေ့အကြုံနဲ့ ဥပမာပေးတယ်။ လူရည်ချွန်ကလေးတွေက ကမ်းစပ်က ခရုခွံတွေကို ကောက်ပြီး အရုပ်ကလေးတွေလုပ်နေကြတာကို ဆရာကြီးမြင်ခဲ့တာကိုး။ ခရုကလေးတွေကို အမျိုးမျိုးဆက်ပြီး စိတ်ကူးနဲ့ပုံဖော်လိုက်တော့ လူရုပ်တွေ၊ ငှက်ရုပ်တွေ၊ ပန်းပွင့်တွေ၊ ကျောက်ဆောင်တွေ ဖြစ်သွားတာလေ။ ဖက်လိပ်ခရုကလေးကို မတ်တတ်ထောင်ပြီး ခုံးခွံကလေး နှစ်ခုဘေးကကပ်ပြီး နှုတ်သီးကလေးကပ်လိုက်တော့ ဇီးကွက်ရုပ်ကလေး ဖြစ်သွားတယ်တဲ့။ ဆရာကြီးက အဲဒီအတွေ့အကြုံကို ဥပမာပေးပြီး ကဗျာရဲ့ အဓိပ္ပာယ်ကိုဖွင့်ဆိုတယ်။ 'ခရုခွံကလေးတွေကို အနုပညာလက်နှင့် သင့်လျော်သလို ဆက်စပ်ဖန်တီးလိုက်သောအခါ ငှက်ကလေးတွေ၊ ပန်းပွင့်ကလေးတွေ ဖြစ်လာသလို စကားလုံးကလေးတွေကို အလင်္ကာလက်နှင့် ဖက်စပ်ဖန်တီးလိုက်သောအခါ ကဗျာကလေးတွေဖြစ်လာသည်' လို့ ဥပမာပေးပြီးတော့ 'ကဗျာဆိုသည်မှာ စကားလုံးတို့ကို သင့်လျော်အောင် ဖက်စပ်ဖန်ဆင်းဖွဲ့ဆိုသီကုံးထားသည့် စကားလုံးအရုပ်ကလေးတွေ ဖြစ်ပါသည်' တဲ့။ ဘယ်လောက်လှတဲ့ ဖွင့်ဆိုချက်လဲကွယ်"

"သိပ်လှတာပဲနော် ဘဘ"

"အဲဒီမှာ ဘာတွေ့ရသလဲဆိုတော့ ကဗျာဆိုတဲ့ စာပေအဖွဲ့တစ်ခုဖြစ်လာအောင် စကားလုံးတွေကို တစ်နည်းအားဖြင့် ဘာသာစကားကို သင့်လျော်အောင်တွဲစပ်ပြီး ဖွဲ့ဆိုရတယ်။ ကဗျာဆိုတာ စကားလုံးတွေနဲ့ဖွဲ့ထားတဲ့ စိတ်ကူးအရုပ်ကလေးတွေပဲ ဆိုတဲ့အချက်ပဲ။ စာပေကို ဘာသာစကားနဲ့ ပြုလုပ်ဖန်တီးရတယ်ဆိုတဲ့ အချက်ပါပဲကွယ်"။ ။

# တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ နေပြည်တော်ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာ

နေပြည်တော် ဖေဖော်ဝါရီ ၇

**နေပြည်တော်၌ ကျင်းပမည့် (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုဖျော်ဖြေပွဲတွင် ရိုးရာယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြမည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များသည် ယနေ့တွင် နေပြည်တော်ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာကြသည်။**



တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ ရေပန်းဥယျာဉ်အတွင်း လေ့လာကြစဉ်။

တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များသည် ယနေ့ နံနက်ပိုင်းတွင် လွှတ်တော် အဆောက်အအုံ၊ Junction Center နှင့် ကျောက်မျက်ရတနာပြတိုက်တို့သို့ အဖွဲ့နှစ်ဖွဲ့ခွဲကာ သွားရောက်လေ့လာကြပြီး အမှတ်တရ ဓာတ်ပုံများ ရိုက်ကြသည်။

ဆက်လက်၍ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များသည် မွန်းလွဲပိုင်းနှင့် ညနေပိုင်းတွင် နေပြည်တော် ဇုဗ္ဗဂယာ၊ ဥပ္ပါတသန္တိစေတီတော်နှင့် နေပြည်တော် ရေပန်းဥယျာဉ်တို့သို့ ဆက်လက်လေ့လာကြ၍ အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။

ရခိုင်ပြည်နယ် ရိုးရာယဉ်ကျေးမှုအဖွဲ့ခေါင်းဆောင် ဒေါ်လှအေးယဉ်က "ကျွန်မတို့ ယဉ်ကျေးမှုအဖွဲ့တွေကို မနေ့ကနဲ့ ဒီနေ့ နှစ်ရက်ကို နေပြည်တော်မှာရှိတဲ့ အထင်ကရနေရာတွေကို လိုက်ပို့ပေးပါတယ်။ နေရာစုံ ရောက်ဖူးတဲ့အတွက် ဗဟုသုတများစွာရပါတယ်။ ရင်ထဲမှာ ခံစားရတာက ပြည်ထောင်စုနေ့ကို တကယ့်ကို လွမ်းဆွတ်စရာဖြစ်အောင် ခံစားရတယ်။ ပြည်ထောင်စုကြီးထဲက တိုင်းရင်းသားပေါင်းစုံနဲ့ အတူဆုံရတဲ့အတွက် အခုလိုပျော်ရွှင်ရတဲ့အတွက် ကြည်နူးပီတိဖြစ်မိတယ်။ ပြည်ထောင်စုကြီး အမြဲတမ်းတည်တံ့ပါစေ၊ အမြဲထာဝရ ငြိမ်းချမ်းပါစေလို့ ဆုတောင်းပါတယ်။ ပြည်ထောင်စုနေ့ကို တက်ရောက်ခွင့်ပေးတဲ့အတွက် တာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ပါတယ်။ နောက်နှစ်များစွာလည်း ပျော်ပျော်ရွှင်ရွှင်နဲ့ ပြည်ထောင်စုနေ့အခမ်းအနားကို တက်ရောက်ချင်ပါသေးတယ်" ဟု ပြောသည်။

ရှမ်းပြည်နယ်ရိုးရာယဉ်ကျေးမှုအဖွဲ့မှ စိုင်းလောင်ဝမ်းကလည်း "အခုလို တိုင်းရင်းသားပေါင်းစုံနဲ့ လေ့လာခွင့်ရတာ စိတ်ထဲမှာပျော်ရွှင်ပီတိဖြစ်မိတယ်။ ကျွန်တော်တို့အဖွဲ့မှာ ရှမ်းပြည်နယ် ၁၅ မြို့နယ်က သူတွေပါလာပါတယ်။ နောက်လည်း အခွင့်ကြုံရင် လာလည်ချင်ပါသေးတယ်။ လိုက်လံပို့ဆောင်ပေးတဲ့ တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ပါတယ်။ ပြည်ထောင်စုနေ့မှာ ကိုယ့်ရိုးရာအကတွေနဲ့ အကောင်းဆုံးကြိုးစားပြီး ဖျော်ဖြေသွားမှာပါ" ဟု ပြောသည်။

တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့တွင် ကချင်ပြည်နယ်မှ ၆၂ ဦး၊ ကယားပြည်နယ်မှ ၈၀၊ ကရင်ပြည်နယ်မှ ၄၀၊ ချင်းပြည်နယ်မှ ၄၀၊ တနင်္သာရီတိုင်းဒေသကြီးမှ ၄၀ ၊ မွန်ပြည်နယ်မှ ၃၄ ဦး၊ ရခိုင်ပြည်နယ်မှ ၃၆ ဦး၊ ရှမ်းပြည်နယ်မှ ၇၉ ဦး စုစုပေါင်း ၄၁၁ ဦး ပါဝင်ကြောင်း သိရသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရိုးရာယဉ်ကျေးမှုအဖွဲ့များကို ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်ရန် နှစ်စဉ်ဖိတ်ကြားခြင်းမှာ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကများကို အပြန်အလှန် ဖလှယ်နိုင်စေရန်နှင့် ချစ်ကြည်ရင်းနှီးမှုပိုမိုရရှိစေရန် ဖိတ်ကြားခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း - ဟန်လင်းနိုင်၊ ဟိန်းမင်းစိုး**
**ဓာတ်ပုံ - ထန်းဖုန်**

## မိုးကောင်း၊ ဘားအံ၊ မင်္ဂလာဒုံ မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၆ ရက် ညနေပိုင်းက မိုးကောင်းမြို့နယ် ပင်းဘောကျေးရွာ မီးလောင်ကုန်းတောင်ခြေရှိ ညိုဦး(ခ) ညိုတုတ်၏ တဲကိုရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၀၅ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၆၀ ၊ တူမီးသေနတ် သုံးလက်နှင့် မြန်မာငွေကျပ် ၂၂၀၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ ည ၇ နာရီက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဘားအံမြို့နယ် ဝင်းကျန်ကျေးရွာအုပ်စု တောကြီးကျေးရွာအနီး ဘားအံ-ထုံးအိုင် ကားလမ်းတွင် စောညာသက်ဝင်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၉၇၀ ကို လည်းကောင်း၊ ထို့အတူ ဖေဖော်ဝါရီ ၃ ရက် ညနေ ၅ နာရီက မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် မင်္ဂလာဒုံမြို့နယ် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ထိုင်းနိုင်ငံ ဗန်ကောက်လေဆိပ်မှ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့သို့ ပို့ဆောင်မည့် စက္ကူပုံးများကို စစ်ဆေးရာ အိုက်စ် ၃ ဒသမ ၉ ကီလို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ဖေဖော်ဝါရီ ၄ ရက် မွန်းလွဲပိုင်းက ကမာရွတ်မြို့နယ် အမှတ်(၁) ရပ်ကွက် ဗဟိုလမ်းရှိ မိုတယ်အခန်းအမှတ် (၄၀၂)တွင် တည်းခိုနေထိုင်သည့် ထိုင်းနိုင်ငံသူ Ms. BULAN PANTONG(၃၆နှစ်) အား ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## မရမ်းချောင်စစ်ဆေးရေးစခန်းတွင် တရားမဝင်ကုန်စည်များ ဖမ်းမိ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဖေဖော်ဝါရီ ၆ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၁၄၁၁ စီး၊ သွင်းကုန် ၁၃၆၅ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၀၂ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

ဖေဖော်ဝါရီ ၆ ရက်က မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တရားဝင် စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ခန့်မှန်း တန်ဖိုးငွေကျပ် ၁ ဒသမ ၄၅၂ သန်းတန်ဖိုးရှိ Car Tyre Only (175/70R13) (90 U)ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အလားတူ ဖေဖော်ဝါရီ ၄ ရက်က မရမ်းချောင်အမြဲတမ်းစစ်ဆေးရေး စခန်းမှ နစ်ဆန်းထရပ်ယာဉ်တစ်စီးပေါ်တွင် တရားမဝင် သိုဝှက်တင်ဆောင်ထားသည့် ကန့်သတ်ကုန်ပစ္စည်းဖြစ်သော ကွမ်းစားဆေးမှုန့် (1x10x30)115 Pkg နှင့် ပစ္စည်းသယ်ဆောင်လာသည့် ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁ သန်းကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ CB Bank ၌ အမျိုးသားတစ်ဦးက ငွေကျပ်သိန်းခြောက်ရာခန့် ခြိမ်းခြောက်လုယူမှုဖြစ်

**ရန်ကုန် ဖေဖော်ဝါရီ ၇**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ် (၃၅) ရပ်ကွက် ပင်လုံလမ်းနှင့် အဏ္ဏဝါလမ်းသွယ်ထောင့် အမှတ်(၁၂၁၇)ရှိ CB Bank ၌ ယနေ့နံနက်ပိုင်းက အမျိုးသားတစ်ဦးက ဘဏ်ဝန်ထမ်းများအား သေနတ်ဖြင့် ခြိမ်းခြောက်ကာ ငွေကျပ် သိန်းခြောက်ရာခန့် လုယူထွက်ပြေးသွားမှု ဖြစ်ပွားခဲ့သည်။

CB ဘဏ်မှ အထွေထွေမန်နေဂျာ ဒေါ်မာမာဦးက "လူတစ်ယောက် ဘဏ်ထဲဝင်လာပြီး ငွေတွေ ဓားပြတိုက်တဲ့ပုံစံမျိုး လက်နက်ပြ၍ ငွေတွေလုသွားတယ်လို့ အဲဒီဘဏ်တာဝန်ခံက ဖုန်းလှမ်းဆက်တယ်။ သိသိချင်း ကျွန်မ အထက်မှာရှိတဲ့ ဘဏ်တာဝန်ရှိသူတွေကို သတင်းပို့တယ်။ ဘဏ်တာဝန်ခံကလည်း ဖြစ်ပြီးတာနဲ့ သက်ဆိုင်ရာကို အကြောင်းကြားခဲ့တယ်။ အခုဖြစ်စဉ်မှာ ငွေကျပ်သိန်းခြောက်ရာလောက် ပါသွားတယ်။ ဘဏ်မဖွင့်ခင်အချိန်မှာဖြစ်ပွားတာပါ။ ဝန်ထမ်းတွေလည်း ဘာအန္တရာယ်မှ မဖြစ်ခဲ့ပါဘူး။ ငွေပဲပါသွားတယ်။ သက်ဆိုင်ရာက စစ်ဆေးရှင်းလင်းမှုတွေ လုပ်ပြီးသွားတဲ့ မွန်းလွဲပိုင်းမှာ ဘဏ်ပြန်ဖွင့်ခဲ့ပါတယ်" ဟု ပြောသည်။

ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်ခန့်က အဆိုပါဘဏ် လုံခြုံရေးဝန်ထမ်း




ငွေများခြိမ်းခြောက်လုယူခံခဲ့ရသည့် CB Bank ခွဲ အဆောက်အအုံကို တွေ့ရစဉ်။



ဘဏ်အတွင်း ထားရှိခဲ့သည့် ဗုံးအတုများကို တွေ့ရစဉ်။

ကိုသော်ဇင်၏ခါးကို အမျိုးသားတစ်ဦးက သေနတ်ဖြင့်ထောက်ပြီး ဘဏ်အတွင်းဝင်ခိုင်းကာ ဘဏ်အတွင်းရှိ ဝန်ထမ်းအားလုံးကို ခြိမ်းခြောက်မှုများ ပြုလုပ်ပြီး ဝမ်းလျားမှောက်ခိုင်းခဲ့သည်။

ထို့နောက် အဆိုပါအမျိုးသားက ၎င်းထံတွင် သေနတ်များ၊ ဗုံးများပါသည်ဟုပြောဆိုကာ ဘဏ်ဝန်ထမ်း ဒေါ်သက်မွန်အေး၏ ငွေကောင်တာမှ ကျပ်တစ်သောင်းတန် ငွေကျပ်သိန်း ၃၀၀၊ ဒေါ်ဖြူဖြူသွယ်၏ ငွေကောင်တာမှ ကျပ်တစ်သောင်းတန် ငွေကျပ်သိန်း ၃၀၀ စုစုပေါင်း ငွေကျပ်သိန်း ၆၀၀ အား အသင့်ပါလာသော ခရီးဆောင်လက်ဆွဲအိတ် (အနက်ရောင်)အတွင်းထည့်ပြီး ၎င်းအိတ်အတွင်းမှ ကြိုးဖြင့်ချည်နှောင်ထားသော ဗုံးတုကိုထုတ်၍ ဘဏ်အတွင်းရှိ သမံတလင်းပေါ်နှင့် ငွေထုတ်ကောင်တာပေါ်တို့တွင် တစ်ခုစီထားရှိခဲ့ကာ အဏ္ဏဝါလမ်းသွယ်အတွင်း အသင့်ကြိုတင် ရပ်တန့်ထားသော အငှားယာဉ်ဖြင့် ထွက်ပြေးသွားကြောင်း သိရသည်။

အဆိုပါဘဏ်အနီးရှိ မျက်မြင်သက်သေတစ်ဦးက "အဲဒီလူ ဘဏ်ထဲကိုဝင်ခါနီး ကျွန်တော်တို့နားက ဖြတ်လျှောက်သွားတယ်။ မျက်နှာမှာလည်း နှာခေါင်းစည်းတပ်ထားတယ်။ လျှာထိုးဦးထုပ်ကိုလည်း ငိုက်နေအောင် ဆောင်းထားတယ်။ ဝရိန်ဆော်တဲ့ လက်အိတ်မျိုးလည်း ဝတ်ထားတယ်။ တစ်ကိုယ်လုံးကို လုံခြုံအောင် လုပ်ထားပြီး လက်ထဲမှာလည်း အိတ်တစ်လုံးနဲ့ ဆိုတော့ သူ့ရဲ့ပုံစံကို သတိထားမိတယ်။ အပြန်ကျတော့ အဲဒီလူက ဆိုင်ကယ်ဦးထုပ် ဆောင်းပြီး ပြေးထွက်သွားတယ်။ လမ်းထဲမှာ အသင့်ရပ်ထားတဲ့ကားနဲ့ သူကိုယ်တိုင်မောင်းပြေးတယ်။ ကျွန်တော်နဲ့ ဘဏ်မန်နေဂျာနဲ့ နှစ်ယောက် ဆိုင်ကယ်နဲ့ လိုက်ကြတယ်။ ကားကလည်း အမြန်မောင်းတာ။ သေနတ်ပါတယ်ဆိုတော့ နောက်ကနေ နည်းနည်းခွာလိုက်ရင်းနဲ့ လမ်းဆုံရောက်တော့ မျက်ခြည်ပြတ်သွားတယ်" ဟု ပြောသည်။

အဆိုပါဘဏ်မှ ဝန်ထမ်းတစ်ဦးက "သူ ပြန်ထွက်သွားခါနီးမှာ နောက်ကနေ ဘယ်သူမှ လိုက်မလာကြနဲ့ လိုက်လာရင် ဗုံးကို ဖောက်ခွဲလိုက်မှာလို့ ပြောသွားတယ်။ ပုံစံကတော့ လူလတ်ပိုင်းအရွယ်လောက်ပါပဲ။ ဒီဘဏ်နဲ့ ပတ်သက်ပြီး တော်တော်လေ့လာထားပုံရတယ်။ ဘယ်အချိန်မှာ ဘယ်အပေါက်ဖွင့်တယ်။ ငွေတွေကို ဘယ်လိုလုပ်တယ်ဆိုတာသိနေတယ်" ဟု ပြောသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ သက်ဆိုင်ရာ၏ စစ်ဆေးမှုများအရ ဘဏ်တွင်ထားရှိခဲ့သည့်ဗုံးမှာ အတုဖြစ်ကြောင်းသိရှိရပြီး သက်ဆိုင်ရာက ကျူးလွန်သူအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**

## လျှပ်စစ်နှင့်အီလက်ထရောနစ်ထုတ်ကုန်ပစ္စည်းများအတွက် အတည်ပြုပြီး မြန်မာစံချိန်စံညွှန်း (၁၅) ခုနှင့်အညီ၂၀၂၁ ခုနှစ်မှ စတင်၍ ထုတ်လုပ်၊ ကုန်သွယ်မှုပြုရန် အသိပေးကြေညာခြင်း

၁။ အာဆီယံစီးပွားရေးဝန်ကြီးများသည် အာဆီယံနိုင်ငံများအတွင်း အပြန်အလှန် အသိအမှတ်ပြု အစီအစဉ် (Mutual Recognition Arrangement-MRA) ကို ၂၀၀၂ ခုနှစ်၊ ဧပြီလ (၅) ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ကြပါသည်။ လျှပ်စစ်နှင့်အီလက်ထရောနစ်ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုရရှိရေးအတွက် သဘောတူညီချက်တရပ် ဖော်ဆောင်ခြင်းဖြင့် ASEAN Economic Community(AEC)ကို ပါဝင်အကောင်အထည်ဖော်ရန်ဖြစ်ပါသည်။ Electrical and Electronic Equipment Mutual Recognition Arrangement (EE MRA) အရ အေစီဗို့အား ၅၀ ဗို့နှင့် ၁၀၀၀ ဗို့အကြား၊ ဒီစီဗို့အား ၇၅ ဗို့ နှင့် ၁၅၀၀ ဗို့အကြားရှိ ဗို့အားနိမ့်များဖြင့် အသုံးပြုရသည့် လျှပ်စစ်နှင့် အီလက်ထရောနစ်ထုတ်ကုန်ပစ္စည်းကိရိယာများနှင့်စပ်လျဉ်း၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်ရောင်းချ ခြင်းပြုလုပ်ရာ၌ ကုန်ပစ္စည်းတင်သွင်းသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံတွင် ထပ်မံစစ်ဆေးခြင်းကို ရှောင်ရှားနိုင်ရန်၊ စံချိန်စံညွှန်းအတိုင်း ထုတ်လုပ် ကုန်သွယ်နိုင်ရန် နှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရန်တို့ အတွက် အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံ၏ အသိအမှတ်ပြု ဓာတ်ခွဲခန်းမှ Test Reportနှင့် ကိုက်ညီကြောင်းအသိအမှတ်ပြုလက်မှတ်တို့ ပါရှိလျှင် အခြား အာဆီယံ အဖွဲ့ဝင်နိုင်ငံများက အသိအမှတ်ပြု လက်ခံဆောင်ရွက်ကြရန် ဖြစ်သည်။

၂။ EE MRA အရလုပ်ငန်းစဉ်များကိုအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အာဆီယံ ဒေသတွင်း လျှပ်စစ်နှင့်အီလက်ထရောနစ်ထုတ်ကုန်ပစ္စည်းများ တစ်ပြေးညီသတ်မှတ် ကွပ်ကဲရေး စနစ် (ASEAN Harmonized Electrical and Electronic Equipment Regulatory Regime-AHEEERR) ကို ၂၀၀၅ ခုနှစ်၊ ဒီဇင်ဘာလ (၉) ရက်နေ့တွင် အာဆီယံ စီးပွားရေးဝန်ကြီးများက သဘောတူ လက်မှတ်ရေးထိုးခဲ့ကြပါသည်။

၃။ EE MRA နှင့် AHEEERR ပါ လုပ်ငန်းစဉ်များအရ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ မြန်မာ နိုင်ငံသို့ စည်းမျဉ်းစည်းကမ်းနှင့်အညီဆောင်ရွက်ရန် သတ်မှတ်ထားသည့် လျှပ်စစ်နှင့် အီလက်ထရောနစ် ထုတ်ကုန်ပစ္စည်းများ (Regulated EEE)ကို တင်သွင်းလိုပါက အာဆီယံတွင် တစ်ပြေးညီ ကျင့်သုံးရန် အသိအမှတ်ပြုထားသော နိုင်ငံတကာ စံချိန်စံညွှန်းများ (International Electrotechnical Commission – IEC Standards) ကို Adoption ပြုလုပ်ထားသည့် သက်ဆိုင်ရာအာဆီယံအဖွဲ့ဝင်နိုင်ငံ၏ စံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်ရမည်ဖြစ်ပြီး၊ အာဆီယံနိုင်ငံများရှိ အသိအမှတ်ပြု ဓာတ်ခွဲခန်းတစ်ခုခုတွင် စစ်ဆေးပြီးကြောင်း Test Report နှင့် သက်ဆိုင်ရာနိုင်ငံ၏ အသိအမှတ်ပြုအဖွဲ့အစည်းမှ ထုတ်ပေးထားသည့် ကိုက်ညီကြောင်း အသိ အမှတ်ပြုလက်မှတ် (Certificate) ပါရှိရမည် ဖြစ်ပါသည်။ အဆိုပါ Certificate နှင့် Test Report များနှင့်အတူ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန (လျှပ်စစ်စစ်ဆေးရေးဌာန) တွင် မှတ်ပုံတင်၍ ဈေးကွက်အတွင်း ဖြန့်ဖြူး ရောင်းချရမည်ဖြစ်ပါသည်။

၄။ အလားတူပင် မြန်မာနိုင်ငံမှ အာဆီယံအဖွဲ့ဝင်နိုင်ငံများသို့ တင်ပို့မည့် လျှပ်စစ်နှင့် အီလက်ထရောနစ်ထုတ်ကုန် ပစ္စည်းများကိုလည်း အာဆီယံတွင် တစ်ပြေးညီကျင့်သုံးရန် အသိအမှတ်ပြု ထားသည့်/ သက်ဆိုင်ရာနိုင်ငံ၏ သတ်မှတ်ထားသည့် စံချိန်စံညွှန်းများ နှင့်အညီ ထုတ်လုပ်ရမည် ဖြစ်ပြီး အာဆီယံနိုင်ငံများရှိ အသိအမှတ်ပြု ဓာတ်ခွဲခန်းတစ်ခုခုတွင် စမ်းသပ်စစ်ဆေးမှုခံယူပြီးမှ အဆိုပါ Test Report၊ ကိုက်ညီကြောင်း အသိအမှတ်ပြုလက်မှတ်တို့နှင့် အတူ တင်ပို့ရမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ လျှပ်စစ်စစ်ဆေးရေးဌာနမှ တာဝန်ခံအဖြစ် ဆောင်ရွက်လျက်ရှိသည့် EE MRA နှင့် AHEEERR ပါလုပ်ငန်းစဉ်များကို ၂၀၂၁ ခုနှစ်တွင် စတင်ကျင့်သုံး ဆောင်ရွက်သွားမည်ဖြစ်၍ လျှပ်စစ်နှင့်အီလက်ထရောနစ်ထုတ်ကုန်ပစ္စည်းများအတွက် အတည်ပြုပြီး မြန်မာစံချိန်စံညွှန်း (၁၅)ခုကို ထုတ်လုပ်သူ၊ကုန်သွယ်သူများနှင့်သုံးစွဲသူပြည်သူများ သိရှိနိုင်ရန် အသိပေးအပ်ပါသည်။

**စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန**

### ပြဋ္ဌာန်းပြီးသော မြန်မာစံချိန်စံညွှန်း (၁၅) ခု

| စဉ် | လျှပ်စစ်နှင့်အီလက်ထရောနစ်ထုတ်ကုန်ပစ္စည်းဆိုင်ရာ မြန်မာစံချိန်စံညွှန်း |
|---|---|
| ၁ | MMS IEC 60227-5:2003 : သတ်မှတ်ဗို့အား ၄၅၀/၇၅၀ ဗို့အားအထိအသုံးပြုနိုင် သည့် ပိုလီဗီနိုင်းကလိုရိုက် (ပီဗွီစီ) လျှပ်ကာဖုံးအုပ်ထားသော ဝါယာကြိုးများ၊ အပိုင်း (၅)ဝါယာကြိုးပျော့များ ၏ မြန်မာစံချိန်စံညွှန်း |
| ၂ | MMS IEC 60669-1:2007 အိမ်သုံးနှင့် အလားတူ ပုံသေလျှပ်စစ်သွယ်တန်းခြင်း အတွက်ခလုတ်များ၊ အပိုင်း(၁) အထွေထွေလိုအပ်ချက်များဆိုင်ရာ မြန်မာ စံချိန်စံညွှန်း |
| ၃ | MMS IEC 60884-1:2006 အိမ်သုံးနှင့် အလားတူ သုံးစွဲမှုများအတွက် ဆော့ကက်နှင့် ပလပ်များ၊ အပိုင်း (၁) ယေဘုယျ သတ်မှတ်ချက်များဆိုင်ရာ မြန်မာစံချိန်စံညွှန်း |
| ၄ | MMS IEC 60335-1:2010 အိမ်သုံးနှင့် အလားတူ လျှပ်စစ်ပစ္စည်းများ ဘေးအန္တရာယ် ကင်းရှင်းရေး၊ အပိုင်း (၁) အထွေထွေလိုအပ်ချက်များဆိုင်ရာ မြန်မာစံချိန်စံညွှန်း |
| ၅ | MMS IEC 60335-2-3:2008 အိမ်သုံးနှင့် အလားတူ လျှပ်စစ်ပစ္စည်းများ ဘေးအန္တရာယ် ကင်းရှင်းရေး ၊ အပိုင်း ( ၂ - ၃ ) လျှပ်စစ်မီးပူများအတွက်သီးခြားလိုအပ်ချက်များဆိုင်ရာ မြန်မာစံချိန်စံညွှန်း |
| ၆ | MMS IEC 60335-2-44:2004 အိမ်သုံးနှင့် အလားတူ လျှပ်စစ်ပစ္စည်းများ ဘေးအန္တရာယ်ကင်းရှင်းရေး၊ အပိုင်း ( ၂ - ၄၄ ) အဝတ်ပြန့်ကိရိယာများ အတွက် သီးခြားလိုအပ်ချက်များဆိုင်ရာ မြန်မာ စံချိန်စံညွှန်း |
| ၇ | MMS IEC 60335 – 2 – 41:2004 အိမ်သုံးနှင့်အလားတူ လျှပ်စစ်ပစ္စည်းများဘေးအန္တရာယ် ကင်းရှင်းရေး၊ အပိုင်း ( ၂ - ၄၁ ) ပန့်များအတွက် သီးခြားလို အပ်ချက်များဆိုင်ရာ မြန်မာစံချိန်စံညွှန်း |
| ၈ | MMS IEC 60335-2-80:2008 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ ဘေးအန္တရာယ် ကင်းရှင်းရေး၊ အပိုင်း ( ၂ - ၈၀ ) ပန်ကာများအတွက် သီးခြားလိုအပ်ချက်များဆိုင်ရာ မြန်မာစံချိန်စံညွှန်း |
| ၉ | MMS IEC 60335-2-15:2008 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ ဘေးအန္တရာယ်ကင်းရှင်းရေး၊ အပိုင်း ( ၂ - ၁၅ ) အရည်များ အပူပေးသော ပစ္စည်းကိရိယာများအတွက် သီးခြားလိုအပ်ချက်များဆိုင်ရာ မြန်မာစံချိန် စံညွှန်း |
| ၁၀ | MMS IEC 60335 – 2 – 23:2008 အိမ်သုံးနှင့် အလားတူ လျှပ်စစ်ပစ္စည်းများ ဘေးအန္တရာယ် ကင်းရှင်းရေး၊ အပိုင်း ( ၂ - ၂၃ ) အသားအရေ နှင့်ဆံပင်ပြုစု ထိန်းသိမ်းသည့် ပစ္စည်းကိရိယာများ အတွက် သီးခြားလိုအပ်ချက်များ ဆိုင်ရာမြန်မာစံချိန်စံညွှန်း |
| ၁၁ | MMS IEC 60335 – 2 – 26:2008 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများဘေးအန္တရာယ်ကင်းရှင်းရေး၊ အပိုင်း ( ၂ - ၂၆ ) နာရီများအတွက် သီးခြားလိုအပ်ချက်များဆိုင်ရာ မြန်မာစံချိန်စံညွှန်း |
| ၁၂ | MMS IEC 60335 – 2 – 43:2008 အိမ်သုံးနှင့်အလားတူလျှပ်စစ်ပစ္စည်းများ ဘေးအန္တရာယ်ကင်းရှင်း ရေး၊ အပိုင်း ( ၂ - ၄၃)အဝတ်အထည်ခြောက်သွေ့စက်နှင့် ပစ္စည်းကိရိယာများအတွက် သီးခြားလိုအပ်ချက်များ ဆိုင်ရာ မြန်မာစံချိန် စံညွှန်း |
| ၁၃ | MMS IEC 60335 – 2 – 40:2005 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများဘေးအန္တရာယ် ကင်းရှင်းရေး၊ အပိုင်း ( ၂ - ၄၀ ) လျှပ်စစ်အပူပေးပန့်၊လေအေးပေးစက်နှင့် စိုထိုင်းမှုထိန်းညှိပစ္စည်းကိရိယာများအတွက် သီးခြားလိုအပ်ချက် များဆိုင်ရာမြန်မာစံချိန်စံညွှန်း |
| ၁၄ | MMS IEC 60898-1:2003 လျှပ်စစ်ဆိုင်ရာ ဆက်စပ်ပစ္စည်း အစိတ်အပိုင်းများ၊ အိမ်သုံးနှင့် အလားတူ လျှပ်စစ် ပစ္စည်းများ သွယ်တန်းတပ်ဆင်ခြင်း၌ လျှပ်စီးလွန်ကာကွယ်ခြင်းအတွက် ပတ်လမ်းဖြတ်ကိရိယာ များ၊ အပိုင်း ( ၁ ) အေစီပတ်လမ်းဖြတ် ကိရိယာများ၏ မြန်မာစံချိန်စံညွှန်း |
| ၁၅ | MMS IEC 60898-2:2003 လျှပ်စစ်ဆိုင်ရာဆက်စပ်ပစ္စည်းအစိတ်အပိုင်းများ၊ အိမ်သုံးနှင့် အလားတူ လျှပ်စစ် ပစ္စည်းများ သွယ်တန်းတပ်ဆင်ခြင်း၌ လျှပ်စီးလွန်ကာကွယ်ခြင်းအတွက် ပတ်လမ်းဖြတ်ကိရိယာများ အပိုင်း ( ၂ ) အေစီနှင့် ဒီစီလျှပ်စီးနှစ်မျိုးလုံးအတွက် ပတ်လမ်းဖြတ် ကိရိယာများ၏ မြန်မာစံချိန်စံညွှန်း |

## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ မန္တလေးတက္ကသိုလ် ဈေးဆိုင်ခန်းများ အငှားချထားနိုင်ရေးအတွက် တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီးအတွင်း ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ မန္တလေးတက္ကသိုလ်ဝင်းအတွင်းရှိ ဈေးဆိုင်ခန်းများ အငှားချထားနိုင်ရေး အတွက် တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသား တိုင်းရင်းသား လုပ်ငန်းရှင်များအား တင်ဒါတင် သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| တင်ဒါလျှောက်လွှာရောင်းချမည့်ရက် | - | ၁၃-၂-၂၀၂၀ရက်မှ ၁၃-၃-၂၀၂၀ ရက်အထိ(ရုံးချိန်အတွင်း) |
| တင်ဒါလျှောက်လွှာ တင်သွင်းရမည့်ရက်/အချိန် | - | ၁၆-၃-၂၀၂၀ရက်(ရုံးချိန်အတွင်း) |
| တင်ဒါရွေးချယ်မည့် ရက်/အချိန်/နေရာ | - | ထပ်မံကြေညာပါမည် |
| တင်ဒါလျှောက်လွှာ ဝယ်ယူရမည့်နေရာ | - | အင်ဂျင်နီယာဌာန၊ မန္တလေးတက္ကသိုလ်၊ ၇၃လမ်း၊ မဟာအောင်မြေမြို့နယ် |

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးအဖွဲ့**
**ဖုန်း-၀၂-၂၈၃၂၁၂၆၊ ၀၉-၂၀၂၂၀၅၂**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ရေနံဓာတ်ငွေ့ရည်များရောင်းချရန် တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ ရေနံဓာတုဗေဒစက်ရုံစု (သံပရာကန်)မှ ထုတ်လုပ်သည့် ဖြူတိန်းရေနံဓာတ်ငွေ့ရည် ၃၀၀၀တန်(တန်သုံးရာတိတိ)ကို တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ထုတ်ပေးထားသည့် ရေနံ ဓာတ်ငွေ့ရည်တင်သွင်းသိုလှောင်သယ်ယူဖြန့်ဖြူးရောင်းချခွင့်လိုင်စင် လိုင်စင်(ခ)သို့မဟုတ် လိုင်စင်(စ)လက်ဝယ်ရှိသူများ အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| ၂။ တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက် အချိန်နှင့်နေရာ | - | ၁၁-၃-၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့)၁၂:၀၀နာရီ၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း(ရုံးချုပ်)၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်။ |
| ၃။ တင်ဒါဖွင့်လှစ်မည့် နေ့ရက်နှင့်အချိန် | - | ၁၁-၃-၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့)(၁၄:၀၀)နာရီ |

၄။ တင်ဒါစည်းကမ်းချက်နှင့်ပုံစံများအား တစ်လကြိုတင်၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပါသည်။

၅။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန-ဖုန်း-၀၆၇-၃၄၁၁၁၉၄သို့ ရုံးချိန်အတွင်းဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း လက်အောက်ရှိ ဓာတ်မြေသြဇာစက်ရုံများမှ ယူရီးယားဓာတ်မြေသြဇာများကို တင်ဒါခေါ်ယူရောင်းချမည်ဖြစ်၍ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ၊ ရုံးအမှတ် ၄၄၊ နေပြည်တော်တွင် အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| စက်ရုံ | ပမာဏ (တန်) | တင်ဒါဖွင့်မည့် | | တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက် | |
|---|---|---|---|---|---|
| | | နေ့ | နာရီ | နေ့ | နာရီ |
| အမှတ်(၄)ဓာတ်မြေသြဇာ | ၂,၅၀၀ | ၁၀-၃-၂၀၂၀ | ၁၄:၀၀ | ၁၀-၃-၂၀၂၀ | ၁၂:၀၀ |
| စက်ရုံ(မြောင်းတကာ) | ၂,၅၀၀ | ၁၇-၃-၂၀၂၀ | ၁၄:၀၀ | ၁၇-၃-၂၀၂၀ | ၁၂:၀၀ |
| အမှတ်(၅)ဓာတ်မြေသြဇာ | ၂,၅၀၀ | ၁၀-၃-၂၀၂၀ | ၁၄:၀၀ | ၁၀-၃-၂၀၂၀ | ၁၂:၀၀ |
| စက်ရုံ(ကန်ကြီးထောင့်) | ၂,၅၀၀ | ၁၇-၃-၂၀၂၀ | ၁၄:၀၀ | ၁၇-၃-၂၀၂၀ | ၁၂:၀၀ |

၂။ တင်ဒါစည်းကမ်းချက်နှင့် ပုံစံများအား(၁)လ ကြိုတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း-၀၆၇-၃၄၁၁၀၈၂၊ ၀၆၇-၃၄၁၁၀၉၄ တို့သို့ ရုံး ချိန်အတွင်းဆက်သွယ်၍မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ရန်ကုန်တိုင်းဒေသကြီး၊ လမ်းဦးစီးဌာန ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး ဖျက်သိမ်းခြင်းအတွက် ဈေးပြိုင်တင်ဒါဖိတ်ခေါ်ခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းဦးစီးဌာနလက်အောက်ရှိ ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်းရှိ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတည်ဆောက်ရန်အတွက် လက်ရှိရုံးအား ဖျက်သိမ်းခြင်းအတွက် ဈေးပြိုင်တင်ဒါခေါ်ယူလို ပါသဖြင့် တင်ဒါလျှောက်လွှာတင်သွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| ဈေးပြိုင်တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် | - | ၁၄-၂-၂၀၂၀ ရက်(သောကြာနေ့) (ရုံးချိန်အတွင်း) |
| ဈေးပြိုင်တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့်ရက်/အချိန် | - | ၁၀-၃-၂၀၂၀ရက်((အင်္ဂါနေ့) မွန်းလွဲ ၁၃: ၀၀နာရီ |
| ဈေးပြိုင်တင်ဒါလျှောက်လွှာ ရောင်းချမည့်နေရာ | - | ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး |
| ဈေးပြိုင်တင်ဒါလျှောက်လွှာ ဖွင့်လှစ်မည့်ရက်/အချိန် | - | ထပ်မံကြေညာသွားပါမည်။ |
| ဈေးပြိုင်တင်ဒါလျှောက်လွှာ ဖွင့်လှစ်မည့်နေရာ | - | ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ အစည်းအဝေးခန်းမ၊ လမ်းဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့ |

၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက လမ်းဦးစီးဌာန၊ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးသို့ လာရောက်စုံစမ်းနိုင်ပါသည်။
(ဖုန်း-၀၁-၃၇၁၀၆၇)

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ရန်ကုန်တိုင်းဒေသကြီး၊ လမ်းဦးစီးဌာန**
**အမှတ် ၃၉၊ နဝဒေးလမ်း၊ ဒဂုံမြို့နယ်**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ နေပြည်တော်အတွက် ဒီဇယ်ဆီ(၄၈၀၀၀)ဂါလန်၊ ရန်ကုန်အတွက် ဒီဇယ်ဆီ(၇၈၀၀)ဂါလန် စုစုပေါင်းဒီဇယ်ဆီ(၅၅၈၀၀) ဂါလန်နှင့်နေပြည်တော်အတွက် ဓာတ်ဆီ(အောက်တိန်း) (၁၈၀၀၀)ဂါလန် နှင့်ပရီမီယံ(ဒီဇယ်သန့်)(၉၆၀၀)ဂါလန်တို့ကို တင်ဒါအမှတ်-46(T)/MOEE/19-20မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆို ဝယ်ယူလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါများအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက် ၁၀-၃-၂၀၂၀ရက်(၁၄:၀၀)နာရီ နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်။

၃။ သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web-Portal(www.moee.gov.mm)တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဖုန်း-၀၆၇-၃၄၁၀၂၀၉၊ ၀၆၇-၃၄၁၀၂၈၂**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀) ကျောက်ဖြူမြို့နယ်တရားရုံးတော်၌ ၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ် - ၄၇

| | | |
|---|---|---|
| ဒေါ်သက်သက်နွယ် တရားလို | နှင့် | ဦးတင်မောင်အေး တရားပြိုင် |

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ကလန့်တဲကျေးရွာနေ တရားပြိုင် ဦးတင်မောင်အေး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့် ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ သို့တည်းမဟုတ်၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၁ ရက် (၁၃၈၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏ဆွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင်သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ် စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင် သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၃၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**ရဲမင်းထွန်း**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ကျောက်ဖြူမြို့နယ်တရားရုံး**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ မုတ္တမ၊ စက်ခေါင်းရုံ၊ အခြေခံပညာမူလတန်းကျောင်း၊ တတိယတန်းမှ မောင်စွမ်းမျိုးဝေ၏ဖခင်အမည်မှန်မှာ ဦးတင့်ဖြိုးအောင် ၁၀/ပမန(နိုင်)၁၉၅၈၉၅ ဖြစ်ပါကြောင်း။ **ဦးတင့်ဖြိုးအောင်**

## အမည်ပြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နယ်၊ မရမ်းအနောက်ကျေးရွာနေ ဦးပျော့၏သား ဦးချစ်ဝေ ၁၄/ဒဒရ (နိုင်) ၀၃၄၇၆၉ အား ဦးကျော်မျိုးနိုင်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**ဦးကျော်မျိုးနိုင်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးဘသိန်း၏သား ကလေးမြို့နယ်၊ ထိုမာရွာ အထက(ခွဲ) မှ ကျောင်းစောင့် ဦးအောင်ကျော်လင်းနှင့် ဦးအောင်ကျော်စိန် ၅/ကလထ(နိုင်)၁၂၄၁၃၅သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးအောင်ကျော်လင်း(ခ)ဦးအောင်ကျော်စိန်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးပေါစိန်၏သမီး ကလေးမြို့နယ်၊ ထိုမာရွာ အထက(ခွဲ) မှ အလယ်တန်းပြ (၃) ဒေါ်အေးဝင်းနှင့် ဒေါ်အေးအေးဝင်း ၅/ ကလထ(နိုင်)၀၃၇၀၄၄ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်အေးဝင်း(ခ)ဒေါ်အေးအေးဝင်း**

## အမည်မှန်

ရေနံချောင်းမြို့၊ လက်မှတ်ကုန်းရပ်၊ အထက(၂)အဌမတန်း(B)မှ မငယ်ငယ်ဆင့်၏ အမည်မှန်မှာ မနှင်းဝေဝေဖြိုး ဖြစ်ပါကြောင်း။

**မနှင်းဝေဝေဖြိုး**

## အမည်ပြောင်း

ပုဗ္ဗသီရိမြို့နယ်၊ အမှတ်(၁၂၂)၊ပင်မမူလွန်ကျောင်း Grade-1 မှ ဦးဝင်းကိုဦး၏သား မောင်ပြည့်စုံကျော်အား ယနေ့မှစ၍ မောင်မင်းခန့်ကိုဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်မင်းခန့်ကို**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ ရွာခိုင်ကျေးရွာ အထက(ခွဲ) သတ္တမတန်းမှ မောင်အောင်စိုးလင်း၏ဖခင်အမည်မှန်မှာ ဦးမြလင်းခိုင် ၈/ပဖန(နိုင်) ၁၂၁၆၄၀ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးမြလင်းခိုင်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ ရွာခိုင်ကျေးရွာ အထက(ခွဲ)မှ မောင်လင်းလင်းစိုး၏ ဖခင်အမည်မှန်မှာ ဦးအောင်လွင်(ခ) ဦးကိုလွင် ၈/ပဖန(နိုင်) ၁၀၅၁၈၄ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးအောင်လွင်(ခ)ဦးကိုလွင်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၉)ကံဘဲ့၊ မြေကွက်အမှတ်-၁၈/တ၊ ၀ဒသမ၁၉ကော၊ မြေကွက် တည်နေရာအမှတ်(၆၀/အေ)၊ ကမ္ဘာအေးဘုရားလမ်း၊ (၁၀)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဒေါ်ခင်နွဲ့ (AD-၀၃၂၅၅၉)အမည်ပေါက် B-၃ (ခ) မြေအား အမည်ပေါက်ဖြစ်သူမိခင်ဒေါ်ခင်နွဲ့(AD-၀၃၂၅၅၉)မှာ ၂-၁၂-၂၀၁၇ရက်တွင် လည်းကောင်း၊ ဖခင်ဖြစ်သူဦးသန်းရှိန်မှာ ၇-၁-၂၀၀၃ရက်တွင် လည်းကောင်း အသီးသီးကွယ်လွန်သွားပါသဖြင့် ၎င်းတို့၏တစ်ဦးတည်းသောသမီး ဒေါ်ဥမ္မာရှိန် ၁၂/မရက(နိုင်) ၀၈၁၁၉၆မှ ကွယ်လွန်သူမိဘများ၏ တရားဝင်အမွေဆက်ခံပိုင်ခွင့်ရှိသူ သမီးအရင်းအခြာတစ်ဦးဖြစ်ကြောင်း၊ အခြားအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ကျမ်းကျိန်လွှာ၊ သေစာရင်း၊ အမည်ပေါက်သည့် အရောင်းအဝယ်စာချုပ်-၄၂၅/၁၉၇၃(၁၇-၄- ၁၉၇၃)တို့ကို တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအ ဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ မြေအသုံးပြုခွင့်လျှောက်လွှာခေါ်ယူခြင်း

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က စီမံခန့်ခွဲပိုင်ခွင့်ရှိသော တိုင်းဒေသကြီးအတွင်းရှိ မြေများကို စီးပွားရေးလုပ်ငန်း လုပ်ကိုင်ရန်အတွက် သော်လည်းကောင်း၊ လူနေထိုင်ရန်အတွက်သော်လည်းကောင်း၊ မြေအသုံးပြုခွင့်အား သတ်မှတ်စည်ပင်စရိတ်ပေး သွင်း၍ အသုံးပြုခွင့်ပြုပေးမည်ဖြစ်ရာ စိတ်ပါဝင်စားသူမည်သူမဆို သတ်မှတ်ထားသည့် မြေအသုံးပြုခွင့်လျှောက်လွှာပုံစံအတိုင်း မိမိအစီအစဉ်ဖြင့် ကွန်ပျူတာရိုက်နှိပ်ပြုစုဖြည့်စွက်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိနီးစပ်ရာ မြို့နယ်စည်ပင်သာယာရေး ကော်မတီရုံး/ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးများတွင် ရုံးချိန်အတွင်း တင်သွင်းနိုင်ပါသည်။လျှောက်လွှာပုံစံနှင့်မြေကွက်စာရင်းများကို သိရှိလိုပါက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ http://www.yangon.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

လျှောက်လွှာတင်ရမည့်နောက်ဆုံးရက် - ၆-၃-၂၀၂၀ရက်

(ကြော်ငြာပါမြေကွက်များအပြင် အခြားလျှောက်ထားလိုသည့် မြေကွက်များကိုလည်း အချက်အလက်ပြည့်စုံစွာဖြင့် တင်ပြလျှောက်ထားနိုင်ပါကြောင်း အသိပေးအပ်ပါသည်။)

**မြေစီမံခန့်ခွဲမှုကော်မတီ**
**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## အသိပေးကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကြည့်မြင်တိုင်မြို့နယ်၊ အောက်ကြည့်မြင်တိုင် လမ်းနှင့် ပန်းလှိုင်လမ်းထောင့်၊ ပန်းလှိုင်တာဝါကွန်ဒိုမီနီယမ်အိမ်ရာရှိ တိုက်ခန်း(၈)ခန်း၊ Penthouse (၁)လုံးနှင့် သဃ်န်းကျွန်းမြို့နယ်၊ သံသုမာလမ်း၊ သုဝဏ္ဏအိမ်ရာရှိ (၃ထပ်=1 Unit) တိုက်အမှတ်(F-2)တွင် တိုက်ခန်း(၄)ခန်း၊ တိုက်အမှတ်(F-3)တွင် တိုက်ခန်း(၂)ခန်း စုစုပေါင်းတိုက်ခန်း(၁၅)ခန်းကို မျက်မြင်အခြေအနေအတိုင်း ပွင့်လင်းမြင်သာစွာ ရောင်းချမည်ဖြစ်ပါသဖြင့် အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ နေရာများတွင် ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါသည်-

(က) အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ရုံးအမှတ်(၄၀)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၃၄၀၇၅၂၇

(ခ) အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ ညွှန်ကြားရေးမှူးရုံး၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၁၈-၂၄၅၆၈၆

(ဂ) ရန်ကုန်မြို့တော်အရောင်းပြခန်း(Yangon City Gallery) အမှတ်(၂၂၈/၂၃၄)မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ ညွှန်ကြားရေးမှူးရုံး (မြေညီထပ်)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေး ဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေး ဦးစီးဌာနမှ ၂၃၀ ကေဗွီ ရောဝဏ်-(သာကေတ- သန်လျင်) ဓာတ်အားလိုင်း ၁ဒသမ၇၄မိုင် Mono Pole တိုင်များတိုင်ထူခြင်းနှင့် ကြိုးဆွဲခြင်းလုပ်ငန်းတို့ကို တင်ဒါအမှတ် 45(T)/DPTSC (PTP)/2019-2020 DDP(At Site)Kyat LCB(Local Competative Bidding) ဖြင့် တင်ဒါခေါ်ဆို ဆောင်ရွက်လိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါအား လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက် ၁၀-၃-၂၀၂၀ရက် ၁၄:၀၀နာရီ အချိန် နောက်ဆုံးထား၍ (လူကိုယ်တိုင်လာရောက်တင်သွင်းရမည်။)

၃။ သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံအား ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web- Portal (www.moee.gov.mm)တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ဖုန်း-၀၆၇-၃၄၁၀၂၀၉၊၀၆၇-၃၄၁၀၂၈၂**

## ပညာရေးဝန်ကြီးဌာန သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာသုတေသနဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာသုတေသနဌာနတွင် Cloud Technology ဘာသာရပ်နှင့်သက်ဆိုင်သော အောက်ဖော်ပြပါ ဆရာဖြစ် သင်တန်း(၂)မျိုးကို သင်ကြားပို့ချရန်အတွက် အိတ်ဖွင့်တင်ဒါဖိတ်ခေါ်အပ်ပါသည်-

| စဉ် | သင်တန်းအမျိုးအမည် |
|---|---|
| ၁။ | Cloud Computing (Microsoft Azure Security Technologies Course) |
| ၂။ | Cloud Computing (Microsoft Azure Devops Engineer Expert Course) |

သင်ကြားမည့်သူသည် Microsoft Certified လက်မှတ်ရရှိရမည်ဖြစ်ပြီး သင်တန်းဆိုင်ရာသတ်မှတ်ချက်များနှင့် ကိုက်ညီသူဖြစ်ရပါမည်။ သင်တန်းအမျိုးအစားလိုက်သင်ကြားမည့် Course Content အသေးစိတ်ကိုပါ တစ်ပါတည်းတင်ပြနိုင်ရပါမည်။ တင်ဒါလျှောက်လွှာတစ်စောင်လျှင် သင်တန်းအမျိုးအစားတစ်မျိုး(သို့မဟုတ်) နှစ်မျိုးလုံးတင်သွင်းနိုင်ပါသည်။

**တင်ဒါရောင်းချမည့်ရက်** - ၁၀-၂-၂၀၂၀ရက်
**တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၂၁-၂-၂၀၂၀ရက်
**တင်ဒါတင်သွင်းရမည့်နေရာ** - သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ သုတေသနဌာန၊ ပါရမီလမ်း၊ (၁၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့

တင်ဒါတင်သွင်းခြင်းနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၁-၆၅၂၅၄၂၊ ၀၁-၆၅၂၅၂၉သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ဒေသန္တရရေနံချက်လုပ်ခြင်းလုပ်ငန်းလိုင်စင်သက်တမ်းတိုး လျှောက်ထားရန်နှိုးဆော်ခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ ခွင့်ပြုထုတ်ပေးထားသော ဒေသန္တရရေနံချက်လုပ်ခြင်းလုပ်ငန်းလိုင်စင်များသည် ၂၀၂၀ပြည့်နှစ် မတ် ၃၁ရက်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ပါသဖြင့် ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေပုဒ်မ-၈(ပုဒ်မခွဲ-က)အရ သက်တမ်းကုန်ဆုံးသောရက်မတိုင်မီ နောင်လာမည့်နှစ်အတွက် လိုင်စင်သက်တမ်းတိုးထုတ်ပေးခြင်းကိုဆောင်ရွက်ရမည်ဖြစ်ပါသည်။

၂။ ဒေသန္တရရေနံချက်လုပ်ခြင်းလုပ်ငန်းလိုင်စင်များသက်တမ်းတိုး ထုတ်ပေးခြင်းကို ၁၀-၂-၂၀၂၀ရက်မှ ၂၆-၃-၂၀၂၀ရက်အတွင်း လျှောက်ထားရန်နှင့်ပျက်ကွက်ပါက ရက်လွန်ဒဏ်ကြေးအဖြစ် ၁-၄-၂၀၂၀ရက်မှစတင်၍ တစ်ရက်လျှင် လိုင်စင်ကြေး၏ ၁% ကို ပေးဆောင်ရမည်ဖြစ်ပြီး ၃လ ကျော်လွန်ပါက လိုင်စင်သက်တမ်း အလိုအလျောက် ပျက်ပြယ်သည်ဟု သတ်မှတ်ရမည်။

၃။ သက်တမ်းတိုးရန်လျှောက်ထားသည့်အခါ ဖော်ပြပါစာရွက်စာတမ်းများဖြင့်တင်ပြ လျှောက်ထားရန်နှိုးဆော်အပ်ပါသည်-

(က) သက်တမ်းတိုးလျှောက်လွှာ
(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)
(ဂ) စည်ပင်သာယာရေးအဖွဲ့၏လုပ်ငန်းလိုင်စင်(မိတ္တူ)
(ဃ) မီးသတ်ဦးစီးဌာန၏ထောက်ခံချက်(မိတ္တူ)
(င) ပြည်တွင်းအခွန်များဦးစီးဌာန၏အခွန်ကင်းရှင်းကြောင်းထောက်ခံချက်(မိတ္တူ)
(စ) သတ္တုတွင်းဦးစီးဌာန၏ စက်သုံးဆီသိုလှောင်ခွင့်လိုင်စင်(မိတ္တူ)
(ဆ) ဤလုပ်ငန်းမှထုတ်ပေးထားသော ဒေသန္တရရေနံချက်လုပ်ခြင်းလုပ်ငန်းလိုင်စင် (မူရင်း)

၄။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှကွင်းဆင်းစစ်ဆေးရေးအဖွဲ့များသည် ၂၀၂၀ ပြည့်နှစ် မတ်လအတွင်း သက်ဆိုင်ရာလုပ်ငန်းနေရာများသို့ ကွင်းဆင်းစစ်ဆေးပြီး သတ်မှတ်စည်းကမ်းချက်များနှင့် ကိုက်ညီသူများအား လိုင်စင်သက်တမ်းတိုး ထုတ်ပေးခြင်းကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ လိုင်စင်သက်တမ်းတိုးလျှောက်လွှာပုံစံများကိုသက်ဆိုင်ရာ တိုင်းဒေသကြီးများရှိ ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများထိန်းသိမ်းကြီးကြပ်ရေးဆပ်ကော်မတီရုံးများတွင် ရယူနိုင်ပြီး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန Websiteတွင်လည်းဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၆။ လိုင်စင်သက်တမ်းတိုးလျှောက်ထားသူများအား ထုတ်ပေးထားသည့်လိုင်စင်ကတ်အဟောင်းကို ပြန်လည်သိမ်းယူမည်ဖြစ်ပြီးပျောက်ဆုံးခဲ့ပါက လိုင်စင်ကြေး၏ ၅၀%အား ဒဏ်ကြေးအဖြစ်ပေးသွင်းရမည်ဖြစ်ပါသည်။ လိုင်စင်သက်တမ်းတိုး လျှောက်ထားခြင်းနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၆၇-၃၄၁၁၀၈၂ထံသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## (ဒုတိယအကြိမ်)အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာနမှ ၂၀၁၉-၂၀၂၀ဘဏ္ဍာနှစ်တွင် အမရပူရမြို့နယ်၊ တောင်အင်း မြောက်အင်း အမှိုက်ကျင်းအနီးတွင် ဆောင်ရွက်မည့် RDF(Refuse Derived Fuel) ထုတ်လုပ်ခြင်း အပါအဝင်ဖြစ်သည့် Sorting Machine ဝယ်ယူရန် (ဒုတိယအကြိမ်) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ အမရပူရမြို့နယ်၊ တောင်အင်းမြောက်အင်း အမှိုက်ကျင်း အနီးတွင် ဆောင်ရွက်မည့် RDF (Refuse Derived Fuel) ထုတ်လုပ်ခြင်း အပါအဝင်ဖြစ်သည့် Sorting Machineကို (ဒုတိယအကြိမ်)အိတ်ဖွင့်တင်ဒါ တင်သွင်းလိုသူများမှ အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်း နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) **အိတ်ဖွင့်တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၁၀-၂-၂၀၂၀ရက်(တနင်္လာနေ့)
(ခ) **အိတ်ဖွင့်တင်ဒါတင်သွင်းရန် စာရင်းပေးသွင်းရမည့်နေ့/အချိန်** - ၁၀-၃-၂၀၂၀(အင်္ဂါနေ့) ၉:၃၀နာရီမှ ၁၃:၃၀နာရီထိ
(ဂ) **အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့် ရက်/အချိန်** - ၁၁-၃-၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့)
(ဃ) **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် နေရာ** - မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ

၃။ အထက်ပါတင်ဒါပုံစံများကို တစ်စုံလျှင် ကျပ် ၁၅၀၀၀/-နှုန်းဖြင့် ရုံးချိန်အတွင်းသန့်ရှင်းရေးဌာန (နန်းရှေ့ဈေးအပေါ်ထပ်) တွင် ဝယ်ယူနိုင်ပါသည်။ (အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၂-၄၀၇၂၀၀၃ သို့ စုံစမ်းနိုင်ပါသည်။)

**သန့်ရှင်းရေးဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြိမ်းဖောင်ဒေးရှင်း အိတ်ပိတ်တင်ဒါခေါ်ယူခြင်း

ငြိမ်းဖောင်ဒေးရှင်း၏ စီမံကိန်းတစ်ခုဖြစ်သော (Humanitarian Assistance for Peace Project-HAP) ငြိမ်းချမ်းရေးအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့ပေးရေးစီမံကိန်းမှ ၂၀၂၀-၂၀၂၂ ခုနှစ် စီမံကိန်းကာလအတွင်း မြစ်ကြီးနားမြို့နယ်၊ ဝိုင်းမော်မြို့နယ်၊ဗန်းမော်မြို့နယ်နှင့်ချီဖွေမြို့နယ်ရှိ ပြည်သူများအတွက် လိုအပ်လျက်ရှိသော လူနေအိမ်(၃၂)လုံး၊ရေချိုးခန်း(၃၂)လုံးနှင့် အိမ်သာ(၃၂)လုံးနှင့်အစားထိုး လူနေဆောင်(၆)ဆောင် ဆောက်လုပ်ရန်အတွက် လိုအပ်သော ပျဉ်၊သွပ်၊ သံ၊ ဘိလပ်မြေ၊ သဲ၊ သဲကျောက်၊ ပိုက်နှင့်ပိုက်ဆက်စပ်ပစ္စည်းများ၊ ကျင်တွယ်ခုံများနှင့်ဆောက်လုပ်ရေးကုန်ကျစရိတ်များကို သတ်မှတ်စံချိန်စံညွှန်းများအတိုင်း မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန် ဈေးပြိုင်အိတ်ပိတ်တင်ဒါများ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၁။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များအား ကြော်ငြာပါသည့်ရက်မှစတင်ကာ ငြိမ်းဖောင်ဒေးရှင်း(ပင်မရုံး)ထောက်ပံ့ပို့ဆောင်ရေးဌာနတွင် ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပြီး ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၇ ရက်(ကြာသပတေးနေ့) ညနေ ၁၆:၀၀ နာရီ နောက်ဆုံးထားပြီး ပစ္စည်းနမူနာနှင့်အတူ တင်ဒါအဆိုပြုလွှာများအား ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၂။ တင်ဒါများအား ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၈ ရက် (သောကြာနေ့)တွင် ငြိမ်းဖောင်ဒေးရှင်း(ပင်မ)ရုံးတွင် တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီမှ တင်ဒါအဆိုပြုလွှာများအား တစ်ပြိုင်နက်တည်း ဖွင့်ဖောက်ရွေးချယ်သွားမည် ဖြစ်ပါသည်။

အသေးစိတ်သိရှိလိုသောအချက်များကို ငြိမ်းဖောင်ဒေးရှင်းရုံး စီမံခန့်ခွဲရေးဌာနတွင် ရုံးချိန် နံနက် ၉:၀၀ နာရီမှ ညနေ ၁၇:၀၀ နာရီအတွင်း ဦးအောင်လီ ဖုန်း-၀၉-၄၀၀၀၃၉၁၀၀၊ ဦးစောနွဲ့ခွန်မြတ် ဖုန်း-၀၉-၇၉၇၁၄၅၅၃၃ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ငြိမ်းဖောင်ဒေးရှင်း**
**အမှတ် GD-၉၀၊စီတာပူရပ်ကွက်၊(စီတာပူနံနက်ဈေးအရှေ့ဘက်)**
**ဂင်ဒိုင်နယ်မြေ၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန သက်ကြီးရွယ်အိုကျန်းမာရေးစောင့်ရှောက်သူသင်တန်းအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ သူနာပြုသင်တန်းကျောင်း၊ ရန်ကုန်တွင် ဖွင့်လှစ်ပို့ချမည့် သက်ကြီးရွယ်အိုကျန်းမာရေးစောင့်ရှောက်သူ (၆)လသင်တန်းသို့ အောက်ပါသတ်မှတ်ချက်များနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ကြောင်း လျှောက်လွှာခေါ်ယူပါသည်။

၂။ သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် အောက်ပါအချက်များနှင့်ပြည့်စုံရမည်။
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) တက္ကသိုလ်ဝင်တန်းစာမေးပွဲကို အောင်မြင်ပြီးသူ ဖြစ်ရမည်။
(ဂ) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၁၈)နှစ်ပြည့်ပြီး (၃၀)ထက် မကျော်သူ ဖြစ်ရမည်။
(ဃ) သင်တန်းကို ပြီးဆုံးအောင်တက်ရောက်နိုင်သူ ဖြစ်ရမည်။
(င) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
(စ) နိုင်ငံ့ဝန်ထမ်းများ လျှောက်ထားရန်မလိုပါ။

၃။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကိုပူးတွဲတင်ပြရမည်။
(က) လျှောက်လွှာမူရင်းတစ်စောင်
(ခ) လျှောက်ထားသူနှင့်မိဘနှစ်ပါးတို့၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ တစ်စောင်စီ
(ဂ) လွန်ခဲ့သော (၆)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ (၃)ပုံ
(ဃ) သက်ဆိုင်ရာမြို့နယ်ဆရာဝန်၏ ကျန်းမာကြောင်း ဆေးထောက်ခံစာမူရင်း
(င) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ
(စ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာမြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်း၏ ထောက်ခံစာ (မူရင်း)တစ်စောင်

၄။ လျှောက်လွှာပိတ်ရက်(၃၀-၃-၂၀၂၀)

၅။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုခွင့်ရစာရင်းနှင့် ဖြေဆိုရမည့်ရက်ကို ၈-၄-၂၀၂၀ရက်တွင် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော်တွင် ထုတ်ပြန်ကြေညာထားမည်ဖြစ်သည်။

၆။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် (မြန်မာစာ/အင်္ဂလိပ်စာ/အထွေထွေဗဟုသုတ) ပါဝင်သော (၃)နာရီမေးခွန်းလွှာဖြင့် စစ်ဆေးမည်ဖြစ်သည်။

၇။ လျှောက်လွှာကို ညွှန်ကြားရေးမှူးချုပ်၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ရုံးအမှတ်(၄)နေပြည်တော်သို့ လိပ်မူ၍လျှောက်ထားရမည်။ လျှောက်လွှာပိတ်ရက်ထက် နောက်ကျရောက်ရှိသည့် လျှောက်လွှာများနှင့်မပြည့်စုံသည့်လျှောက်လွှာများကို လုံးဝလက်ခံစဉ်းစားမည်မဟုတ်ပါ။

၈။ သင်တန်းတက်ခွင့်ရပါက တက္ကသိုလ်/ကောလိပ် တက်နေသူဖြစ်လျှင်သင်တန်းကာလအတွင်း (တက္ကသိုလ်/ကောလိပ်)ပညာသင်ရပ်နားခွင့်ပြုကြောင်း သက်ဆိုင်ရာ ကျောင်းအုပ်/အကြီးအကဲ၏ထောက်ခံစာမူရင်းကို ရွေးချယ်ခံရပြီး ကျောင်းဝင်ခွင့်လာအပ်သည့်အခါ ပေးအပ်နိုင်ရမည်။

(သင်တန်းတက်နေစဉ်ကာလအတွင်း မည်သည့်လက်မှတ်ရသင်တန်းမဆို လုံးဝ တက်ခွင့်မပြုပါ။)

၉။ သင်တန်းဝင်ခွင့်လျှောက်လွှာပုံစံကို ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၏ Website www.hrh.gov.mm နှင့် Facebook Page www.facebook.com/pg/hrhmohsတွင် ကြေညာထားမည်ဖြစ်သည်။

၁၀။ အသေးစိတ်သိရှိလိုပါက ဖုန်း ၀၆၇၃-၄၁၁၁၄၇၊ ၀၆၇၃-၄၁၁၃၆၅ နှင့် ၀၆၇၃-၄၁၁၁၄၈/၄၉ လိုင်းခွဲ-၈၀၇၊ ၈၁၀သို့တိုက်ရိုက်ဆက်သွယ်မေးမြန်းနိုင်သည်။

## အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနနှင့် ကွပ်ကဲမှုအောက်ရှိ မြို့နယ်/မြို့နယ်ခွဲစည်ပင်သာယာရေးဌာနများ၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေဖြင့်ဝယ်ယူမည့်ကတ္တရာ ခန့်မှန်းတန်(၂၁၀၀)အား မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများထံမှ သတ်မှတ်ချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါစနစ်(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါ၍ တင်ဒါတင်သွင်းလိုသူများ တင်ဒါတင်သွင်းနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်/အချိန်** - ၁၀-၂-၂၀၂၀ရက်မှ ၁၀-၃-၂၀၂၀ရက် အထိ(ရုံးချိန်အတွင်း)
**တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်/အချိန်** - ၁၁-၃-၂၀၂၀ရက်၊ ဗုဒ္ဓဟူးနေ့
**တင်ဒါတင်သွင်းရမည့်နေရာ** - ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန၊ တောင်ကြီးမြို့
**တင်ဒါဖွင့်လှစ်မည့်ရက်** - သီးခြားအကြောင်းကြားပါမည်။

၃။ ကတ္တရာဈေးနှုန်းအရ တန်အရေအတွက် ပြောင်းလဲမှုရှိနိုင်ပါသည်။

၄။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန၊ တောင်ကြီးမြို့၊ ဖုန်း-၀၈၁-၂၁၂၃၉၁၅တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် BB/2007 Toyota corona premio SL ယာဉ်လက်ဝယ်ရှိသူ ဦးတင်ထွတ် ၁၂/စခန(နိုင်)၀၁၁၆၄၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်းအောက်ဖော်ပြပါ ရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့၊ အောင်မင်္ဂလာရပ်နေ မအေးမြငြိမ်း ၉/ကပတ(နိုင်)၂၂၉၆၃၃၏ဖခင် ဦးရဲမြင့်(ခ)ဦးနေဝင်း ၉/ကပတ(နိုင်)၀၁၂၄၉၈မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးရဲမြင့်(ခ)ဦးနေဝင်း**

## မိဘအမည်မှန်

ကချင်ပြည်နယ်၊ မိုးမောက်မြို့ အထက မိုင်းခတ် သတ္တမတန်းမှ မောင်နေမျိုးအောင်နှင့် နဝမတန်းမှ မောင်ဇော်မျိုးထွန်းတို့၏ မိဘအမည်မှန်မှာ ဦးအောင်ချစ်နှင့် ဒေါ်ဆန်းတင်တို့ဖြစ်ပါသည်။
**ဦးအောင်ချစ်-ဒေါ်ဆန်းတင်**
**မိုးမောက်မြို့နယ်**

## အမည်မှန်

ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ် အထက မိုင်းခတ် နဝမတန်း(C)မှ မောင်နေ်ရှမ်း၏ အမည်မှန်မှာ မောင်နေ်ဆိုင်းဖြစ်ပြီး ၎င်း၏မွေးသက္ကရာဇ်မှာ ၁၃-၇-၂၀၀၅ ဖြစ်ပါကြောင်း။
**မောင်နေ်ဆိုင်း၊ အထက မိုင်းခတ်**

## အမည်ပြောင်း

မိုးမောက်မြို့နယ်၊ အထက မြို့သစ် ဆဋ္ဌမတန်း(C)မှ (ဘ)ဦးကျော်လင်း၏ သမီး မခွန်းဆုဟန်အား ယနေ့မှစ၍ မခမ်းဆင့်ဆင့်သွန်းဟု ပြောင်းလဲခေါ်ပါရန်။ **မခမ်းဆင့်ဆင့်သွန်း**
**အထက မြို့သစ်**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ သာကေတဓာတ်အားပေးစက်ရုံနှင့်သီလဝါဓာတ်အား ပေးစက်ရုံတို့အတွက် ဒီဇယ်ဆီဂါလန်တစ်ဆယ့်နှစ်သိန်း(ဂါလန် ၁၂၀၀၀၀၀)ကို Tender No.94/EPGE/2019-2020(မြန်မာကျပ်ငွေ)ဖြင့် စက်ရုံဆီသိုလှောင်ကန်(Tank)များအတွင်းအရောက်ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်လိုပါသည်။

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၇-၂-၂၀၂၀ရက်
**တင်ဒါပိတ်မည့်ရက်** - ၆-၃-၂၀၂၀ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၀:၀၀ နာရီ

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ (ဖုန်း-၀၆၇-၈၁၀၄၂၇၈၊ ၀၆၇-၈၁၀၄၂၇၉)

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ မဟာဗန္ဓုလအငှားအိမ်ရာတိုက်ခန်း ငှားရမ်းနေထိုင်ခွင့်ရရှိသူများ လာရောက်ဆက်သွယ်ရန် အသိပေးအကြောင်းကြားခြင်း

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မဟာဗန္ဓုလအငှားအိမ်ရာ၊ တိုက်အမှတ်(၁၊ ၉၊ ၁၀၊ ၁၁၊ ၁၂၊ ၂၆၊ ၂၈၊ ၃၀၊ ၃၇)များတွင် မဲပေါက်၍ ငှားရမ်းနေထိုင်ခွင့်ရရှိသူများအား ၂၀၂၀ ပြည့်နှစ် မတ်လ ပထမပတ်မှစ၍ အိမ်ခန်းတွင် တက်ရောက်နေထိုင်ခွင့်ပြုမည်ဖြစ်ပါသဖြင့် တိုက်ခန်းမဲပေါက်သည့်စာရွက်၊ မှတ်ပုံတင်မူရင်း/မိတ္တူ(၄)စုံ၊ သန်းခေါင်စာရင်းမူရင်း/မိတ္တူ(၄)စုံ၊ (၄လက်မx၆လက်မ) (မတ်တပ်ရပ်ကိုယ်လုံးပုံ)ဓာတ်ပုံ(၄)ပုံနှင့်အတူ ၁၀-၂-၂၀၂၀ ရက်မှ ၁၀-၃-၂၀၂၀ ရက်အတွင်း ဒဂုံအရှေ့စက်မှုဇုန်စီမံခန့်ခွဲရေးရုံး၊ ကနောင်ခန်းမ၊ အမှတ်(၂)လမ်းမကြီးနှင့် မဟာဗန္ဓုလလမ်းထောင့်သို့ ရုံးချိန်အတွင်း လာရောက်ဆက်သွယ်ပါရန်နှင့် ၁၀-၃-၂၀၂၀ ရက်အထိ လာရောက်ဆက်သွယ်ခြင်းမရှိပါက အိမ်ခန်းတွင်နေထိုင်ရန် စိတ်ဝင်စားခြင်းမရှိဟု ယူဆ၍ အခန်းနေထိုင်ခွင့်အား ဖျက်သိမ်းမည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားပါသည်။

**မဟာဗန္ဓုလအငှားအိမ်ရာ**
**အိမ်ခန်းနေရာစိစစ်ချထားရေးနှင့်ကြီးကြပ်မှုကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ် ၂၀၀၂၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဦးမြထွန်းအမည်ပေါက် ပါမစ်မြေကွက်အား ဦးကျော်အောင် (ဘ)ဦးချစ်မောင် ၅/ဆလက(နိုင်)၀၀၈၆၁၇ မှ ပျဉ်းမနားမြို့မြေတိုင်းချဲ့ရေးကော်မတီ၏ အိမ်ဝိုင်းကွက်တန်ဖိုးငွေသွင်းပြေစာမိတ္တူမှန်အရောင်းအဝယ်စာချုပ်၊ ဝယ်ယူပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၇/ဒက္ခိဏသီရိအရှေ့ရပ်)၊ မြေကွက်အမှတ်(ဒ-၂၁၆၂)၊ မြေဧရိယာ ၀ ဒသမ ၂၂၉ ဧကရှိ ဦးအောင်ကိုဦး (ဘ)ဦးအေးမောင် ၉/ပမန(နိုင်)၁၂၃၀၀၃ အမည်ပေါက်ပါမစ်မြေကွက်အား ဦးထက်ဦးခန့် (ဘ)ဦးကျော်မင်း ၉/ခအဇ(နိုင်)၀၂၂၈၀၀၆ မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၉/ဒက္ခိဏသီရိတောင်ရပ်)၊ မြေကွက်အမှတ်(ဒ-၃၂၉၂)၊ မြေဧရိယာ ၀ ဒသမ ၁၄၆ ဧကရှိ ဦးစိန်ဝင်း (ဘ)ဦးမြမောင် ၁၄/ပသန(နိုင်)၀၆၄၈၅၂ အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်ဝင်းနွဲ့နွဲ့ဖေ (ဘ)ဦးခင်မောင်ဖေ ၉/မရမ(နိုင်)၀၀၉၅၀၈ မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ဘောဂဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ် (၄၈၃၅)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဦးသန်းလွင်အမည်ပေါက် ပါမစ်မြေကွက်အား မြေပေးမိန့်ထုတ်ပေးရန် အမည်ပေါက်ဖြစ်သူ ဦးသန်းလွင် သေဆုံးသွားသောကြောင့် မောင်နှမများဖြစ်သော ဒေါ်မြင့်မြင့်ရွှေ (ဘ)ဦးအောင်ငြိမ်း ၉/ပမန(နိုင်)၀၁၂၂၂၂၊ ဒေါ်စန်းစန်းရင် (ဘ)ဦးအောင်ငြိမ်း ၉/ပမန(နိုင်)၀၁၂၁၄၀၊ ဒေါ်စန်းစန်းတင် (ဘ)ဦးအောင်ငြိမ်း ၉/ပမန(နိုင်)၀၁၂၂၅၇ တို့မှ မြေပေးစလစ်၊ ကျမ်းကျိန်လွှာအမှတ် (၁၁၉/၂၀၂၀)၊ သေဆုံးကြောင်းအထောက်အထားလက်မှတ်၊ ၎င်းမြေကွက်ကို ချထားပေးသည်မှာ မှန်ကန်ကြောင်း အသိသက်သေ(၃)ဦးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ဒေါ်မြင့်မြင့်ရွှေ (ပါ)၃ဦး ပိုင်ဆိုင်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး မြေပေးမိန့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသောအထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း (၃၅)ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး ဖိတ်ကြားလွှာ

အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း၏ သင်းလုံးကျွတ်နှစ်ပတ်လည်အစည်းအဝေးအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းဝင်များ မပျက်မကွက် ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ (သီးခြားဖိတ်စာမပို့ပါ)

**ကျင်းပမည့်ရက်** - ၂၃-၂-၂၀၂၀ ရက် (တနင်္ဂနွေနေ့)
**ကျင်းပမည့်အချိန်** - နံနက် ၈:၀၀နာရီ အကျွေးအမွေးဖြင့် ဧည့်ခံခြင်း။
နံနက်၉:၀၀နာရီအစည်းအဝေးစတင်ကျင်းပခြင်း။
**ကျင်းပမည့်နေရာ** - အကောက်ခွန်သင်တန်းကျောင်းခန်းမ၊ လမ်း (၅၀)၊ ဗိုလ်တထောင်မြို့နယ်။

**အလုပ်အမှုဆောင်အဖွဲ့**

## ပေါင်းတည်မြို့နယ်အသင်း (ရန်ကုန်) ၂၀၁၉ ခုနှစ် (၄၇)ကြိမ်မြောက် သင်းလုံးကျွတ်အစည်းအဝေး ဖိတ်ကြားလွှာ

ပေါင်းတည်မြို့နယ်အသင်း(ရန်ကုန်)၏ ၂၀၁၉ ခုနှစ် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်သဖြင့် အသင်းဝင်တိုင်းနှင့် ပေါင်းတည်မြို့နယ်သူ မြို့နယ်သားများ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ (သီးခြားဖိတ်စာမပို့ပါ။)

**ကျင်းပမည့်နေ့ရက်** - ၂၃-၂-၂၀၂၀ (တနင်္ဂနွေနေ့)
**ကျင်းပမည့်အချိန်** - နံနက် (၉:၀၀) နာရီ
**ကျင်းပမည့်နေရာ** - ခေတ္တရာအသင်းဓမ္မာရုံ၊ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်၊ ဓာတ်လှေကားအနီး

ပညာရည်ချွန်ဆုပေးပွဲအတွက် ၂၀၁၈/၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်သော အသင်းဝင်သား/သမီးများ အမှတ်စာရင်းမိတ္တူဖြင့်လည်းကောင်း၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်းစာမေးပွဲများတွင် (အေ)အဆင့်ဖြင့် အောင်မြင်သူ အသင်းဝင်သား/သမီးများ သက်ဆိုင်ရာကျောင်းအုပ်ကြီး၏ ထောက်ခံချက်ဖြင့်လည်းကောင်း အောက်ပါအမှုဆောင်များနှင့် နီးစပ်ရာအမှုဆောင်များထံသို့ ၁၆-၂-၂၀၂၀ ရက် နောက်ဆုံးထား၍ စာရင်းပေးပို့ရမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| ဦးအောင်မြင့် | ဥက္ကဋ္ဌ | ၀၉-၂၆၆၀၈၀၁၄၉ |
| ဦးတင်ရှိန် | ဒုဥက္ကဋ္ဌ | ၀၉-၇၆၈၀၅၂၈၈ |
| ဦးဇော်လွင်ထွန်း | အတွင်းရေးမှူး | ၀၉-၇၉၁၂၇၅၃၀၀ |
| ဦးကျော်မြင့် | ဘဏ္ဍာရေးမှူး | ၀၉-၇၈၃၉၄၄၅၈၈ |
| ဦးမင်းမင်းဇော် | တွဲ-အတွင်းရေးမှူး | ၀၉-၇၉၉၃၁၀၉၀၀ |
| ဒေါ်သန်းသန်းကြည် | ရုံးအဖွဲ့မှူး | ၀၉-၄၄၅၅၉၃၂၂၇ |
| ဦးမျိုးဆင့် | အမှုဆောင် | ၀၉-၄၂၉၃၀၀၄၃၆ |

**အမှုဆောင်အဖွဲ့**
**ပေါင်းတည်မြို့နယ်အသင်း(ရန်ကုန်)**

## သက်ဆိုင်သူများသို့ ကြိုတင်သတိပေးခြင်းနှင့် အများသိစေရန်ကြေညာချက်

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ကံလှကွက်သစ်နေ ဒေါ်ခင်သီတာအောင် ၁၂/မဂဒ(နိုင်)၁၂၉၀၃၇ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအသိပေး ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ၏ ဂုဏ်သိက္ခာကျဆင်းစေရန်နှင့် မိသားစုအတွင်း အနှောင့်အယှက်ပြု၍ ကျွန်ုပ်မိတ်ဆွေ၏ခင်ပွန်း၊ သား/သမီးများပါမကျန် ထိခိုက်နစ်နာစေသည့် အပြုအမူမျိုး ပြောဆိုခြင်းများဖြင့် အချို့သောသူများမှ Khin Thida Aung Facebook အကောင့်ဖြင့် လူမှုကွန်ရက်စာမျက်နှာပေါ်၌ ကျွန်ုပ်မိတ်ဆွေမှ အသုံးပြုသည့်အနေဖြင့် ပြုမူဆောင်ရွက်နေပြီး အခြားသူများ ထင်ယောင်ထင်မှားဖြစ်စေရန် ပြုမူပြောဆိုခြင်း လုပ်ရပ်များကို ကျွန်ုပ်မိတ်ဆွေမှ ခိုင်မာတိကျသည့်အထောက်အထားများ လက်ဝယ်ရယူထားပြီးဖြစ်ပါသည်။ သို့ပါ၍ သက်ဆိုင်သူများနှင့်တကွ မည်သူမဆို ကျွန်ုပ်မိတ်ဆွေ၏အမည်ဂုဏ်သိက္ခာနှင့် မိသားစုအတွင်း ထိခိုက်စေမည့်လုပ်ရပ်များကို မပြုလုပ်ရန်နှင့် တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်မို့မို့စိန်** | **ဒေါ်ဝေနှင်းခိုင်** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၂၈၀/၂၀၁၅)** | **အထက်တန်းရှေ့နေ(စဉ်-၄၇၄၀၀)** |
| **နေပြည်တော်၊ ၀၉-၄၃၀၁၅၇၄၈** | **နေပြည်တော်** |

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ စက်မှုဇုန်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၃/၅၉ စက်မှုဇုန်)၊ ဦးပိုင်အမှတ်(၇၃)၊ ဧရိယာ ၀ ဒသမ ၁၁၀ ဧကအား ဒေါ်သန်းလွင်အမည်ဖြင့် မြေငှားစာချုပ်(အသစ်)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အသစ်)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာခရိုင်၊ မုံရွာမြို့၊ မုံရွာတောင်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၆၇၀၊ ပိတောက်ပင်ကွင်း)၊ ဦးပိုင်အမှတ်(၇၉-ဃ)၊ ဧရိယာ ၀ ဒသမ ၀၇၃ ဧကရှိ ဦးမျိုးမြင့်၊ ဒေါ်စန်းဝေတို့အမည်ဖြင့် အမှုတွဲအမှတ် ၃၈၇/၁၉၉၇ အရ ၁၀-၂-၂၀၀၀ ရက်မှ ၉-၂-၂၀၃၀ ရက်ထိ နှစ်(၃၀)မြေငှားစာချုပ်ရရှိထားသောမြေကို ဦးမောင်မောင် ၅/မရန(နိုင်)၁၃၆၁၃၂၉အမည်ဖြင့် မြေငှားစာချုပ်(အမည်ပြောင်း)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန် စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အမည်ပြောင်း) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## အာစရိယပူဇော်ပွဲနှိုးဆော် ဖိတ်ကြားလွှာ

အထက(၂) မြစ်ကြီးနား ကျောင်းသား/ကျောင်းသူဟောင်းများ၏ ပဉ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၂၀ ပြည့်နှစ် မတ် ၂၈ ရက် (စနေနေ့)၊ နံနက် ၉ နာရီတွင် ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ပါသည်။

အငြိမ်းစား ဆရာ/ဆရာမကြီးများနှင့် ကျောင်းသား/ကျောင်းသူဟောင်းများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ပေးကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ထပ်တိုးဆရာ၊ ဆရာမကြီးများရှိပါက ကော်မတီသို့ ၂၀-၃-၂၀၂၀ နောက်ဆုံးထား၍ ဆက်သွယ်ပေးကြပါ။

AGD ဘဏ်စာရင်းအမှတ် - 3081220010889

အလှူငွေလှူဒါန်းလိုပါက
(၁) ဦးတိုးတိုး - ဖုန်း ၀၉-၂၄၀၁၁၄၉
(၂) ဦးယဉ်ထွေး - ဖုန်း၀၉-၄၀၀၀၅၅၂၆၉
(၃) ဒေါ်တင်မာချို - ဖုန်း ၀၉-၂၅၉၂၈၆၈၅၅

## ကျောက်တန်း အထက (၁+၂) ကျောင်းသား ကျောင်းသူဟောင်းများ၏ (၃၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာ

ကျောက်တန်း အထက(၁+၂) ကျောင်းသား ကျောင်းသူဟောင်းများ၏ (၃၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနားကို အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါ၍ ယခင် အပူဇော်ခံဆရာကြီး ဆရာမကြီးများ၊ ယခုထပ်မံပူဇော်မည့် လုပ်သက်(၃)နှစ်ပြည့် တာဝန်ထမ်းဆောင်ခဲ့သော အငြိမ်းစားဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူဟောင်းများ၊ မျိုးဆက်သစ် ကျောင်းသား/ကျောင်းသူများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်ရက်** - ၁၂-၂-၂၀၂၀ ရက် (ပြည်ထောင်စုနေ့)
**ကျင်းပမည့်အချိန်** - နံနက် ၁၀:၀၀ နာရီ
**ကျင်းပမည့်နေရာ** - သာသနာ့ဝေပုလ္လဓမ္မဗိမာန်တော် အသောကာရာမ ပရိယတ္တိစာသင်တိုက် ကျောက်တန်းမြို့

အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

၁။ ဆရာမကြီးဒေါ်မြင့်မြင့်စီ ဖုန်း-၀၉-၇၈၈၁၀၀၇၅၀
၂။ ဆရာဦးတင်ရှိန် ဖုန်း-၀၉-၅၀၀၀၀၁၈၆
၃။ ဒေါက်တာအောင်စည် ဖုန်း-၀၉-၇၉၉၄၃၀၃၂၅
၄။ ဒေါ်နီလာခိုင် ဖုန်း-၀၉-၇၆၅၁၈၃၉၄၂
၅။ ရောဝတီဘဏ် Account-0111202010039229

**မှတ်ချက်** - ယုဇနပလာဇာ (မြန်မာ့ရှေ့ဆောင်ဘဏ်ဘေး)မှ နံနက်(၈:၀၀) နာရီတွင် မော်တော်ယာဉ်ဖြင့် ကြိုဆိုပါမည်။

## ငြင်းချက်ထုတ်ရန်သမ္မန်စာ (တရားမကျင့်ထုံးကိုဓဥပဒေအမိန့် ၅၊ နည်းဥပဒေ- ၂၀) မန္တလေးခရိုင်တရားရုံး ၂၀၁၉ ခုနှစ် တရားမအထွေထွေမှုအမှတ်-၅၂

| | | |
|---|---|---|
| ဒေါ်မြင့်မြင့်အေး | **နှင့်** | ဒေါ်သီတာစိုး ပါ-၃ |
| **လျှောက်ထားသူ** | | **လျှောက်ထားခံရသူများ** |

အမရပူရမြို့နယ်၊ တောတွင်းကျေးရွာအုပ်စု၊ ထုံးဘိုတောင်ရွာတွင် နေထိုင်သူ အမှတ်(၂)၊ လျှောက်ထားခံရသူ ဦးတင်ဝင်း၊ အမှတ်(၃) လျှောက်ထားခံရသူ ဒေါ်မူမူအေး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ လျှောက်ထားသူ ဒေါ်မြင့်မြင့်အေးမှ ဝရမ်းခွာပေးစေလိုမှုဖြင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှိနေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၅ ရက် (၁၃၈၁ ခုနှစ် တပေါင်းလဆန်း ၃ ရက်) မွန်းမတည့်မီ ၉:၃၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ လျှောက်ထားသူ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် လျှောက်ထားသူက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၃ ရက်တွင် ဤရုံးတော်၏တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(တင့်တင့်ဌေး)**
**ဒုတိယခရိုင်တရားသူကြီး(၇)**
**မန္တလေးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်တော် ဦးနေမျိုးအောင် ၅/ယမပ(နိုင်)၀၄၇၅၃၆ မှ အောက်ဖော်ပြပါ အမှတ်တံဆိပ်များနှင့် အမှတ်အသားများကို တစ်ဦးတည်းမူပိုင်အဖြစ် လားရှိုးမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ တရားဝင်မှတ်ပုံတင်၍ မြန်မာနိုင်ငံတစ်ဝန်းတွင် သုံးစွဲမည်ဖြစ်ပါသည်။




ကျွန်တော်သည် အထက်ဖော်ပြပါ **ဟောင်းချစ်** အထူးစပါယ်ရှယ် ကြက်ဥမရွေးဟူသော ကုန်အမှတ်တံဆိပ်အမှတ်အသားများဖြင့် မြန်မာနိုင်ငံတစ်ဝန်းတွင် ထုတ်လုပ်၊ ရောင်းချ၊ သုံးစွဲသွားမည်ဖြစ်ပါသည်။

အထက်ပါအမည်၊ ကုန်အမှတ်တံဆိပ်အမှတ်အသားကို ကန့်ကွက်ရန်ရှိပါက မည်သူမဆို ယနေ့မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အထက်ပါကုန်အမှတ်တံဆိပ်များကို တရားဝင်မှတ်ပုံတင်သည့်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဦးနေမျိုးအောင် ၅/ယမပ(နိုင်)၀၄၇၅၃၆**
**ဖုန်း-၀၉-၄၇၃၂၇၄၁၈၊ ၀၉-၂၅၁၄၀၀၄၃၄**
**ရပ်ကွက်(၁)၊ နယ်မြေ(၉)၊ လားရှိုးမြို့**

## မိဘအမည်မှန်

ထီးချိုင့်မြို့၊ ဝိသာခါရပ်ကွက်နေ မောင်ဖြိုးဝေကျော်နှင့် မဆုလဲ့လဲ့နိုးတို့၏ မိဘအမည်မှန်မှာ ဦးကျော်ဆန်းဝင်း (ခ)ဦးဆန်းဝင်း ၅/ထခန(နိုင်)၀၃၄၂၀၅ နှင့် ဒေါ်ချောချော(ခ)ဒေါ်ညိုညို ၅/အတန(နိုင်)၀၄၇၃၁၈ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

ထီးချိုင့်မြို့ ကြက်သွန်ခင်းရွာ ဦးကျော်ငြိမ်း၏သမီး မယွန်းဝေသာ၏ မွေးသက္ကရာဇ်အမှန်မှာ ၈-၁၀-၁၉၉၀ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

ထီးချိုင့်မြို့ ကြက်သွန်ခင်းရွာ ဦးမြအောင်၏သမီး မဆုမွန်အောင်၏ မွေးသက္ကရာဇ်အမှန်မှာ ၂၀-၆-၁၉၈၈ ဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် အလက (တည်ဖိုကန်) စတုတ္ထတန်းမှ မကေမြတ်မှူး၏ မိခင်အမည်မှန်မှာ ဒေါ်အေးမြင့်မော် ၈/စလန(နိုင်)၁၆၉၂၂၀ ဖြစ်ပါကြောင်း။

**ဒေါ်အေးမြင့်မော်**

## ဖခင်အမည်မှန်

မကွေးမြို့၊ အထက(ခွဲ) ဆားစည့် Grade-6(သင်ရိုးသစ်)မှ မရတီဖူးပွင့်ဝေ၏ ဖခင်အမည်မှန်မှာ ဦးဝင်းစိုးထွန်း ၉/ဝတန(နိုင်)၁၀၂၈၆၃ ဖြစ်ပါကြောင်း။

**ဦးဝင်းစိုးထွန်း**

## အမည်မှန်

မိုးကောင်းမြို့ အမက-အိုးတန်း ပထမတန်းမှ (ဘ)ဦးခါးအောင် ၁/မကတ(နိုင်)၁၂၀၆၂၈ ၏သား မောင်ဆိုင်းလတ်အောင်၏ အမည်မှန်မှာ မောင်ဆိုင်းလတ် ဖြစ်ပါကြောင်း။

**မောင်ဆိုင်းလတ်**

## မိဘအမည်မှန်

မိုးကောင်းမြို့နယ် အထက (၁) သတ္တမတန်း(A)မှ မောင်ချမ်းမြေ့အောင်၏ မိဘအမည်မှန်မှာ ဦးပြည့်ဖြိုးကျော် ၁/မကတ(နိုင်)၁၀၀၇၁၇ နှင့် ဒေါ်ထက်ထက်အောင် ၁/မကတ(နိုင်)၁၀၂၅၄၄ ဖြစ်ပါသည်။

## ဖခင်အမည်မှန်

မိုးကောင်းမြို့နယ် မရမ်းကျေးရွာ ရပ်ကွက်(၅)နေ မမေရီဂျာဆိုင်းနန်၏ ဖခင်အမည်မှန်မှာ ဦးဂျာနော် ၁/မကတ(နိုင်)၀၇၁၄၉၀ ဖြစ်ပါသည်။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျောက်မဲမြို့ ရပ်ကွက်(၈)၊ နယ်မြေ(၂)၊ ထုံးဖိုရပ်နေ(ဘ) ဦးဆုဇေယျ၏ သမီး နန်းခမ်းဆွေ ၁၃/ကမန(နိုင်)၀၈၉၉၇၆ နှင့် နန်းခင်ဖြူသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျောက်မဲမြို့ ရပ်ကွက်(၈)၊ နယ်မြေ(၂)၊ ထုံးဖိုရပ်နေ (ဘ)ဦးမဟာ၏သား ကိုစောမြင့် ၁၃/သပန(နိုင်)၀၃၃၄၁၅ နှင့် ဦးခင်မောင်ညွှန့်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## အမည်ပြောင်း

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်နေ ဦးအောင်ဖြိုးဝေ၏သား မောင်စွမ်းရည်ဖြိုးအား မောင်စွမ်းမြတ်လင်းဟု ပြောင်းလဲခေါ်ပါရန်။

## တစ်ဦးတည်းဖြစ်ပါကြောင်း

စိုက်ပျိုးရေးဦးစီးဌာနမှ ဒေါ်တင်မြင့်သိန်း(စc-၄၂၅၉၉) ၁၂/လမန(နိုင်)၀၈၉၉၈၄ နှင့် ဒေါ်စုစုသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်တင်မြင့်သိန်း(ခ)ဒေါ်စုစု**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3E/9390 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

**မြတ်ဗောဓိ** ဗုဒ္ဓဂယာအဆင့်မြင့်ဘုရားဖူးအဖွဲ့ ခရီးစဉ်အားလုံး ခရိုက်ငြိမ်း

ခရီးစဉ်အားလုံး စရံငွေ - ၅၀၀၀၀ ကျပ် အပါအဝင်

**2020အထူး Promotion အစီအစဉ် (ညမောင်းခရီးစဉ်မပါ)**

သာသနာ့ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများ (30,000) ကျပ်လျှော့ပေးပါသည်။

| | | |
|---|---|---|
| Hotel 2 ည (8) ရက် ခရီး – 9.7 သိန်း | Mar - 19, 26 | |
| Hotel 3 ည (12) ရက် ခရီး – 10.7 သိန်း | Mar - 3 | ( အထူးခရီးစဉ် ) |
| Hotel 5 ည (15) ရက် ခရီး – 11.7 သိန်း | Mar - 3, 19 | |
| Hotel 3 ည (8) ရက် ခရီး – 10 သိန်း | Apr - 13 | |
| Hotel 3 ည (12) ရက် ခရီး – 11 သိန်း | Apr - 6 | ( အထူးခရီးစဉ်) |
| Hotel 5 ည (15) ရက် ခရီး – 12 သိန်း | Apr - 6 | |

(10) ဦးလျှင် (1) ဦး၊ (6) ဦး လျှင် (1) ဦး အား 20 % လျှော့ပေးပါသည်။

သက်န်း(၁၁)ထည်၊ ဆွမ်းဇွန်း၊ Simcard၊ Wifi၊ မြန်မာထမင်း/ဟင်း၊ အိတ်(၃)လုံး၊ ပုဝါ၊ ရင်ထိုး၊ ဦးထုပ်၊ ဘုရားစာအုပ်၊ အိပ်ယာခင်း၊ ခေါင်းအုံးစွပ်။

**ခရီးစဉ်အားလုံး ဝန်ဆောင်မှုအပြည့်အဝပါသည်။**

ရန်ကုန်ရုံးချုပ်။အမှတ်(၁၃၃၊၁၃၅၊၁၃၇)၊အခန်း(၃/အေ)၊လမ်း(၄၀)၊ကုန်သည်လမ်းနှင့်မဟာဗန္ဓုလလမ်းကြား၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။Ph : 09 49338595, 09 788304828, 09 263125261, 09 420134528

အင်္ဂလိပ်စာကို စနစ်တကျ ရေးသား တတ်မြောက်လိုသည့် အလယ်တန်း အထက်တန်းများအတွက်

**ဂုဏ်ထူးဦးအောင်ဒိုင်**

Grammar & Essay Class

သဒ္ဒါ + စာစီစာကုံး သင်တန်း

၆နွေ သင်တန်း

March 11

မြို့လယ် ၂၇၂ ပန်းဆိုးတန်း 01 8 252 919 | သုဝဏ္ဏ ပညာနန်းတော် 09 255 381 803

ဖော် SEVEN စံ

မြေကွက်များရောင်း/ဝယ်ရေး

ဒဂုံဆိပ်ကမ်း၊အရှေ့ပိုင်း၊

တောင်ပိုင်း၊ မြောက်ပိုင်း၊

(ရွှေပေါက်ကံမြို့သစ်)

အိမ်အရောက် ငွေပေးချေသည်။

"ပွဲခလုံးဝမယူပါ"။

09 - 670 670 810

09 - 670 670 820

ကလေးနာမည်ပေး ဆရာကြီး

**ရာဇာဇော်ဝင်း**

(LL.B.)(WIPO,DL-101Switzerland)

ကလေးနာမည်ပေးကင်ပွန်းတပ်အိမ်ရောင်းထွက်ဖို့ထိပေါက်မပေါက်

01-399426,01-394727,09-73009994,09-5152521

လူကြီးလိုရာမေးကိုယ်ဝန်ဆောင်ရက်ရွေး တိုက်အမှတ်(၉)၃ထပ်၊စဂုလမ်းမင်္ဂလာတောင်ညွန့်၊ရန်ကုန်မြို့

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် HH/3149 Toyota Probox NCP 50 Station Wagon (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးသန်းဇော်ငြိမ်း ၁၂/မရက(နိုင်)၁၂၆၂၂၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

AR YU INTERNATIONAL HOSPITAL

**ENDOSCOPY (GI Packages)**

စမ်းသပ်စစ်ဆေးပေးမည့်အစီအစဉ်များ

- အစာအိမ်လမ်းကြောင်းမှန်ပြောင်းကြည့်ရှုစစ်ဆေးခြင်း
- ဆေးရုံတွင်(၁)ညကြိုတင်နားနေ၍အစာအိမ်လမ်းကြောင်းမှန်ပြောင်း ကြည့်ရှုစစ်ဆေးခြင်း
- အူမကြီးလမ်းကြောင်းမှန်ပြောင်းကြည့်ရှုစစ်ဆေးခြင်း
- ဆေးရုံတွင်(၁)ညကြိုတင်နားနေ၍အူမကြီးလမ်းကြောင်း မှန်ပြောင်းကြည့်ရှုစစ်ဆေးခြင်း
- အစာအိမ်အူမကြီး(အပေါ်/အောက်)မှန်ပြောင်းကြည့်ရှုစစ်ဆေးခြင်း
- ဆေးရုံတွင်(၁)ညကြိုတင်နားနေ၍အစာအိမ်အူမကြီး (အပေါ်/အောက်)မှန်ပြောင်းကြည့်ရှုစစ်ဆေးခြင်း
- သည်းခြေလမ်းကြောင်းမှန်ပြောင်းကြည့်ရှုရောဂါရှာဖွေခြင်း
- အသက်ရှုလမ်းကြောင်းမှန်ပြောင်းကြည့်ရှုရောဂါရှာဖွေကုသခြင်း
- အစာအိမ်ရောဂါပိုး ရှိ/မရှိ လေမှုတ်စစ်ဆေးခြင်း

What's scarier a colonoscopy or cancer ? Colon cancer is the most beatable and preventable cancer if detected early.

အာယုအင်တာနေရှင်နယ်ဆေးရုံကြီး အမှတ် ၄၀၀၊ ကျိုက္ကဆံလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်။ (01) 937 6200



ဝမ်းနည်းကြေကွဲခြင်း
## ဦးအောင်ထူးမြင့်
### အဖွဲ့ဝင်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီ
### ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
### မကွေးတိုင်းဒေသကြီး၊ အောင်လံမဲဆန္ဒနယ်
### အသက်(၇၂)နှစ်

ပြည်သူ့လွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီအဖွဲ့ဝင်၊ မကွေးတိုင်းဒေသကြီး၊ အောင်လံမဲဆန္ဒနယ်၊ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထူးမြင့် အသက်(၇၂)နှစ်သည် ၆-၂-၂၀၂၀ရက် (ကြာသပတေးနေ့)ညနေ ၃:၅၂ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့်
ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ

---

ဝမ်းနည်းကြေကွဲခြင်း
## ဦးအောင်ထူးမြင့်
### အဖွဲ့ဝင်၊နိုင်ငံတကာဆက်ဆံရေးကော်မတီ
### ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
### မကွေးတိုင်းဒေသကြီး၊အောင်လံမဲဆန္ဒနယ်
### အသက်(၇၂)နှစ်

ပြည်သူ့လွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီအဖွဲ့ဝင်၊ မကွေးတိုင်းဒေသကြီး၊ အောင်လံမဲဆန္ဒနယ်၊ ပြည်သူ့ လွှတ်တော်ကိုယ်စား လှယ် ဦးအောင်ထူးမြင့် အသက်(၇၂)နှစ်သည် ၆-၂-၂၀၂၀ရက်(ကြာသပတေးနေ့)ညနေ ၃:၅၂နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ

---

အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးလှမြင့်
### ပါတီယူနစ်ဥက္ကဋ္ဌ၊ ဝမ်းတွင်းမြို့နယ်(ငြိမ်း)
### ဥက္ကဋ္ဌ(မြင့်မိသားစုကုမ္ပဏီလီမိတက်)၊ ဒါရိုက်တာအဖွဲ့ဝင် (မြန်မာစက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်-ငြိမ်း)
### အသက်(၈၅)နှစ်

ရန်ကုန်မြို့နေ(ဦးချိုမြင့်)(မြတ်နန်းယုံငွေရေးကြေးရေး ဝန်ဆောင်မှုကုမ္ပဏီလီမိတက်)-ဒေါ်စန္ဒာတို့၏ဖခင် မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊အမှတ်(ဃ/၂၃)၊ (၃)လမ်း၊ ကျွဲဆည်ကန်ရပ်နေ ဦးလှမြင့်သည် ၇-၂-၂၀၂၀ ရက်(သောကြာနေ့) နံနက် ၆:၅၀နာရီတွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဝန်ထမ်းများ
မြတ်နန်းယုံငွေရေးကြေးရေးဝန်ဆောင်မှုကုမ္ပဏီလီမိတက်

---

## မအေးမြတ်မွန်
### ပထမနှစ်(မြန်မာစာ)၊ကျောက်ဆည်(အဝေးသင်တက္ကသိုလ်)
### အသက်(၁၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပေါက်ကံမြို့နယ်၊ ဦးထွန်းရွှေ-(ဒေါ်ခင်မူ)၊ဦးထွန်းမြင့်-(ဒေါ်တင်လှ)တို့၏မြေး၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ပညာသိဒ္ဓိရပ်ကွက်၊ ခရေအိမ်ရာ၊ တိုက်(၆၃)၊ အခန်း(၀၁)နေ ဦးသိန်းထွန်း ဒုတိယညွှန်ကြားရေးမှူး၊ သတ္တုတွင်းဦးစီးဌာန)-ဒေါ်ချိုချိုထွန်းတို့၏ သမီး၊ မောင်ကောင်းသန့်စင်(ဆဋ္ဌမတန်း၊ အထက (၅)၊ နေပြည်တော်)၏ အစ်မ မအေးမြတ်မွန်သည် ၇-၂-၂၀၂၀ရက်(သောကြာနေ့)မွန်းလွဲ ၁:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၂-၂၀၂၀ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီ တွင် ကွေ့ကြီးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ပညာသိဒ္ဓိရပ်ကွက်၊ ခရေအိမ်ရာ၊ တိုက် (၆၃)၊ အခန်း(၀၁)နေ ဦးသိန်းထွန်း(ဒုတိယညွှန်ကြားရေးမှူး၊ သတ္တုတွင်းဦးစီးဌာန)-ဒေါ်ချိုချိုထွန်းတို့၏သမီး မအေးမြတ်မွန် အသက်(၁၉)နှစ်သည် ၇-၂-၂၀၂၀ရက်(သောကြာနေ့) မွန်းလွဲ ၁:၄၀နာရီတွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းမိသားစုများ
သတ္တုတွင်းဦးစီးဌာန

---

## အထူးဝမ်းနည်းကြေကွဲခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ပညာသိဒ္ဓိရပ်ကွက်၊ ခရေအိမ်ရာ၊ တိုက် (၆၃)၊ အခန်း(၀၁)နေ ဦးသိန်းထွန်း(ဒုတိယညွှန်ကြားရေးမှူး၊ သတ္တုတွင်းဦးစီးဌာန)-ဒေါ်ချိုချိုထွန်းတို့၏သမီး မအေးမြတ်မွန် အသက်(၁၉)နှစ်သည် ၇-၂-၂၀၂၀ရက်(သောကြာနေ့) မွန်းလွဲ ၁:၄၀နာရီတွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းမိသားစုများ
သတ္တုတွင်းဦးစီးဌာန၊ ဓာတ်သတ္တုဖွံ့ဖြိုးရေးဌာနခွဲ

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဦးကုသလ(ခ)ဦးဘိုးထွန်း(မာန်အောင်)
### သက်တော်(၉၀)၊ဝါတော်(၂၈)နှစ်

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့၊ ကအီးကျေးရွာနေ (ဦးဘိုးသာဦး-ဒေါ်ကျန်မ)တို့၏သား၊ ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့ နယ်၊ (၁၄)ရပ်ကွက်၊ (၉)လမ်း၊ အမှတ်(၁၁၄/၂)နေ ဒေါ်စိန်ရှင်၏ခင်ပွန်း၊ ဦးမြင့်စန်း-ဒေါ်မြတ်မြတ်မော်၊ ဦးကျော်စန်း(မြို့နယ်လျှပ်စစ် မန်နေဂျာ၊ ဒဂုံမြို့သစ်တောင်ပိုင်း)-ဒေါ်ထွေးယဉ်၊ ဦးဟန်မြင့်၊ ဦးအုန်းမြင့်-ဒေါ်နွယ်နီဝင်းတို့၏ မွေးသဖခင်၊ မြေးငါးယောက်တို့၏ အဘိုး သည် ၇-၂-၂၀၂၀ရက် နံနက်(၇:၂၀)နာရီတွင် အောင်ရတနာဆေးရုံ၌ ပျံလွန်တော်မူသွားပါသဖြင့် ၉-၂-၂၀၂၀ရက်(တနင်္ဂနွေနေ့)မွန်း တည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၃-၂-၂၀၂၀ရက်(ကြာသပတေးနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ရန်ရင်ရီ(ခ)ဦးနီ(သီပေါ)
### အသက်(၉၅)နှစ်

သီပေါမြို့နေ(ဦးလူဝ-ဒေါ်ချောက်တီ)တို့၏သား၊ (ဒေါ်သန်းကြည်)၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးအုံကြီး-ဒေါ်သန်းသန်းငွေ)၊ (ဦးစိန်မင်း)-ဒေါ်ခင်မာဝင်းတို့၏အစ်ကို၊ဦးဟန်တင်-ဒေါ်သင်းသင်းနိုင်၊ဦးတင်မောင်ဝင်း-ဒေါ်အေးအေးမြင့်၊ဦးသိန်းဝင်း-ဒေါ်မြင့်စိန်၊ဦးအောင်ကျော်ဝင်း-ဒေါ်ငွေငွေ၊ ဦးအောင်လွင်-ဒေါ်မိုးသူ၊ ဦးစံရှိန်-ဒေါ်နန်းခင်နုရီတို့၏ဖခင်၊ မြေး(၁၂) ယောက်၊ မြစ် နှစ်ယောက်တို့၏ ချစ်လှစွာသောအဘိုးသည် ၆-၂-၂၀၂၀ ရက် ည(၉:၀၅)နာရီတွင် မန္တလေးမြို့၊အမှတ်(၁၉၁)၊ ၂၉လမ်း၊ ၈၃x၈၄ လမ်းကြား နေအိမ်တွင် ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၂၀ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဗိုလ်ကြီးကြည်ဝင်း(ငြိမ်း)
### ကြည်း-၁၀၃၈၇
### ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၃၁)
### အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ နဝဒေးဥယျာဉ်အိမ်ရာ၊ ၁၅လမ်း၊ အမှတ်(၅၆/၉)နေ ဒေါ်ကြည်ကြည်(အထပြ-ငြိမ်း) ၏ ခင်ပွန်း၊ ဒေါ်စန္ဒာဝင်း၊ ဒေါ်သီတာဝင်း၊ ဦးသန့်ဇင်ဦး-ဒေါ်ဥမ္မာဝင်း၊ ဦးမျိုးသန်းထွန်း-ဒေါ်မေဦးစံ၊ ဦးမိုးသက်-ဒေါ်သန္တာဝင်းတို့၏ဖခင် ဗိုလ်ကြီးကြည်ဝင်း(ငြိမ်း)သည် ၅-၂-၂၀၂၀ရက်နံနက် ၇:၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃:၃၀နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၁၁-၂-၂၀၂၀ရက်(အင်္ဂါနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ ဗိုလ်တထောင်ဈေးလမ်း၊ အမှတ် ၇၈/၈၂၊ အခန်း အမှတ် ၄၀၁နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးလှမြင့်
### ပါတီယူနစ်ဥက္ကဋ္ဌ၊ ဝမ်းတွင်းမြို့နယ်(ငြိမ်း)
### ဥက္ကဋ္ဌ(မြင့်မိသားစုကုမ္ပဏီလီမိတက်)၊ ဒါရိုက်တာအဖွဲ့ဝင် (မြန်မာစက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်-ငြိမ်း)
### အသက်(၈၅)နှစ်

ရန်ကုန်မြို့နေ (ဦးချိုမြင့်)(မြတ်နန်းယုံကုမ္ပဏီလီမိတက်)-ဒေါ်စန္ဒာတို့၏ဖခင်၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမှတ် (ဃ/၂၃)၊ ၃လမ်း၊ ကျွဲဆည်ကန်ရပ်နေ ဦးလှမြင့်သည် ၇-၂-၂၀၂၀ရက်(သောကြာနေ့)နံနက် ၆:၅၀နာရီတွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဝန်ထမ်းများ
မြတ်နန်းယုံဟိုတယ်(နေပြည်တော်)

---

ဘုရား၊ ရဟန်း ၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးမောင်မြသိန်း(ခ)ဦးသိန်းမောင်(စစ်တွေမြို့)
### အသက်(၈၀)

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ခိုင်မာလာလမ်း၊ အမှတ် ၂၀၅၊ သီရိရတနာရိပ်သာနေ (ပွဲစားကြီး ဦးစောလှ-ဒေါ်ဦးစိန်)တို့၏သား၊ ဒေါ်လှလှမေ(မူ/အုပ်-ငြိမ်း)၏ခင်ပွန်း၊ (ဒေါ်ဦးခင်လှ)၊ ဦးထွန်းအောင်ဖြူ၊(ဦးစိန်ထွန်း)၊(ဦးစိန်ရွှေမောင်) ဒေါ်မစိန်လှ၊ ဒေါ်ခင်စော၊ ဒေါ်စောတင်လှတို့၏ ညီ/မောင်၊ ဒေါ်အေးခင်၊ (ဦးစိန်ဝင်း)၊ ဦးစံသိန်း၊ ဦးသန်းတင်တို့၏အစ်ကို၊ ဦးမောင်အေးသန်း-ဒေါ်ခင်မြဝင်း(KAT ကုန်စုံဆိုင်၊ စစ်တွေမြို့)၊ ပါမောက္ခ ဒေါက်တာနုနုအေး(ဓာတ်မှန်ပညာဌာန၊ မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီး)-ဦးကျော်ကျော်(C/E)၊ (ဦးမောင်စိုးသန်း)တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုး၊ မြစ်တစ်ယောက်တို့၏အဖီးရှင်သည် ၇-၂-၂၀၂၀ရက်(သောကြာနေ့)ညနေ ၄:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၂-၂၀၂၀ရက် (တနင်္ဂနွေနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။

(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၃-၂-၂၀၂၀ရက်(ကြာသပတေးနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးစောချစ်သိန်း(သထုံမြို့)
### နယ်ပိုင်ဝန်ထောက်(ငြိမ်း)
### အသက်(၉၇)နှစ်

သထုံမြို့နေ(ဦးစောသာဒွေး-ဒေါ်နော်အေး)တို့၏ မြေး၊ (ဦးစောထွန်းလင်း-ဒေါ်လှရွှေ)တို့၏ သားကြီး၊ (ဦးစောချစ်သန်း-ဒေါ်လှလှကျင်)၊ (ဦးစောထင်ကျော်)တို့၏အစ်ကိုကြီး၊ ဒေါ်ခင်စန်းမြင့်(ကျောင်းအုပ်ဆရာမကြီး၊ ငြိမ်း၊ အထက-၂၊ သထုံ)၊နော်ရှယ်လီသိန်း-ဦးစိန်သန်း၊ ဦးစောမင်းခိုင်-ဒေါ်မြင့်မြင့်သိန်း၊ ဗိုလ်မှူးကြီးကျော်နိုင်စိုး-ဒေါ်အေးအေးအောင်မြင့်သိန်းတို့၏ ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုး၊ မြစ်ငါးယောက်တို့၏ဘိုးဘိုးကြီး၊ (ဒေါ်ငွေသိန်း)၏ချစ်ခင်ပွန်းသည် ၆-၂-၂၀၂၀ ရက် (ကြာသပ တေးနေ့)ညနေ ၅:၂၀ နာရီတွင် အမှတ် ၅၅၃၊ ရွှေချောင်းလမ်း၊ သိမ်ကုန်းရပ်ကွက်၊ သထုံမြို့ နေအိမ်၌ ကွယ်လွန်သွား ပါသဖြင့် ၈-၂-၂၀၂၀ရက် (စနေနေ့)ညနေ ၃နာရီတွင် ဂေါ့သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုး မိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၀-၂-၂၀၂၀ရက်(တနင်္လာနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာကြီး
## ဦးလှမြင့် အသက်(၈၅)နှစ်
### ပါတီယူနစ်ဥက္ကဋ္ဌ၊ ဝမ်းတွင်းမြို့နယ်(ငြိမ်း)
### ဥက္ကဋ္ဌ(မြင့်မိသားစုကုမ္ပဏီလီမိတက်)
### ဒါရိုက်တာအဖွဲ့ဝင်(မြန်မာစက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်-ငြိမ်း)

ရန်ကုန်မြို့နေ(ဦးဘအုန်း-ဒေါ်ပျော့)တို့၏သားငယ်၊ ရန်ကုန်မြို့နေ(ဦးကြာညွှန့်-ဒေါ်စိန်တင်)တို့၏သားသမက်၊ မန္တလေးမြို့၊ ပြည်ကြီး တံခွန်မြို့နယ်၊ အမှတ်(ဃ/၂၃)၊ (၃)လမ်း၊ ကျွဲဆည်ကန်ရပ်နေ(ဦးချိုမြင့်)(မြင့်မိသားစုကုမ္ပဏီ)-ဒေါ်စန္ဒာ၊ ဒေါ်ခင်ခင်မြင့်(အထက-၁၆ -ငြိမ်း)၊ ဦးဇော်မြင့်(မြင့်မိသားစုကုမ္ပဏီ)-ဒေါ်မြပေါ်တိုး၊ ဦးကျော်ကျော်မြင့်(မြင့်မိသားစုကုမ္ပဏီ)-ဒေါ်ကြွယ်ကြွယ်၊ ဦးဝင်းမောင်(ရွှေ နန်းသစ်ဆောက်လုပ်ရေးကုမ္ပဏီ)-ဒေါ်စိုးစိုးမြင့်၊ ဒေါ်စန္ဒာမြင့်(အထက-၁၆၊ ငြိမ်း)၊ ဦးမင်းထွဋ်ဟန်(ဒုတိယအထွေထွေမန်နေဂျာ၊ မြန်မာကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း)-(ဒေါ်ဥမ္မာမြင့်)၊ Capt:ဇော်ဟိန်း(Wing Air Indonesia)-ဒေါ်ရီသန္တာမြင့်တို့၏ချစ်လှစွာသောဖခင်၊ မြေး ၁၀ယောက်တို့၏အဘိုး၊ ဒေါ်ရီရီညွှန့်၏ချစ်လှစွာသောခင်ပွန်းသည် ၇-၂-၂၀၂၀ရက် နံနက် ၆:၅၀နာရီတွင် ၉၆ပါး ရောဂါဖြင့် မန္တလေးမြို့၊ ပြည်သူ့ဆေးရုံကြီး၊ နှလုံးအထူးကုကြပ်မတ်ဆောင်(ICU)တွင် ကွယ်လွန်သွားပါသဖြင့် ၉-၂-၂၀၂၀ရက် မွန်းလွဲ ၂နာရီတွင် တောင်အင်းမြောက်အင်းသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၁၃-၂-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၉နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်ကြည်ကြည်သစ်
### အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံတောင်ရပ်ကွက်နေ (ဦးထွန်းကြည်-ဒေါ်တင်အေး)တို့၏သမီး၊ ဗိုလ်မှူးသိန်းဇော်(ငြိမ်း)အထွေထွေမန်နေဂျာ၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း၏ဇနီး၊ ဒုရဲအုပ်သိန်းလှိုင်ဦး (ဇလွန်မြို့မရဲစခန်း)-ဒေါ်မေစန္ဒာဇော် (တွဲဖက်မြို့နယ်တရားသူကြီး၊ မအူပင်မြို့နယ်)၊ မမေသီရိဇော်၊ မောင်ထက်အောင်လှိုင်တို့၏မိခင်သည် ၆-၂-၂၀၂၀ရက်တွင် Grand Hantha ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၂၀ရက်(စနေနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ် သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်မြင့်မြင့်စိန်
### အသက်(၆၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၃၄)လမ်း(အထက်)၊ အမှတ်(၁၆၉/၁၇၁)၊ ၄လွှာနေ (ဦးထွန်း-ဒေါ်ချစ်)တို့၏သမီး၊ ဦးထွန်းရီ၏ဇနီး၊ ဒေါ်လှရီ၊ ဒေါ်တင်တင်မြင့်တို့၏ညီမ၊ မငွေးဝင်း၊ ဒေါ်မြင့်မြင့်ခိုင်၊ ဒေါ်စန်းမြင့်၊ ဦးမျိုးလွင်မြင့်-ဒေါ်တင်ဇာလွင်၊ ဦးကျော်စိုးလွင်၊ ဦးအောင်ဖြိုးလင်းတို့၏ အဒေါ်သည် ၇-၂-၂၀၂၀ရက်(သောကြာ နေ့) နံနက် ၉:၁၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၂-၂၀၂၀ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၁၃-၂-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်စန်းမြင့်
### အသက်(၈၉)နှစ်

ပျော်ဘွယ်မြို့၊ မြို့မရပ်နေ(ဦးအောင်ကြီး-ဒေါ်ခင်ရွှေ)တို့၏ သမီး၊ (ဦးခဲပိန်-ဒေါ်သိန်းညွှန့်)တို့၏ သမီးချွေးမ၊ ဒေါ်စန်းစန်းဝင်း (လ/ထညွှန်မှူး-ငြိမ်း၊ စက်မှုဝန်ကြီးဌာန)၊ မန္တလေးမြို့(မေဓွန်ဆေးခန်း)Drခင်ဇော် -ဒေါ်စန္ဒာမြင့်၊ ဦးနေဝင်း-ဒေါ်ခင်လှ၊ (ဦးငွေးဝင်း)၊ ဒေါ်ထွေးထွေးဝင်း(ဒုညွှန်မှူး မိုး/ဇလရန်ကုန်)တို့၏မိခင်၊ မြေးသုံးယောက်၊ မြစ်သုံးယောက်တို့၏ ဘွားဘွားကြီးသည် ၇-၂-၂၀၂၀ရက်(သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၉-၂-၂၀၂၀ (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ပျော်ဘွယ်မြို့၊ အင်ကြင်းကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေ မျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊သိမ်၊ ကျောင်းဒါယကာကြီး
## ဦးလှမြင့်
### ပါတီယူနစ်ဥက္ကဋ္ဌ၊ ဝမ်းတွင်းမြို့နယ်(ငြိမ်း)
### ဥက္ကဋ္ဌ(မြင့်မိသားစုကုမ္ပဏီလီမိတက်)၊ ဒါရိုက်တာအဖွဲ့ဝင် (မြန်မာစက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်-ငြိမ်း)
### အသက်(၈၅)နှစ်

ရန်ကုန်မြို့နေ(ဦးချိုမြင့်)(မြတ်နန်းယုံကုမ္ပဏီလီမိတက်)-ဒေါ်စန္ဒာတို့၏ ဖခင်၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမှတ် (ဃ/၂၃)၊ (၃)လမ်း၊ ကျွဲဆည်ကန်ရပ်နေ ဦးလှမြင့်သည် ၇-၂-၂၀၂၀ရက် (သောကြာနေ့)နံနက် ၆:၅၀နာရီတွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဝန်ထမ်းများ
မြတ်နန်းယုံဟိုတယ်(မန္တလေး)

---

ခရစ်တော်၌အိပ်ပျော်ခြင်း
## ဒေါ်နွယ်(ခ)လုဒ်မေရီ
### အသက်(၅၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်နောက်ရပ်ကွက်၊ အမှတ်(၃၀)၊ ၈၉လမ်း၊ မြေညီထပ် ကန်တော်လေးနေ (ဦးJMဒေးဗစ်-ဒေါ်ရိုစီ)တို့၏ သမီးငယ်၊ (ဒေါ်အဲလစ်မေရီ)၊ ဒေါ်ရီတာ၊ ဒေါ်ဂျူးနီ၊ (ဒေါ်ကွန်းနီ)၊ ဦးစတီဗင်တို့၏ ညီမငယ်၊ ဦးလှမောင်၏ချစ်လှစွာသောဇနီး၊ မစုစုလှိုင်(Fellowship International Study Centre-Teacher)၏ မွေးသမိခင်ကျေးဇူးရှင် ဒေါ်နွယ် သည် ၇-၂-၂၀၂၀ရက်(သောကြာနေ့)နံနက် ၄ နာရီတွင် ရန်ကုန်ဆေးရုံကြီးတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၉-၂-၂၀၂၀ ရက် (တနင်္ဂနွေနေ့)မွန်းတည့် ၁၂နာရီတွင် ခရစ်ယာန်ရေဝေးသုသာန်သို့ပို့ဆောင်ဂူသွင်းမည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

# ဒုတိယသမ္မတ ဦးမြင့်ဆွေ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ (၁၂)ကြိမ်မြောက် အစည်းအဝေးနှင့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန်လွယ်ကူမှု တိုးတက်ရေးလုပ်ငန်းအဖွဲ့တို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ (၁၂) ကြိမ်မြောက် အစည်းအဝေးနှင့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန်လွယ်ကူမှု တိုးတက်ရေးလုပ်ငန်းအဖွဲ့တို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် *စာမျက်နှာ ၇ ကော်လံ ၁* ❑



ဒုတိယသမ္မတ ဦးမြင့်ဆွေ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ (၁၂) ကြိမ်မြောက် အစည်းအဝေးနှင့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန်လွယ်ကူမှု တိုးတက်ရေးလုပ်ငန်းအဖွဲ့တို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကိုရီးယားသမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ



**ရန်ကုန် ဖေဖော်ဝါရီ ၇**

ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့၌ ကျင်းပသည့် ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် လူသားဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကမ္ဘာ့ထိပ်သီး အစည်းအဝေးသို့ တက်ရောက်ခဲ့သည့် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့ ဒေသစံတော်ချိန် နံနက် ၁ နာရီ မိနစ် ၅၀ တွင် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုသည့် Lotte Hotel Seoul မှ အင်ချွန်းအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြရာ ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသန့်စင်၊

*စာမျက်နှာ ၃ ကော်လံ ၅* ❍

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူအား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။ သတင်းစဉ်

## ၂၀၂၀ ရာသီ MNL အမှတ်ပေးဘောလုံးပွဲ မြန်မာ့ရုပ်/သံမှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဖေဖော်ဝါရီ ၇**

၂၀၂၀ ရာသီ Myanmar National League(MNL) အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၅) ပွဲစဉ်များအနက် ဧရာဝတီ ယူနိုက်တက် FC အသင်းနှင့် စစ်ကိုင်းယူနိုက်တက် FC အသင်းတို့သည် ဖေဖော်ဝါရီ ၈ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါ ဘောလုံးပွဲစဉ်ကို မြန်မာ့ရုပ်မြင်သံကြား(MRTV)နှင့် MRTV Sports Channel တို့တွင် ယင်းနေ့ မွန်းလွဲ ၃ နာရီခွဲမှ စတင်ပြီး တိုက်ရိုက်(Live) ထုတ်လွှင့်ပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

